Upon his return to Cambodia, Reuters reported that Prak Sokhonn acknowledged criticism of his visit by anti-junta activists and described the situation in Myanmar as "very complicated" and said time would be necessary to find a solution to the crisis. The special envoy reportedly sought the release of prisoners of the coup regime including Australian economist Sean Turnell. Prak Sokhonn told Reuters that Min Aung Hlaing had told him he would consider a request to meet with Suu Kyi and other detainees on a future visit.

https://www.myanmar-now.org/en/news/asean-envoys-myanmar-trip-unsuccessful-leading-nld-member-says

-----------------------------------------------------------------------------------------------

## ASEAN envoy's one-sided engagement won't yield resolution, say observers

Analysts say Prak Sokhonn must meet with the NLD if he hopes to solve the Myanmar crisis.

By RFA's Myanmar Service | 2022.03.24

ASEAN Special Envoy Prak Sokhonn meets with junta leadership in Naypyidaw, March 21, 2022. Myanmar's military

ASEAN envoy Prak Sokhonn's one-sided engagement with the junta will never lead to a resolution of Myanmar's political crisis, analysts and politicians said Thursday after his first official visit to the country concluded without meeting key opposition leaders.

Prak Sokhonn, who is also the foreign minister of rotating ASEAN chair Cambodia, traveled to Myanmar from March 21-23 with the expressed goal of facilitating an end to the unrest that has engulfed the country since the military seized power in a Feb. 1, 2021, coup. However, after meeting with junta chief Snr. Gen. Min Aung Hlaing and other military leaders on Monday, the regime denied the envoy access to Aung San Suu Kyi, the detained head of the deposed National League for Democracy (NLD). Prak Sokhonn also did not meet with members of the shadow National Unity Government (NUG).

Political analyst Sai Kyi Zin Soe called the trip a "failed visit" that was unlikely to move the needle on the crisis.

"It shows [Cambodia] will not be able to resolve the issue even if they want to during their ASEAN leadership role," he said. "They won't be able to find an acceptable solution for all of us because they didn't meet all the people they should have. So, I don't see any positive outcome from this trip."

Prak Sokhonn's visit was highly anticipated by observers who say that leaders of the NLD, which won Myanmar's November 2020 election by a landslide, must be given a seat at the table for any negotiations on the country's political future.

Allowing the ASEAN envoy to meet with all stakeholders is a key stipulation of the Five-Point Consensus (5PC) agreed to by Min Aung Hlaing during an emergency gathering of the bloc in April last year. However, ASEAN operates under a policy of non-interference in the internal affairs of its member nations and such agreements are non-binding.

On Tuesday, Prak Sokhonn met with the chairman of the lesser-known opposition People's Party, Ko Ko Gyi, who urged him to pressure the junta on releasing the country's political prisoners and ending acts of violence against civilians.

Ko Ko Gyi characterized the meeting as a kind of progress and called for further dialogue. However, the People's Party does not enjoy nearly the same level of support as the NLD and is not expected to mount any real challenge in elections.

The envoy told reporters on Wednesday that he had personally asked Min Aung Hlaing for a meeting with Aung San Suu Kyi, who was arrested after the coup and faces several charges brought by the military. The junta chief refused the request, citing her ongoing trial.

Prak Sokhonn also acknowledged that the junta had failed to make any real progress on implementing the other points it agreed to in the 5PC, including ending the use of violence against civilians. He said ASEAN would refrain from inviting its representatives to bloc gatherings until it had done so — a policy that has been in place for months.

**Criticism of ASEAN**

Bo Hla Tint, NUG ambassador to ASEAN, criticized the bloc's resolutions as toothless and called for stronger measures.

"The junta does not respect nor implement the ASEAN consensus," said Bo Hla Tint, whose party reached out to Prak Sokhonn about a meeting ahead of his visit but received no answer. "It shows the junta that it is totally impossible for ASEAN to end the violence using such a weak approach to enforcing the current five-point agreement."

The NUG, which many people in Myanmar see as their only representative body, has held informal talks with ASEAN member states Indonesia, Malaysia, Singapore, Brunei and the Philippines, but has had no contact with Cambodia, the bloc's chair. The junta says the NUG has no authority and characterizes it as a terrorist organization.

ASEAN expert Daw Moe Thuzar said meeting with Myanmar's many political stakeholders is crucial to understanding the crisis from all angles.

"Cambodia will only be able to understand the various aspects of the current political crisis and help solve the issue if it holds dialogue with organizations such as the CRPH [Pyidaungsu Hluttaw Committee of Representatives] and NUG, which represent the people of Myanmar and our democracy," she said.

Repeated attempts by RFA to contact junta spokesman Maj. Gen. Zaw Min Tun for comment went unanswered on Thursday.

**Soldiers take part in a ceremony to mark the 73rd anniversary of the founding of the Karenni Army in Kayah state near Myanmar's border with Thailand, Aug. 17, 2021. Credit: RFA**

**Status of armed groups**

In the lead up to and during Prak Sokhonn's visit, sources reported a relative lull in clashes in Myanmar's remote border regions, where the junta has faced tough resistance since launching offensives against ethnic insurgents and branches of the prodemocracy People's Defense Force (PDF) paramilitary group loyal to the NUG.

But the lull followed what was described as overall intensified fighting throughout the month of March in the areas, which include Sagaing and Magway regions, as well as Chin,

Kayin and Kayah states, with rising civilian casualties and the mass displacement of residents fleeing the violence.

Many ethnic armies have been fighting against Myanmar's military since the country's 1948 independence. After the coup, several groups threw their support behind local PDF branches to battle junta troops.

Only 10 groups have signed a Nationwide Ceasefire Agreement with the government since 2015, when the document was inked in the presence of international observers and Myanmar's highest legislature.

The 10 groups suggested in June that the deal remains in place, despite an already flailing peace process that was all but destroyed by the unpopular junta's coup. However, they say they will not pursue talks with the military, which they view as having stolen power from the country's democratically elected government.

**Dialogue 'unlikely'**

Min Zaw Oo, the director of the Myanmar Institute for Peace and Security, said that given the current situation, it will only be possible for the NUG to enter negotiations after discussions between the junta and the ethnic groups that have signed the ceasefire agreement have taken place.

"At the moment, it is far from possible to talk to the [junta] for some forces, especially groups like NUG and the PDF," he said.

"Another question is whether the NUG holds enough influence over all the PDF groups in the country. Some of them are not even coordinating with the NUG and operate on their own, without a proper chain of command."

Political analyst Than Soe Naing agreed that a dialogue between all stakeholders is unlikely.

"In the past 70 years of fighting against the military, [the ethnic armies] were fighting separately from one another, in their own way," he said. "Now, most of the ethnic armed groups and PDF militias have joined hands and are fighting a civil war, so there is no room for negotiations."

According to the Assistance Association for Political Prisoners, a Thailand-based rights group, junta security forces have killed more than 1,700 civilians and arrested more than 9,900 since the military coup.

The United Nations Office for the Coordination of Humanitarian Affairs said earlier this week that more than 500,000 people have been displaced by fighting in the country since February 2021.

***Translated by Khin Maung Nyane. Written in English by Joshua Lipes.***

https://www.rfa.org/english/news/myanmar/engagement-03242022192746.html

------------------------------------------------------------------------------------------

## ‘Crimes against humanity’ after Myanmar coup warrant ICC referral, new report finds

An in-depth legal analysis of the events recommends the junta be tried in an international court.

By Joshua Lipes| 2022.03.24

Family members of a protester killed during a crackdown by security forces on demonstrations against the military coup escort their body outside a morgue as mourners hold up the three finger salute at Thingangyun Hospital in Yangon, March 15, 2021. AFP

In the six months after seizing power in a coup, Myanmar’s military regime committed widespread and systematic crimes against humanity, according to a damning new report that identified dozens of junta officials it said should be investigated for their alleged roles in the atrocities.

The 193-page report, entitled "Nowhere is Safe" and published Wednesday by the Southeast Asian rights group Fortify Rights and the Schell Center for International Human Rights at Yale Law School, draws on more than 120 testimonies and leaked documents to detail how the junta murdered, imprisoned, tortured, disappeared, forcibly displaced, and persecuted civilians for months following its Feb. 1, 2021 putsch.

The report provides some of the most in-depth legal analysis of the atrocities in the aftermath of the coup to date and asserts that they meet the standard required by The Hague-based International Criminal Court (ICC) to issue an arrest warrant. It comes a week after a U.N. report concluded that the Myanmar army was responsible for war crimes and crimes against humanity. The junta has yet to respond, but has previously dismissed such accusations as foreign interference based on falsehoods.

In a statement accompanying its release, U.N. Special Rapporteur on the situation of human rights in Myanmar Tom Andrews said that Fortify Rights and the Schell Center had compiled key evidence that could one day be used to deliver justice to the junta’s victims.

“Published just days prior to the first anniversary of the Armed Forces Day Massacre, this report provides the international community a better understanding of the junta’s crimes, the individuals responsible, and their battalions’ locations in relation to attacks,” said Andrews, Robina Senior Fellow at the Schell Center, and author of the foreword to the report.

“This pivotal report on the junta’s horrendous crimes can help guide efforts to ensure accountability,” he added, calling on United Nations member states to “ensure accountability for these ongoing atrocities.”

**Myanmar's military ruler Min Aung Hlaing presides over an army parade on Armed Forces Day in Naypyitaw, Myanmar, March 27, 2021. Reuters**

On March 27, 2021, Myanmar's security forces killed more than 100 pro-democracy protesters in the bloodiest day since the coup, as the junta staged a show of might on its annual Armed Forces Day. In the nearly 14 months since seizing power, authorities have

killed at least 1,700 civilians and arrested more than 9,870 – mostly during peaceful anti-junta protests, according to the Assistance Association for Political Prisoners, a human rights organization based in Thailand.

**Officials identified**

In their report, Fortify Rights and the Schell Center identified 61 senior military and police officials they said are potentially liable for crimes against humanity, including junta chief Snr. Gen. Min Aung Hlaing, Deputy Commander in Chief Vice Senior General Soe Win, and the Joint Chief of Staff General Mya Tun Oo. The men are also responsible for what the U.S. Biden administration on Monday determined to be genocide and crimes against humanity against the Rohingya in Rakhine state in 2016 and 2017.

Other military and police suspects identified in the report are 19 Regional Commanders of the Police Force, 13 Regional Commanders from the military, and 27 other senior officials from the junta.

Only 20 of the 61 officials have been sanctioned by at least one government, according to Fortify Rights and the Schell Center.

“All individuals responsible for these crimes should be sanctioned and prosecuted,” said Matthew Smith, Chief Executive Officer at Fortify Rights and co-author of the report.

“Governments should revamp and calibrate their foreign policies to support the people of Myanmar in ending the military’s attack. Governments should acknowledge the [shadow] National Unity Government of Myanmar, end weapons transfers to the military, and create conditions to ensure international jurisdiction over these crimes.”

The report also provides new details of the junta’s chain of command during the crackdown, including Min Aung Hlaing’s establishment of a “Special Command” in Naypyidaw, led by four senior generals, that had sole authority to deploy and command troops in civilian areas.

Active-duty military personnel critical of junta rule helped Fortify Rights and the Schell Center to establish the locations of 1,040 military units nationwide in their report, which could be used by prosecutors and policymakers geo-locate alleged perpetrators vis-a-vis crime scenes throughout the country.

In addition to collecting testimonies, Fortify Rights collected 1,153 data points of open-source information about specific incidents of human rights violations uploaded by Myanmar citizens.

**A policeman points his weapon at people amid a crackdown on anti-junta protesters in Shan state's Taunggyi city, Feb. 28, 2021. Credit: AFP**

**Call for global response**

In its examination of the evidence, the Schell Center found that from February to July 2021, forces under the junta’s command conducted “a widespread and systematic attack directed against a civilian population with knowledge of the broader attack.” Based on its

findings, “there are reasonable grounds to believe that the junta committed crimes against humanity” as defined by the Rome Statute, the international treaty that led to the establishment of the ICC.

Among 28 recommendations made in their report, Fortify Rights and the Schell Center called on governments to ensure international justice for past and ongoing atrocity crimes Myanmar and to push the U.N. Security Council to refer the situation there to the ICC.

The report also urged U.N. Security Council member states to support a resolution to impose a global arms embargo on the Myanmar military – a recommendation U.N. Special Rapporteur Andrews made to the council in a report last month, saying that weapons purchased by the junta are almost certainly being used to kill innocent people.

Additionally, the report said governments should impose targeted sanctions against military-owned enterprises and block the junta’s access to natural gas revenues and access to financial services.

“The Myanmar military poses a threat to international peace and security,” said Roger Polack, Schell Center Visiting Human Rights Fellow and co-author of the report.

“The Security Council must live up to its mandate to respond to such threats—and must discharge its responsibility to protect—by putting forward a resolution that imposes the recommendations in this report.”

Polack said that absent action by the council, its member states should coordinate a similar response.

“Without a concerted effort to stop ongoing atrocities and to hold the junta accountable for the crimes it has committed to date, the junta will undoubtedly continue to persecute its opponents, murder civilians, and devastate the social, health, and economic well-being of Myanmar,” he said.

https://www.rfa.org/english/news/myanmar/report-03242022042420.html

---------------------------------------------------------------------------------------------

## တာဝန်ခံမှု ရှိသော တော်လှန်ရေးဖြစ်ရန် လိုသည်

ဒက်စမွန် | 24 March 2022

လူတိုင်းဟာ အမှားမကင်းသကဲ့သို့ နွေဦးတော်လှန်ရေးတွင် ပါဝင်ဆောင်ရွက်နေသူများသည်လည်း အမှားများ ကျူးလွန်မိတတ်မည် ဖြစ်သည်။ သို့သော် ထိုသို့ ကျူးလွန်မိတတ်သည့် အမှားများကို မည်သို့ မည်ပုံ ဖြေရှင်း၍ ရှေ့ဆက်မည်လဲဆိုသည်က အခရာကျသော အချက်ဖြစ်သည်။

အမှားကို ပြင်ဆင်၍ နောက်ထပ်မမှားရန် ဆင်ခြင်ရမည်ဖြစ်သည်။ အထူးသဖြင့် လက်နက်ကိုင်၍ တော်လှန်ရေး ဆင်နွှဲနေကြသည့် အစုအဖွဲ့များ အနေဖြင့် မိမိတို့၏ အမှားသည် နောက်ဆက်တွဲ ဆိုးကျိုးများစွာ ရှိတတ်သောကြောင့် ပို၍ ဆင်ခြင်ရမည် ဖြစ်သည်။

*မိမိတို့ အစုအဖွဲ့အသီးသီး အနေဖြင့် "တာဝန်ယူမှု၊ တာဝန်ခံမှု" ကို တည်ဆောက်မြှင့်တင်ရင်း တော်လှန်ရေးခရီး ရှေ့ဆက်ကြရမည်ဖြစ်သည်။ ထို့အတွက် တော်လှန်ရေးကာလ "တာဝန်ယူမှု၊ တာဝန်ခံမှု" ၏ အရေးပါမှုကို မီးမောင်းထိုးပြလိုပါသည်။*

မိမိတို့ အစုအဖွဲ့အသီးသီး အနေဖြင့် "တာဝန်ယူမှု၊ တာဝန်ခံမှု" ကို တည်ဆောက်မြှင့်တင်ရင်း တော်လှန်ရေးခရီး ရှေ့ဆက်ကြရမည်ဖြစ်သည်။ ထို့အတွက် တော်လှန်ရေးကာလ "တာဝန်ယူမှု၊ တာဝန်ခံမှု" ၏ အရေးပါမှုကို မီးမောင်းထိုးပြလိုပါသည်။

တာဝန်ယူမှု တာဝန်ခံမှုဆိုသည်မှာ

တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုသည်က လုပ်ပိုင်ခွင့်ပါဝါ ရှိသူများ မိမိတို့မှာ ရှိသည့် လုပ်ပိုင်ခွင့်ပါဝါကို တာဝန်သိသိ အသုံးပြုခြင်းဟု အရိုးရှင်းဆုံး ဆိုနိုင်သည်။

လက်ရှိ အခြေအနေတွင်တော့ တချို့လုပ်ပိုင်ခွင့်များက အများပြည်သူက အပ်နှင်းထားခြင်း ဖြစ်ပြီး တချို့သော လုပ်ပိုင်ခွင့်များကမူ မိမိတို့ဘာသာ ကြိုးစား အားထုတ်ရင်း လူအများက လိုက်ပါကူညီလာ၍၊ သဘောတူ၍ လုပ်ပိုင်ခွင့် ရှိနေခြင်းမျိုး ဖြစ်နိုင်သည်။

လုပ်ပိုင်ခွင့် ပါဝါရယူထားသူများ အနေဖြင့် မိမိတို့ လုပ်ဆောင်မှုများအတွက် ရှင်းလင်း အဖြေပေးနိုင်ရမည် ဖြစ်သည်။ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိခြင်းဆိုသည်က "လက်သည်" တရားခံရှာ၍ အပြစ်ပေး အရေးယူသည်ထက် ပိုသည်။

သမားရိုးကျ အစိုးရ ဖွဲ့စည်းမှုမဟုတ်သော၊ ဗဟိုမှသည် အောက်ခြေ ရပ်ကျေးအဆင့်ထိ အဆင့်ဆင့် အုပ်ချုပ်ရေး လမ်းကြောင်း မခိုင်မာ၊ မတိကျသေးသည့် ကာလတွင် တာဝန်ယူမှု၊ တာဝန်ခံမှုသည် မည်သူ့ထံတွင် ရှိနေသည်လဲ ဝိဝါဒ ကွဲပြားတတ်သည်။ သူယူမလိုလို၊ ငါယူမလိုလိုနှင့် ကြားထဲတွင် ဟနေတတ်သည်။

ထို့ကြောင့် လက်ရှိအနေအထားကို အဆင့်သုံးဆင့်ဖြင့် ခွဲခြားကြည့်နိုင်မည်ဟု ယူဆသည်။

အဆင့်တစ်အဖြစ် မြေပြင်တွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရန်ပုံငွေရှာ၊ လက်နက်တပ်ဆင်၍ ရွေးကောက်ခံထားသည့် မည်သည့် အဖွဲ့အစည်းကိုမျှ တာဝန်မခံသည့် ဒေသတွင်း ကာကွယ်ရေးတပ်ဖွဲ့များနှင့် ၎င်းတို့ကို ထောက်ပံ့ကူညီပေးနေသည့် ရန်ပုံငွေရှာသော ထောက်ပို့ အဖွဲ့အစည်းများဟု မြင်နိုင်သည်။

၎င်းတို့ အနေဖြင့် အများပြည်သူ၏ ထည့်ဝင်မှုဖြင့် ရရှိလာသော ရန်ပုံငွေများကို ကိုင်တွယ်သုံးစွဲရသည်။ ထိုရန်ပုံငွေများသည် "အများပြည်သူအား ကာကွယ်ရန်" အတွက် ရည်ရွယ်အသုံးပြုရန် ထည့်ဝင်ကြခြင်း ဖြစ်သည်။

*ဒေသတွင်း ကာကွယ်ရေးတပ်ဖွဲ့များအနေဖြင့် မိမိတို့ တတ်စွမ်းသမျှ ကာကွယ်ရေး လုပ်ငန်းများကို လုပ်ကိုင်ကြရသည်။ မိမိကိုယ်ကိုယ် တာဝန်သိစွာ တာဝန်ယူနေခြင်း ဖြစ်သော်လည်း အများပြည်သူတို့အပေါ် တာဝန်ခံရန် တာဝန်ရှိလာခြင်းကို ရှောင်လွှဲ၍ မရနိုင်ပေ။*

ထို့အတွက် ဒေသတွင်း ကာကွယ်ရေးတပ်ဖွဲ့များအနေဖြင့် မိမိတို့ တတ်စွမ်းသမျှ ၎င်း ကာကွယ်ရေး လုပ်ငန်းများကို လုပ်ကိုင်ကြရသည်။ မိမိကိုယ်ကိုယ် တာဝန်သိစွာ တာဝန်ယူနေခြင်း ဖြစ်သော်လည်း အများပြည်သူတို့အပေါ် တာဝန်ခံရန် တာဝန်ရှိလာခြင်းကို ရှောင်လွှဲ၍ မရနိုင်ပေ။

အဆင့်နှစ်အဖြစ် အမျိုးသား ညီညွတ်ရေး အစိုးရ လက်အောက်ခံ (သို့မဟုတ်) တိုင်းရင်းသား တော်လှန်ရေး တပ်များ၏ လက်အောက်ခံအဖြစ် ဆောင်ရွက်နေသော ပြည်သူ့တော်လှန်ရေး၊ ပြည်သူ့ကာကွယ်ရေး (ပကဖ) များနှင့် ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များ ဖြစ်သည်။

ဤနေရာတွင် အမျိုးသား ညီညွတ်ရေး အစိုးရလက်အောက်ခံ ပြည်သူ့ကာကွယ်ရေး (ပကဖ) များနှင့် ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များကို အဓိကထားလိုသည်။ ၎င်းတို့ ဖွဲ့စည်းမှုတွင်မူ ကိုယ်စားပြုမှု၊

ရွေးချယ်တာဝန်ပေးမှုများ ပါဝင်လာသည်။ တနည်းအားဖြင့် “အလုပ်တာဝန်နှင့် ဝတ္တရား” အတိအကျ ပါရှိလာပြီ ဖြစ်သည်။

ထို့အတွက် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ပါဝါများ ရရှိလာပြီ ဖြစ်သည့်အတွက် ပြည်သူသို့ တာဝန်ခံရန် လိုအပ်မည်ဖြစ်သည်။

တတိယနှင့် အမြင့်ဆုံး အဆင့်တွင်မူ အမျိုးသားညီညွတ်ရေး အစိုးရ (NUG)၊ ထို့နောက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) တို့ရှိမည်။ ၎င်းတို့တွင် ရွေးကောက်ပွဲမှတဆင့် ပြည်သူများက အပ်နှင်းလိုက်သည့်တာဝန် (Mandate) ရှိသည်။

ထို့အပြင် အမျိုးသားလူမျိုးစု အစုအဖွဲ့များနှင့် နယ်ပယ်စုံမှ အစုအဖွဲ့များ၏ ကိုယ်စားလှယ်များပါ ပါဝင်နေသည့်အတွက် စုံလင်သော ကိုယ်စားပြုမှုများ ရှိနေပြန်သည်။ ထိုသို့ ကိုယ်စားပြုမှုများသည် တာဝန်ယူမှုနယ်ပယ်ကို ကျယ်ပြန့်စေသည်။

NUG ဘာကြောင့် တာဝန်ယူမှု တာဝန်ခံမှု လိုအပ်သလဲ

ဤနေရာတွင် နွေဦးတော်လှန်ရေး၏ တပ်ဦးဟု ဆိုရမည့် NUG ၏ တာဝန်ရှိမှုကို အထူးဆန်းစစ်လိုသည်။ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရ တရပ်အနေဖြင့် အပြန်အလှန် ထိန်းကျောင်းမှု စနစ်အောက်တွင် တာဝန်ခံမှု တာဝန်ယူမှုကို ပြသရန် လိုအပ်သည်။

*တော်လှန်ရေး အစိုးရတရပ်အတွက် ပို၍ပင် လိုအပ်သော တာဝန်ခံမှုစနစ်နှင့် ထိန်းကျောင်းခြင်းကို မည်သည့် အဖွဲ့အစည်းက မည်သို့မည်ပုံ လုပ်ရမည်ကလည်း တော်လှန်ရေး အင်အားစုများအကြား တိကျရှင်းလင်းစွာ လက်ခံထားရန် လိုအပ်နေဆဲဟု ဆိုနိုင်သည်။ သို့မဟုတ် အများပြည်သူ ရှုထောင့်မှ မမြင်ရဟု ဆိုချင်သည်။*

သို့သော် တော်လှန်ရေး အစိုးရတရပ် ဖြစ်နေခြင်း၊ အစိုးရအဖွဲ့အား ထိန်းကျောင်းရမည့် လွှတ်တော်တရပ် ပီပီပြင်ပြင် မရှိခြင်းက အစိုးရ အဖွဲ့ဝင်များ၏ တာဝန်ခံနိုင်မှု အနေအထားကို မေးခွန်းထုတ်ရန် လိုအပ်လာသည်။

CRPH နှင့် NUCC အနေဖြင့် အစိုးရတာဝန်များကို မည်သို့ ထိန်းကျောင်းပေးနေသည် ဆိုသည်ကလည်း အများပြည်သူများအတွက် မရှင်းလင်းလှပေ။

တော်လှန်ရေး အစိုးရတရပ်အတွက် ပို၍ပင် လိုအပ်သော တာဝန်ခံမှုစနစ်နှင့် ထိန်းကျောင်းခြင်းကို မည်သည့် အဖွဲ့အစည်းက မည်သို့မည်ပုံ လုပ်ရမည်ကလည်း တော်လှန်ရေး အင်အားစုများအကြား တိကျရှင်းလင်းစွာ လက်ခံထားရန် လိုအပ်နေဆဲဟု ဆိုနိုင်သည်။ သို့မဟုတ် အများပြည်သူ ရှုထောင့်မှ မမြင်ရဟု ဆိုချင်သည်။

အလစ်ဟာဆုံး အချက်အနေဖြင့် ဆိုလျှင် ပြည်သူများကိုယ်စား အစိုးရတရပ်အား မေးခွန်းထုတ် မေးမြန်း၍ တာဝန်ခံစေသော အနေအထား တရပ် ပျောက်ဆုံးနေခြင်း ဖြစ်သည်။

တချို့သော အစိုးရဝန်ကြီးများ အနေဖြင့် လူမှုကွန်ရက်များမှ တဆင့် ပြည်သူနှင့် တိုက်ရိုက်ဆက်ဆံသည့် လမ်းကြောင်းများ အသုံးပြုနေသည်ကို တွေ့ရသည်။ သို့သော်လည်း ၎င်းနည်းနာ၏ အားနည်းချက်အဖြစ် ၎င်းတို့ကို ပုဂ္ဂိုလ်ရေးအရ အားပေးအားမြှောက် ပြုနေသည့် လော်ဘီများဖြင့်သာ ဝန်းရံခံရပြီး အလုံပိတ် အခန်းထဲရောက်နေသကဲ့သို့ ဖြစ်ကာ လက်တွေ့အခြေအနေများနှင့် ကင်းကွာနိုင်သည့် ဘေးအန္တရာယ်လည်း ရှိနေသည်။ လက်တွေ့အနေအထားကလည်း ထိုအခြေအနေကို ညွှန်ပြနေသည့် အလားအလာများ မြင်နေရသည်။

NUG နှင့် ပတ်သက်၍ ပြည်သူများ အဝေဖန်ဆုံး၊ မေးခွန်း အထုတ်ဆုံးက ရရှိလာသည့် ဘက်ဂျက်အသီးသီးကို မည်သို့မည်ပုံ စီမံသုံးစွဲနေသည်လဲ ဖြစ်သည်။ ၎င်းနှင့် ဆပ်စပ်၍ ရရှိလာသည့် ဘဏ္ဍာငွေများနှင့် ကာကွယ်ရေး တပ်ဖွဲ့များအား လက်နက်တပ်ဆင်ရန် မည်သို့ ကြိုးပမ်းနေသလဲ ဆိုတာ ဖြစ်သည်။

လုံခြုံရေးနှင့် ကာကွယ်ရေး ကိစ္စဖြစ်၍ အများပြည်သူကို အသေးစိတ် ထုတ်ပြန်ရန် မသင့်သော်လည်း အများပြည်သူ ကိုယ်စား စစ်ဆေးကြပ်မတ်မည့် ကော်မတီတရပ် (သို့မဟုတ်) အဖွဲ့အစည်း တခု ရှိမနေခြင်းက အားနည်းချက် ဖြစ်နေသည်။ သာမန်ကာလ အစိုးရများကဲ့သို ဘက်ဂျက်ဆွဲ၊ စိစစ်၊ ထုတ်ပြန်၊ သုံးစွဲ စသည့် လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်၍မရသည်ကို နားလည်နိုင်သော်လည်း ဤအချက်ကြောင့် တာဝန်ခံမှုကိုလည်း ဖော်ဆောင်စရာ မလိုအပ်ဟုတော့ ပြော၍မရပေ။

ပြည်သူ လှူဒါန်းမှုမှ ယနေ့အထိ ဒေါ်လာသန်း ၃၀ ကျော် ရရှိခဲ့ပြီး ၈၅ ရာခိုင်နှုန်းကို လက်နက်ဝယ်ယူမှုနှင့် ထုတ်လုပ်မှုအတွက် သုံးစွဲခဲ့ကြောင်း၊ ၇ ရာခိုင်နှုန်းကို ခုခံတွန်းလှန်စစ် အတွက် မဟာမိတ်များနှင့် အခြား လိုအပ်သည့် အသုံးစရိတ်များအတွက် မျှဝေ သုံးစွဲခဲ့ကြောင်းကို ကာကွယ်ရေးဝန်ကြီးက ထုတ်ပြောထားသည်ကိုမူ တွေ့ရသည်။

သို့သော် ထိုသို့သော အချက်အလက်များလောက်ဖြင့် ပြည်သူများ အာသာပြေမည် မထင်။

*တော်လှန်ရေးကာလ၏ အရေးကြီးဆုံး ဝန်ကြီးဌာနဖြစ်သော ကာကွယ်ရေး ဝန်ကြီးဌာန၏ အမျိုးမျိုး အပြားပြားသော ဒေသခံကာကွယ်ရေး တပ်ဖွဲ့များနှင့် ပကဖများအပေါ် ထိန်းကွပ်နိုင်မှုက ပို၍ အရေးကြီးသည်မှာ ထင်ရှားလာသည်။*

နောက်တချက် အနေဖြင့် တော်လှန်ရေးကာလ၏ အရေးကြီးဆုံး ဝန်ကြီးဌာနဖြစ်သော ကာကွယ်ရေး ဝန်ကြီးဌာန၏ အမျိုးမျိုး အပြားပြားသော ဒေသခံကာကွယ်ရေး တပ်ဖွဲ့များနှင့် ပကဖများအပေါ် ထိန်းကွပ်နိုင်မှု ဖြစ်သည်။ ဤအချက်က ပို၍ အရေးကြီးသည်မှာ ထင်ရှားလာသည်။

NUG ၏ လုပ်ဆောင်နိုင်မှုအပေါ် မူတည်၍ အထက်တွင် ဆိုခဲ့သည့် အဆင့်သုံးဆင့်စလုံး၏ တာဝန်ခံမှုသည် တိုးတက် ပြောင်းလဲလာမည် ဖြစ်သည်။ သို့သော်လည်း အဆင့်တိုင်းတွင် ပါဝင်သူများက “တာဝန်ခံမှု” ရှိရန် လိုအပ်မည် ဖြစ်သည်။

ထင်ရှားသည့် နမူနာအနေဖြင့် နှစ်ခုကို ထုတ်ပြလိုသည်။

တော်လှန်ရေး အဖွဲ့တဖွဲ့သည် မီဒီယာများနှင့် စကားကျအောင်၊ ဟိတ်ဟန် ကောင်းကောင်းနှင့် အင်တာဗျူး ဖြေသည်၊ မသိမသာ အလှူခံသည်။ ထို့နောက် အလှူငွေများ ဒလဟော ဝင်လာသည်။ သို့သော် မကြာမီပင် အလှူငွေများကို အလွဲသုံးစားလုပ်သည့် သတင်းများက တပ်ဖွဲ့အတွင်း အစည်းပြေသည့်အခါ အပုပ်နံ့ ထွက်လာတော့သည်။

ဤသို့ သတင်းများသည် မကြားချင်မှအဆုံး ဖြစ်သည်။ တချို့ကတော့ အတုဖြစ်သည်။ ခါးသက်စွာဖြင့် လက်ခံလိုက်ရသည့် အမှန်ဖြစ်ရပ်များစွာလည်း ရှိသည်။ ပြည်သူများထံမှ မူးစုပဲစုဖြင့် အလှူခံပေးရသော ထောက်ပို့များ ရင်ကျိုးရသည်။

ဒုတိယ နမူနာက လက်ရှိ နာမည်ကြီးနေသည့် ယင်းမာပင် မြို့နယ်မှ ကာကွယ်ရေး တပ်ဖွဲ့အချင်းချင်း ဇာတ်တူသား စားမှုဖြစ်သည်။ အထွေအထူး ရှင်းပြရန် လိုမည်မထင်။ သို့သော် ပြည်သူတို့ ရင်ကွဲကြရသည်။

ဘာကြောင့် တာဝန်ယူမှု စနစ်ကို အာရုံစိုက် တည်ဆောက်ဖို့ လိုအပ်တာလဲ

အထက်က ပြောခဲ့သည့် ဥပမာ နှစ်မျိုးသည် “လက်နက်နှင့် လုပ်ပိုင်ခွင့် အာဏာ” ရှိသူများအနေဖြင့် အချိန်မရွေး အလွဲသုံးစား လုပ်နိုင်သည် ဟူသော ကောက်ချက်ကို ခိုင်ခိုင်မာမာ ပေးသည်။ ပြည်သူများ၏ ယုံကြည်အားကိုးမှုကို အလွဲသုံးစား လုပ်၍ ၎င်းတို့ ကိုယ်ကျိုးစီးပွားနှင့် အရှိန်အဝါအတွက် အသုံးချနေခြင်းသည် အလွန်ပင် အန္တရာယ်များလှသည်။

နွေဦးတော်လှန်ရေးသည် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှု၊ ပြည်သူတို့၏ တခဲနက် ထောက်ခံမှုဖြင့် အရှိန်အဟုန်မပျက် ရှေ့ဆက်နေသည်။ ဤကဲ့သို့ အလွဲအသုံးချမှုများကို မကိုင်တွယ် မဖြေရှင်းနိုင်ပါက တော်လှန်ရေး အဖွဲ့အစည်းများ၏ “ယုံကြည်စိတ်ချရမှု” ကို ပျက်ပြားစေပြီး ပြည်သူ့ထောက်ခံမှု လျော့နည်းစေနိုင်သည်။

*လက်နက်ကိုင် တော်လှန်ရေးသည် လူ့အသက်များ (အထူးသဖြင့် လူငယ်များ၏ အသက်များ) ဖြင့် ရင်းနှီးလုပ်ကိုင်ရသောကြောင့် အဆုံးအရှုံးကို ပိုပြီး ကြီးမားစေသည်။ အဖွဲ့အစည်း တချို့၏ တာဝန်ခံမှု ကင်းမဲ့သော လုပ်ရပ်၊ အားနည်းချက်များကို ရန်သူက "ဝါဒဖြန့်လက်နက်" အဖြစ် အသုံးချကာ စည်းလုံးမှုကို ဖြိုခွင်းနိုင်သေးသည်။*

ထို့အပြင် လက်နက်ကိုင် တော်လှန်ရေးသည် လူ့အသက်များ (အထူးသဖြင့် လူငယ်များ၏ အသက်များ) ဖြင့် ရင်းနှီးလုပ်ကိုင်ရသောကြောင့် အဆုံးအရှုံးကို ပိုပြီး ကြီးမားစေသည်။ အဖွဲ့အစည်း တချို့၏ တာဝန်ခံမှု ကင်းမဲ့သော လုပ်ရပ်၊ အားနည်းချက်များကို ရန်သူက "ဝါဒဖြန့်လက်နက်" အဖြစ် အသုံးချကာ စည်းလုံးမှုကို ဖြိုခွင်းနိုင်သေးသည်။

လက်ရှိ အနေအထား စိန်ခေါ်မှုများ

အဆင့်ဆင့် တာဝန်ခံမှုကို အကောင်အထည် ဖော်ရန်အတွက် ထိပ်ဆုံးမှ NUG တွင် တာဝန်ရှိသည် မှန်သော်လည်း လက်တွေ့ အခက်အခဲများစွာလည်း ရှိနေသည်ကိုလည်း အသိအမှတ်ပြုရမည်။

ဘဏ္ဍာရေး ရှာဖွေရေး လမ်းကြောင်းများသည် တစုတစည်းတည်း မရှိဘဲ အဆင်ပြေသလို လုပ်နေကြရသည်။ လက်နက်ကိုင် LPDF များ အားလုံးသည်လည်း NUG ၏ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်တွင် ရှိမနေပြန်ပေ။ လက်ရှိ တိုက်ပွဲဝင်နေသည့် တပ်ဖွဲ့အားလုံး၏ ၉၀ ရာခိုင်နှုန်းသည် MOD နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပြီဟု ဒီဇင်ဘာလကတည်းက ကာကွယ်ရေး ဝန်ကြီးက ပြောထားခဲ့သော်ငြားလည်း အားကောင်းကောင်း ချိတ်ဆက် ဆောင်ရွက်နိုင်မှုအရကတော့ ယခုထက် ပိုအားထုတ်ရဦးမည့် သဘောဖြစ်သည်။

ထိုသို့ ချိတ်ဆက်မှုများ ရှိလာလျှင်ပင် ထိုယန္တယားကြီးကို လည်ပတ်စေရန် ငွေနှင့် အခြားသော အရင်းအမြစ်များလည်း လိုပြန်သေးသည်။

ဘာတွေ လုပ်ဖို့ လိုမလဲ

NUG အနေနှင့် ဤကိစ္စများအတွက် တာဝန်ခံမှု ရှိလာစေရေး ကြီးကြပ်သည့် လုပ်ငန်းစဉ် တရပ်ကို စတင် အကောင်အထည် ဖော်သင့်သည်မှာ အချိန်ပင် နှောင်းနေပြီဟု ဆိုချင်သည်။

လက်ရှိ ယင်းမှာပင် ကာကွယ်ရေး တပ်ဖွဲ့များ အချင်းချင်း ဖြစ်သည့် ပြဿနာကို စုံစမ်းစစ်ဆေးရေးဖွဲ့က ကိုင်တွယ်နေခြင်းသည် ကြိုဆိုရမည် ဖြစ်သည်။ သို့သော် ပြဿနာများ ပေါ်လာသည့် နောက်မှ လိုက်လံဖြေရှင်းခြင်းထက်၊ ကြိုတင်ကာကွယ် ပြင်ဆင်သည့် နည်းလမ်းများကိုလည်း မဖြစ်မနေ စတင်သင့်ပြီ ဖြစ်သည်။

ဘဏ္ဍာငွေ ရှာဖွေကူညီကြသည့် ထောက်ပို့ အဖွဲ့များအတွက်မူ ဗဟိုမှ စနစ်တကျ ချိတ်ဆက်ဆောင်ရွက် ပေးသည့် စနစ်တခု၊ လုံခြုံရေးအရ စနစ်တကျ စိစစ်မှုနှင့် လိုအပ်လာလျှင် အရေးယူဆောင်ရွက်နိုင်မည့် နည်းဥပဒေများ၊ စည်းမျဉ်းများ ထုတ်ပြန်မှုတို့ လိုအပ်မည်။

ဤနေရာတွင် ကိုယ့်ဘာသာ အလှူခံသည့်ကိစ္စကို ဘာကြောင့် NUG က ကိုင်တွယ်ရန် လိုသလဲဆိုသည်ကိုတော့ မတွေဝေစေချင်။ ၎င်းအလှူခံသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည်လည်း အများပြည်သူ၏ အရင်းအမြစ်များကို ကိုင်တွယ်အသုံးပြုရသူများ ဖြစ်သောကြောင့် တာဝန်ခံမှုလိုအပ်သည်။

လက်နက်ကိုင် တပ်ဖွဲ့များအတွက်မူ နိုင်ငံတကာ စစ်ဥပဒေများ၊ အခြေခံ လူ့အခွင့်အရေးများ ပိုမို သိရှိလာအောင် ဝိုင်းဝန်း မြှင့်တင်ခြင်း၊ ကျင့်ဝတ်များကို အားပေးမြှင့်တင်ခြင်းနှင့် အလွဲအမှားများ ဖြစ်ပေါ်လာပါက ပြတ်ပြတ်သားသား အရေးယူ ဆောင်ရွက်ခြင်းတို့ လိုအပ်မည်ဖြစ်သည်။

*ဤနေရာတွင် NUG နှင့် အရပ်ရပ်သော ကာကွယ်ရေးတပ်ဖွဲ့များ အတုယူရမည်မှာ အရပ်သား ၂၅ ယောက် သတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ ဗိုလ်ချုပ်စောနယ်ဒါးမြဲအပေါ် KNU ၏ ကိုင်တွယ် အရေးယူခဲ့မှုဖြစ်သည်။ ထိပ်တန်းခေါင်းဆောင်ပင် ဖြစ်သော်လည်း "တာဝန်ခံမှု" လိုအပ်ပုံကို ပေါ်လွင်စေခဲ့သည်။*

ဤနေရာတွင် NUG နှင့် အရပ်ရပ်သော ကာကွယ်ရေးတပ်ဖွဲ့များ အတုယူရမည်မှာ အရပ်သား ၂၅ ယောက် သတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ ဗိုလ်ချုပ်စောနယ်ဒါးမြအပေါ် KNU ၏ ကိုင်တွယ် အရေးယူခဲ့မှုဖြစ်သည်။ ထိပ်တန်းခေါင်းဆောင်ပင် ဖြစ်သော်လည်း "တာဝန်ခံမှု" လိုအပ်ပုံကို ပေါ်လွင်စေခဲ့သည်။

တာဝန်ခံမှု၊ တာဝန်ယူမှု လုပ်ငန်းစဥ်တရပ် ပီပီပြင်ပြင် ဖြစ်ပေါ်လာရန်အတွက် အစိုးရတဖွဲ့တည်းဖြင့် မတတ်နိုင်သောကြောင့် အများပြည်သူ ပါဝင်ရန် အရေးကြီးသည်။ အများပြည်သူက ၎င်းတို့ မျက်မြင်ကိုယ်တွေ့ ကြုံရသည့် အလွဲသုံးစားမှုများ၊ မတရားမှုများကို အကြောင်းအကျိုး ခိုင်ခိုင်လုံလုံဖြင့် တိုင်ကြားခွင့်ရရန် အရေးကြီးသည်။

အပြန်အလှန်အားဖြင့် အများပြည်သူများ အနေဖြင့်လည်း နှုတ်ဆိတ်မနေဘဲ၊ အဆင့်အသီးသီး၏ တာဝန်ခံမှုကို အားကောင်းလာစေဖို့အရေး ပူးပေါင်းပါဝင်ရန် လိုအပ်သည်။

တာဝန်ခံမှုရှိသည့် ယဥ်ကျေးမှုသစ်ဆီသို့

နွေဦးတော်လှန်ရေးသည် အပြစ်လုပ်သော်မှ အရေးယူမခံရသည့် အစဥ်အလာ (Culture of Impunity) ကြောင့် လူသတ် အကြမ်းဖက်နေသည့် စစ်အာဏာရှင်ကို တော်လှန်နေသည် ဆိုခြင်းကို အစဥ် သတိချပ်ဖို့ လိုပါမည်။

တိုင်းပြည်အတွက် မကောင်းသည့် အလေ့အကျင့် အစဥ်အလာများ မိမိတို့ တော်လှန်ရေး အင်အားစုများတွင် မကျင့်သုံးမိစေရန် အလွန်ပင် အရေးကြီးပေသည်။

အမှန်မှာမူ ဤအချက်များသည် အသစ်အဆန်းများမဟုတ်။ ကာကွယ်ရေး ဝန်ကြီးဌာန၏ ကာကွယ်ရေး မူဝါဒများတွင် အခြေခံမှုများအဖြစ် ဖော်ပြထားရှိပြီး ဖြစ်သည်။ အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန်သာ လိုသည်။ လိုလည်း လိုအပ်နေပြီဟု ဆိုချင်ပါသည်။

*(ဒက်စမွန်သည် မြန်မာနိုင်ငံသား နိုင်ငံရေး လေ့လာသုံးသပ်သူ တဦးဖြစ်သည်။)*

https://burma.irrawaddy.com/opinion/viewpoint/2022/03/24/250827.html

-----------------------------------------------------------------------------------------------------------

## ရန်ကုန် မြို့ပြတိုက်ပွဲများကို အရှိန်မြှင့်သွားမည်ဟု တော်လှန်ရေး အဖွဲ့များဆို

By ဧရာဝတီ | 24 March 2022

ရန်ကုန်အခြေစိုက် တော်လှန်ရေးအဖွဲ့များ ပူးပေါင်းပြီး မြို့ပြတိုက်ပွဲများကို အရှိန်မြှင့်တင်၍ စစ်ကောင်စီကို တိုက်ခိုက် သွားမည် ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ တော်လှန်ရေးအဖွဲ့များက မတ်လ ၂၂ ရက်က ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်ကို ရန်ကုန်မြို့နယ် အသီးသီးရှိ အခြေစိုက် ကာကွယ်ရေး တပ်ဖွဲ့များ၊ ပြောက်ကျား တပ်ဖွဲ့များနှင့် မဟာမိတ်အဖြစ် ပူးပေါင်းကာ စစ်ကောင်စီကို အမြစ်ပြတ် ချေမှုန်း တိုက်ခိုက်နိုင်ရန်အတွက် ဖွဲ့စည်းလိုက်သည့် အဖွဲ့ ၁၁ ဖွဲ့က ကြေညာလိုက်ခြင်း ဖြစ်သည်။

ရန်ကုန်အခြေစိုက် တော်လှန်ရေး အဖွဲ့တခုဖြစ်သည့် Secret Underground Foreces (S.U.F) အဖွဲ့က "ကျနော်တို့ အနေနဲ့ ရန်ကုန်မြို့ UG တပ်မဟာတခု အနေနဲ့ ဖွဲ့စည်းထားပြီးပါပြီ ခင်ဗျ။ ဘယ်လောက်အထိ လုပ်ဆောင်လာ နိုင်မလဲ ဆိုတာနဲ့ ပတ်သတ်ပြီး အပိုင်းတွေတော့ ခွဲပြီး လုပ်ဆောင်သွားမှာပါ ခင်ဗျ။ အဓိက ကတော့ ကျနော်တို့အနေနဲ့ ပြန့် ကျဲနေတဲ့ UG အင် အားစုတွေကို တပေါင်းတစည်းထဲ ဖြစ်ဖို့ ရည်ရွယ်ခဲ့ပါတယ်" ဟု ပြောသည်။

ယခုကဲ့သို့ အဖွဲ့အစည်းများ မဖွဲ့စည်းခင် အချိန်ကလည်း မြေအောက်အင်အားစု မဟာမိတ်အဖွဲ့များမှ မူလ စုဆောင်းပြီးသားရှိသည့် ပစ္စည်းများနှင့် လုပ်ဆောင်မှုများလည်း ရှိခဲ့ကြောင်းနှင့် သေချာသည့် စုဖွဲ့မှုတခု ခိုင်မာမှ သာလျှင် ယခုကဲ့သို့ အသိပေးရခြင်း ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယခုကဲ့သို့ ဖွဲ့စည်းထားသည့် အဖွဲ့များအနေဖြင့် NUG နှင့် တိုက်ရိုက်ချိတ်ဆက် လုပ်ကိုင်နေသည့် အဖွဲ့အစည်း များလည်း ပါဝင်ပြီး ယုံကြည်ရသည့် အဖွဲ့များအား စုပေါင်းလိုက်ဖြစ်ခြင်းကြောင့် တခြားသော ကာကွယ်ရေး အဖွဲ့အစည်းများအနေဖြင့်လည်း ပူးပေါင်းကြရန်လည်း ဖိတ်ခေါ်ထားသည်။

မဟာမိတ်အဖြစ် ပူးပေါင်းဖွဲ့စည်းလိုက်သည့် အဖွဲ့များမှာ Wolf Warriors STF(WWSTF)၊ God's Hand Forces (GHF)၊ Thongwa Youth Force (TYF)၊ Kyauktan PDF (KPDF)၊ Scorpion Forces Underground (SFU)၊ Bahan's Guerrilla Force (B-PDF)၊ Secret Underground Force- Kyauktan (SUF-Kyauktan)၊ Burmese Final Revolution Armed Forces (BFRAF)၊ ဒို့ရိုးရာ ညီနောင်ပြောက်ကျားတပ်ဖွဲ့ (DYY)၊ Special Nway Oo (SNO) နှင့် Thaketa's Urban Guerrilla Force (TUGF) တို့ ဖြစ်သည်။

အဆိုပါ မဟာမိတ်အဖွဲ့ အနေဖြင့် ရှေ့ဆက်မည့် လုပ်ငန်းများကိုလည်း မကြာခင်မှာ အချိန်အတောအတွင်း အကောင် အထည်ဖော်သွားမည် ဖြစ်ကြောင်း၊ တတ်စွမ်းသမျှ လူသူ လက်နက် ပေါင်းစည်းကာ ထိရောက်သည့် နည်းလမ်း များဖြင့် စစ်တပ်ထောက်တိုင်များကို ဆက်လက်ချေမှုန်း တိုက်ခိုက်သွားမည် ဖြစ်ကြောင်း အသိပေးထားသည်။

လက်ရှိတွင်လည်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များ စခန်းချနေထိုင်ရာ ရဲစခန်းများ၊ မြို့နယ်ခန်းမများ၊ အုပ်ချုပ်ရေးမှူး ရုံးများနှင့် စစ်ကောင်စီ သတင်းပေး (ဒလန်) များ တိုက်ခိုက်မှုများမှာ ခပ်စိပ်စိပ် ဖြစ်ပွားလျက်ရှိပြီး ဆက်လက်၍လည်း လက်ရှိ လုပ်ဆောင်နေသည့် အရှိန်ထက် ပိုတိုး၍ တိုက်ခိုက်သွားမည် ဖြစ်ကြောင်း မဟာမိတ်အဖွဲ့တွင် ပါဝင်သည့် တော်လှန်ရေးအဖွဲ့တချို့က အသိပေးထားသည်။

စစ်ကောင်စီဘက်ကမူ ရန်ကုန်မြို့ အပါအဝင် မြို့များ၌ ညမထွက်ရအမိန့် ယခင် ၁၀ နာရီအစား ယခု ၁၂ နာရီမှ မနက် ၄ နာရီအထိ ပြောင်းလဲသတ်မှတ်လိုက်ကြောင်း မတ်လ ၂၂ ရက်တွင် ထုတ်ပြန်ထားသည်။

ထို့ပြင် လာမည့် သင်္ကြန်ကာလတွင် ရန်ကုန်နှင့် မြို့ကြီးများ၌ သင်္ကြန်ပွဲတော်ကို စည်ကားစွာ ပြုလုပ်နိုင်ရန် ပြင်ဆင်နေ သည့် အပြင် ပြီးခဲ့သည့် မတ် ၁၅ ရက်ကပင် စစ်ကောင်စီ၏ ကျန်းမာရေး ဝန်ကြီးဌာနက ကိုဗစ် အတည်ပြုလူနာသစ် တွေ့ရှိမှု ကျဆင်းလာသည် ဟုဆိုကာ ဘာသာရေးဆိုင်ရာ အခမ်းအနားများနှင့် သာရေး/ နာရေးဆိုင်ရာ ကိစ္စရပ်များ အတွက် မတ် ၁၆ ရက်မှစ၍ လူ ၄၀၀ ဦးအထိ စုဝေးခွင့်ပြုကြောင်း ထုတ်ပြန်ခဲ့သည်။

တော်လှန်ရေးအင်အားစုတခုမှ ကိုမင်းဒင်က "စစ်ကောင်စီက သင်္ကြန်ကို စည်အောင် လုပ်နေတာတွေက ပြည်သူတွေ ကို အာရုံလွှဲ နေတာပါ။ ဒါက ပြည်သူတွေကို တံတိုင်းတခု ခံလိုက်တဲ့ သဘောပါပဲ။ သူတို့တွေ တိုက်ခိုက်ခံရမှာကို အရမ်း ကြောက်နေကြပါပြီ။ ကျနော်တို့အနေနဲ့ ပြည်သူတွေကို မှာချင်တာကတော့ သင်္ကြန်ကာလမှာ အရမ်းပူပါ လိမ့်မယ်။ အတတ်နိုင်ဆုံး အိမ်ထဲမှာနေကြပါလို့ပဲ ပြောချင်ပါတယ်" ဟု ပြောသည်။

ပြီးခဲ့သည့် မတ်လ ၈ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကန်ရိပ်သာလမ်းရှိ ခရိုနီ ဦးစိုးလှိုင် ပိုင်ဆိုင်သည့် Brave Bar အပါအဝင် ဘားတချို့ကို ရန်ကုန်မြို့ ကာကွယ်ရေး အင်အားစုများမှ ဗုံးခွဲ တိုက်ခိုက်ခဲ့ပြီး ဗုံးပေါက်ကွဲမှုကြောင့် အဆောက်အုံ တချို့နှင့် ကားအချို့ ထိခိုက်ပျက်စီးခဲ့သည်။

မတ်လ ၉ ရက်တွင်လည်း ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် ခန်းမ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မတ်လ ၁၉ ရက် ညပိုင်းတွင်လည်း ရွှေပြည်သာမြို့နယ် ရဲစခန်းနှင့် မြို့နယ်ခန်းမတို့ကို မြို့ပြ ပြောက်ကျားအဖွဲ့များက ၄၀ မမ ဗုံးသီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။

https://burma.irrawaddy.com/news/2022/03/24/250836.html

--------------------------------------------------------------------------------------------------------

## ကသာမြို့နယ် တိုက်ပွဲတွင် စစ်ကောင်စီတပ်သား ၃ ဦးသေဆုံးဟု မြို့လှ PDF ပြော

By မဇ္ဈိမ | 24 March 2022

*Photo : CJ*

စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်အတွင်း ခြေလျင်စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်သားများအား မြို့လှ PDF အဖွဲ့မှ တိုက်ခိုက်ရာ စစ်ကောင်စီတပ်သား သုံးဦးထက်မနည်းသေဆုံးကာ အများအပြားဒဏ်ရာရသည်ဟု သိရသည်။

ယနေ့ မတ်လ ၂၄ ရက် နံနက် ၇ နာရီ ၂၀ မိနစ်ခန့်တွင် အထက်ဝဲကြီးရွာသို့ ခြေလျှင်စစ်ကြောင်း ထိုးလာသည့် အင်အား ၄၅ ဦးခန့်ပါ စစ်ကောင်စီတပ်စစ်ကြောင်းအား မြေနုကျွန်းအနီး လမ်းခုလတ်တွင် ဒေသကာကွယ်ရေးတပ်ဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မြို့လှ PDF က ထုတ်ပြန်ထားသည်။

"ဗိုလ်သာလိကာ ဦးဆောင်သော ဒေသကာကွယ်ရေးတပ်သည် စကစ(စစ်ကောင်စီတပ်ဖွဲ့)၏ ခြေလျင်စစ်ကြောင်းအား မိုင်း နှစ်လုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး 79 လက်ထောက်ကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ စကစ(စစ်ကောင်စီ) ဘက်မှ သုံးဦးထက်မနည်းသေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့သည်" ဟု တိုက်ပွဲအခြေအနေအား မြို့လှ PDF အဖွဲ့က ထုတ်ပြန်ရေးသားထားသည်။

"မိုင်းဆွဲခံလိုက်ပြီး သူတို့အလောင်းကောက်သွားတယ် ။ နယ်မြေခံတွေ မြင်ကြတယ်ခင်ဗျ ။ ဒဏ်ရာရတဲ့သူတွေရောပေါ့။ တံတားကူးတဲ့နေရာဆိုတော့ သွားလမ်းကတစ်ခုထဲဆိုတော့ အသေအချာမိုင်းကွင်းထဲရောက်လာတာ" ဟု စစ်ကောင်စီတပ်သားများ သေဆုံးပုံနှင့် ဒဏ်ရရပုံကို မြို့လှ PDF ရဲဘော်တစ်ဦးက မဇ္ဈိမကိုပြောသည်။

တိုက်ပွဲကြာချိန် ၁၀ မိနစ်ခန့်ဖြစ်ပွားပြီး စစ်ကောင်စီတပ်ဘက်မှလည်း ပြန်လည်ပစ်ခတ်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒေသကာကွယ်ရေးတပ်များ အထိခိုက်မရှိ အောင်မြင်စွာ ပြန်လည်ထွက်ခွာနိုင်ခဲ့ကြောင်းလည်း မြို့လှ PDF က ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

တိုက်ပွဲဖြစ်ပွားရာ အထက်ဝဲကြီးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်အတွင်းရှိ ဇရာဝတီမြစ်နံဘေးတွင်တည်ရှိသည်။

"သဘော်က မနေ့က ရွှေကူကနေစုန်လာတယ် ။ မိုးတားလေးမှာညအိပ်ပါတယ် ။ ယနေ့ ပြန်စုန်မယ်လို့ ယူဆပါတယ်အဲ့အတွက် စကစ(စစ်ကောင်စီ) တပ်တွေ မြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာတွေမှာ ရွှေ့လျားတပ်ဖြန့်ထားပါတယ်" ဟု  ကသာမြို့နယ်ရှိ စစ်ကောင်စီတပ်များလှုပ်ရှားမှုအခြေအနေကို မြို့လှ PDF မှရဲဘော်တစ်ဦးကပြောသည်။

မြို့လှ PDF သည် "ချောင်း၀၊ မိုးတားကြီးမိုးတားလေး စတဲ့ ကသာနယ်အထက်ပိုင်းမှာ လှုပ်ရှားနေတဲ့အဖွဲ့ပါခင်ဗျာ" ဟု ၎င်းတို့ကာကွယ်ရေးတပ်ဖွဲ့လှုပ်ရှားသည့်ဒေသကို  မြို့လှ PDF မှရဲဘော်တစ်ဦးကပြောသည်။

"တိုက်ပွဲဖြစ်စဉ်တွေမှာ ပြည်သူတွေ အထိအခိုက်မရှိအောင် အတတ်နိုင်ဆုံး ကျွန်တော်တို့ ဆောင်ရွက်နေပါတယ် တစ်ခါတလေမှာစကစတွေက ရပ်ရွာထဲတပ်စခန်းချတာမျိုးတွေရှိနေတာကြောင့် အတော်လေး အခက်အခဲရှိတယ်ပေါ့ ။ စကစ(စစ်ကောင်စီ)ဘက်က လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ရမ်းသန်းပစ်ခတ်ရာမှာ ရပ်ရွာနေအိမ်တွေကိုလည်း သူတို့ရှောင်မှာမဟုတ်ဘဲ ပစ်ခတ်တာတွေကြောင့်ပါ။ ပြည်သူတွေအနေနဲ့ စကစ စစ်ကြောင်းရှိ၊ မရှိ မပြတ်လေ့လာပြီး ကြိုတင်ရှောင်ရှားနိုင်ဖို့ကိုပဲ ပြောချင်ပါတယ်ခင်ဗျာ" ဟု၎င်းသတင်းစကားပါးသည်။

မတ်လ ၂၂ ရက်တွင်လည်း ရွှေကူမှစုန်ဆင်းလာသော စစ်ကောင်စီတပ် ရိက္ခာတင်သင်္ဘော နှစ်စီးအား ကျောက်ကြီးရွာအလွန်တွင် မြို့လု PDF တပ်မှ စောင့်ကြိုတိုက်ခိုက်ခဲ့သေးသည်။

https://www.mizzimaburmese.com/article/102694

---------------------------------------------------------------------------------------------------------

## မင်းကင်းမြို့နယ် ပျားသုံးကျေးရွာက နေအိမ်နှင့် စစ်ရောင်းတဲများကို စစ်ကောင်စီတပ် မီးရှို့

Published By DVB | 24 March, 2022

စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ တောင်တွင်းဒေသ၊ ပျားသုံးကျေးရွာမှာရှိတဲ့ နေအိမ်နဲ့ စစ်ဘေးရှောင် ယာတောတဲတွေကို စစ်ကောင်စီတပ်ဖွဲ့တွေက ဝင်ရောက်မီးရှို့ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။ ကျော်ကျေးရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ် အင်အား ၄၀ ကျော်ဟာ ပျားသုံးကျေးရွာကို မတ်လ ၂၃ ရက် နေ့လယ်ပိုင်းက ရောက်ရှိလာပြီး ကျေးရွာအဝင်မှာရှိတဲ့ နေအိမ် ၁ လုံးနဲ့ စစ်ဘေးရှောင်တွေ နေထိုင်တဲ့ ယာတောတဲ ၁၅ လုံးကို ဝင်ရောက်မီးရှို့ ဖျက်ဆီးခဲ့တယ်လို့ ဆိုပါတယ်။
ဒ့ါအပြင် ဒေသခံအမျိုးသား ၂၀ ကျော်နဲ့ အမျိုးသမီး ၃၀ လောက်ကို စစ်ကောင်စီတပ်ဖွဲ့တွေက ဓားစာခံအနေနဲ့ ဖမ်းဆီးခေါ်ဆောင်သွားပြီး ပျားသုံးရွာအရှေ့ မုံရွာ-ကလေးဝ ကားလမ်းပေါ်မှာ နေပူ ၁ နာရီလောက် လှန်းထားပြီးမှ ပြန်လွှတ်ပေးခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။
အဲဒီလို ဖမ်းဆီးခေါ်ဆောင်သွားတဲ့အချိန် ဒေသခံတွေကို စစ်ကောင်စီဘက်က မိုင်း ၁ လုံးကွဲရင် ကျေးရွာမှာရှိတဲ့ နေအိမ် ၅ လုံးကို မီးလာရှို့မယ်လို့ ပြောဆိုခဲ့ကြောင်း ပြန်လည်လွတ်မြောက်လာတဲ့ ဒေသခံတွေက ပြောပါတယ်။
အဲဒီလို နေအိမ်နဲ့ စစ်ဘေးရှောင် ယာတောတဲတွေကို မီးရှို့ဖျက်ဆီးခဲ့တဲ့အတွက် စားနပ်ရိက္ခာတွေပါ မီးလောင်ပျက်စီးကုန်တာကြောင့် ဒေသခံတွေ စားဝတ်နေရေး အခက်အခဲ ဖြစ်နေကြတယ်လို့ ဆိုပါတယ်။
အဲဒီလို မီးရှို့တဲ့ဖြစ်စဉ် မဖြစ်ပွားခင်က ကျော်ကျေးရွာမှာ စခန်းချထားတဲ့ စစ်ကောင်စီတပ်ဖွဲ့တွေကို မင်းကင်းနဲ့ ကနီမြို့နယ်မှာရှိတဲ့ မိတ်ဘက်ပူးပေါင်း PDF တပ်တွေက ဝင်ရောက်တိုက်ခိုက်ခဲ့တာကြောင့် စစ်ကောင်စီဘက်က အကျအဆုံး ရှိခဲ့တယ်လို့လည်း သိရပါတယ်။

https://burmese.dvb.no/archives/523946

---------------------------------------------------------------------------------------------------------

## မင်းကင်းမြို့ တိုက်ပွဲကြောင့် ဒေသခံ ခုနစ်ထောင်ကျော် ထွက်ပြေးရ

2022.03.24

မင်းကင်း စစ်ဘေးဒုက္ခသည်တွေကို ၂၀၂၂ ရက် ဇန်နဝါရီ ၃၀ ရက်နေ့က တွေ့ရစဉ် _Photo: CJ

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်၊ ကလေးဝ - ယာကြီးလမ်းဘေးမှာရှိတဲ့ ကျော်ရွာအနီးမှာ မတ်လ ၂၃ ရက် မနေ့က စစ်ကောင်စီတပ်နဲ့ ဒေသကာကွယ်ရေးပူးပေါင်းအဖွဲ့တွေ တိုက်ပွဲ ဖြစ်ခဲ့တာကြောင့် အနီးအနားရွာတွေက ဒေသခံ ခုနစ်ထောင်ကျော် ဘေးလွတ်ရာကို ထွက်ပြေးနေရတယ်လို့ တောင်တွင်း (PDF) ပြန်ကြားရေးတာဝန်ခံက RFA ကို ပြောပါ တယ်။

တိုက်ပွဲကြောင့် ကျော်ရွာ၊ မယ်မဲ၊ ကုန်းမော်၊ ကျောက်မော်၊ ပျားတုန်း၊ ဆိတ်သာ၊ ထုံးကြီး၊ ဝင်ပ စတဲ့ ရွာပေါင်း ၈ ရွာက ဒေသခံခုနစ်ထောင်ကျော် ဘေးလွတ်ရာ တောတောင်တွေ ထဲကို ထွက်ပြေးပုန်းရှောင်ရတယ်လို့ အကူအညီ ပေးနေသူတွေနဲ့ ဒေသခံတွေက ပြောပါ တယ်။

ထွက်ပြေးနေရသူတွေထဲမှာ ကျန်းမာရေးမကောင်းသူနဲ့ အသက်မပြည့်တဲ့ ကလေးငယ် ၄၀ နီးပါး ပါဝင်ပြီး တောတောင်ထဲ ဖြစ်သလို နေ နေရတယ်လို့ လုံခြုံရေးအရ အမည်မဖော်လို တဲ့ ဒေသခံတစ်ဦးက ပြောပါတယ်။

**“အထုပ်တွေထားပြီး တောင်ကြားတွေ ပြေးကြရတာ။ ကျမတို့ဆီမှာ ပြေးစရာမရှိဘူး။ လူနဲ့ စားစရာလေးတင် သယ်လာနိုင်တာ။ တောတောင်တွေကြားထဲ ပြေးတက်လာ ရတာ။ သစ်ပင်တွေကြား အိပ်ရတာ။ တောထဲမှာဆိုတော့ မိုးကာလည်း မပါဘူး၊ မြေပြင်ပေါ် အိပ်ရတာ”**

စစ်ကောင်စီတပ်သားတွေဟာ လက်ရှိ ကလေး၀ - ယာကြီးလမ်းဘေးမှာရှိတဲ့ မြို့မ၊ တောင်စာရေး၊ ကြာပင်နဲ့ ကျော်ရွာတွေမှာ တပ်စွဲထားပြီး အနီးအနားရွာတွေကို စစ်ဆေးနေတာကြောင့် ထွက်ပြေးနေရသူတွေ ရွာတွေကို မပြန်ရဲကြသေးဘူးလို့ ဒေသခံတွေက ပြောပါတယ်။

မနေ့က နှစ်ဖက်တိုက်ပွဲ ဖြစ်ပွားချိန်အတွင်း စစ်ကောင်စီတပ်သားတွေက ပျားတုန်းရွာက နေအိမ်နှစ်လုံးနဲ့ လယ်တဲခုနစ်လုံးကို မီးရှို့ဖျက်ဆီးသွားတယ်လို့ ဒေသခံတွေက ဆိုပါတယ်။

တောင်တွင်း PDF ရဲ့ ပြန်ကြားရေးတာဝန်ခံကတော့ ကျော်ရွာထဲမှာ စစ်တပ်က ဒေသခံ တွေကို စစ်သင်တန်းပေးနေတာကြောင့် ဒေသခံကာကွယ်ရေးအဖွဲ့တွေ ပူးပေါင်းပြီး ဝင်ရောက်တိုက်ခိုက်ရင်း တိုက်ပွဲဖြစ်တာလို့ ပြောပါတယ်။

**“တိုက်ပွဲက မနက် ၅ နာရီလောက် စဖြစ်တယ်။ ကျနော်တို့က သွားတိုက်ခဲ့တာ ပျူသင်တန်းလုပ်မယ် သတင်းရလို့။ ကျနော်တို့ဘက်က နှစ်ယောက်ကျတယ်။ စစ်ကောင်စီဘက်ကတော့ အနည်းဆုံး ၁၅ ယောက်လောက် ဒဏ်ရာရတယ်။ သေဆုံးမှုတော့ အတည်ပြုလို့ မရသေးဘူး”**

တိုက်ပွဲကြောင့် နှစ်ဖက်ထိခိုက်သေဆုံးမှုနဲ့ ပတ်သက်ပြီး စစ်ကောင်စီဘက်က သတင်း တစ်စုံတစ်ရာ ထုတ်ပြန်တာ မရှိသေးသလို RFA အနေနဲ့လည်း သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။

မင်းကင်းမြို့နယ်ထဲမှာ နှစ်ဖက်တိုက်ပွဲတွေကြောင့် လက်ရှိအချိန်အထိ ထွက်ပြေးပုန်းရှောင် နေရသူ သုံးသောင်းကျော်လောက် ရှိနေပြီလို့ အကူအညီပေးနေသူတွေနဲ့ ဒေသခံတွေက ပြောပါတယ်။

https://www.rfa.org/burmese/news/mingin-villagers-flee-03242022022459.html

------------------------------------------------------------------------------------------------------------------

## မင်းတပ်မြို့တွင်းသို့ သံချပ်ကာကား ၂ စီးအပါအဝင် စစ်ယာဉ်တန်းအစီး ၈၀ကျော်ဝင်ရောက်လာ

By မဇ္ဈိမ | 23 March 2022

ချင်းပြည်နယ် ၊မင်းတပ်မြို့ထဲသို့ ယနေ့(မတ်လ ၂၃)ရက်နေ့ နံနက်ပိုင်းက ကျောက်ထုလေယာဉ်ကွင်းမှထွက်ခွာလာသည့် သံချပ်ကာ နှစ်စီးနှင့်အတူ စစ်ယာဉ်တန်းကား အစီး ၈၀ကျော်နှင့်စစ်သည်အင်အား ၂၀၀ ဝန်းကျင်သည် မင်းတပ်မြို့ထဲသို့နေ့လယ် ၃ နာရီဝန်းကျင်တွင်ရောက်ရှိလာသည်ဟု သတင်းရင်းမြစ်များထံမှ သိရသည်။

"ဒီတစ်ခေါက်နဲ့ဆိုရင်စစ်ယာဉ်တန်းတက်လာတာသုံးခေါက်မြောက်ပြောရမှာပေ့ါ၊သူတို့ကလည်းအသေခံပြီးတော့ ကိုတက်လာကြတယ်။မတက်လာလို့လည်းမရဘူးလေ မတူပီအခြေချတပ်တွေနဲ့ ပလက်ဝအခြေချတပ်တွေအတွက် ရိက္ခာလမ်းကြောင်းကလည်း မင်းတပ်-မတူပီလမ်းကြောင်းပဲရှိတာကိုး၊ဒီတော့ ဒီလမ်းကနေပဲတက်လာကြတာ"ဟု မင်းတပ်မြို့ရှိစစ်ယာဉ်တန်းကိုစောင့်ကြည့်နေသူတစ်ဦးထံမှ သိရသည်။

"အရင်ရက်ကလည်း ပခုက္ကူကနေ ၂၅ဘီးတွဲကားတွေနဲ့ ပစ္စည်းတွေတင်လာပြီး ကျောက်ထုလေယာဉ်ကွင်းထဲမှာကားချိန်းကြတယ်။မတူပီမှာလည်းစစ်တပ်အဆောက်အအုံတွေအများကြီးတိုးချဲ့ ဆောက်လုပ်နေတယ်။အခုပါလာတဲ့စစ်ယာဉ်တန်းမှာဆောက်လုပ်ရေးပစ္စည်းတွေ တင်လာတာတွေ့ရတယ်"ဟု သူကဆိုသည်။

ပြီးခဲ့သည့်ဒုတိယအခေါက်တွင်လည်း မင်းတပ်မှ မတူပီသို့တက်လာသည့်စစ်ယာဉ်တန်းကို ဒေသခံကာကွယ်ရေးတပ်များမှမိုင်းဆွဲရန်ပြင်ဆင်ထားပြီး ကားပေါ်တွင်

အမျိုးသမီးနှင့်ကလေးငယ်များပါလာသည့်အတွက် မိုင်းဆွဲခြင်းများကိုမလုပ်ဆောင်ဘဲ လွှတ်ပေးခဲ့ရကြောင်းလည်း သိရသည်။

လက်ရှိ မင်းတပ်မြို့ထဲကိုရောက်ရှိနေသည့် စစ်ယာဉ်တန်းသည်၂၇၄ တပ်ရင်း ၊ချောက်ဒိုစာသင်ကျောင်း နှင့်မင်းတပ်မြို့ထဲ၊ တချို့နေရာများတွင်ဖြန့်ကြက်ပြီး ညအိပ်ရပ်နားကြမည်ဟု သိရသည်

https://www.mizzimaburmese.com/article/102680

------------------------------------------------------------------------------------------------------------

## စစ်ဘေးရှောင်စခန်းသီးသန့်မရှိသည့် ယင်းမာပင်မြို့နယ်တွင် စစ်ဘေးရှောင် ဦးရေ ၅,၀၀၀ ခန့် ရှိနေ

By မဇ္ဈိမ | 24 March 2022

စစ်ကိုင်းတိုင်း ၊ယင်းမာပင်မြို့ အရှေ့မြောက်ဘက် ၁၄ မိုင်ခန့်အကွာရှိ မြရွှေစည် ၊ မြပင်စည် ၊ စုန်းကျင်း ၊ဘိန်းနွယ်ချောင် ၊ ကျေးစာကျ ၊ဥုံတုံပင် ၊ ပေကုန်း ၊ထန်းတောကြီး ၊ ရေကြည်ပင် စသည့် ရွာများမှာ စစ်ကောင်စီတပ်၏ရန်မှ ရှောင်နေရကြောင်း သိရသည်။

အဆိုပါရွာများတွင် ရွာလုံးကျွတ်နီးပါစစ်ဘေးရှောင်နေရပြီး တစ်ရွာလျှင် အိမ်ခြေ ၆၀၀ကျော်မှ အိမ်ခြေ ၃၀၀ကျော်အထိရှိကြောင်း စစ်ရှောင်လာသူများ၏ ပြောကြားချက်အရ သိရသည်။

မတ်လ ၂၂ ရက်နေ့မှစ၍ စစ်ဘေးရှောင်နေရပြီး စစ်ရှောင်ဦးရေ ၅,၀၀၀ ကျော်ခန့် ရှိသည်ဟု စစ်ရှောင်ပြည်သူတစ်ဦးက ယခုကဲ့သို့ပြောပြသည်။

"ကျနော်တို့ စစ်ဘေးရှောင်နေရတာ မနေ့က စစ်ကောင်စီတပ်ရဲ့ အင်အား ၇၀ လောက်က စစ်ကြောင်းထိုးလာတာ ဒီနေ့အထိပါဘဲဗျ၊ စစ်ဘေးရှောင် လူဦးရေကတော့ ခန့်မှန်းခြေ ၅,၀၀၀ ကျော်ရှိနိုင်ပါတယ်၊ မိုးတွေကလည်းရွာနေတာဆိုတော့ ချက်ရေးပြုတ်ရေးကအစ အခက်အခဲတွေရှိပါတယ်" ဟု စစ်ရှောင်ပြည်သူတစ်ဦးက ဆိုသည်။

အဆိုပါယင်းမာပင်မြို့နယ်အတွင်းမှ စစ်ဘေးရှောင်များအတွက် စားနပ်ရိက္ခာနှင့် ကျန်းမာရေးအတွက် ဆေးဝါးများ လိုအပ်နေသည်။

ယမန်နေ့နေ့လယ် ၁ နာရီ ခန့်တွင်လည်း ယင်းမာပင်မြို့နယ် ဘန့်ဘွေးတောပြင်ရှိ ပြည်သူပိုင်နေအိမ်တစ်လုံးကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း ဒေသခံ ပြည်သူတစ်ဦးက ဆိုသည်။

https://www.mizzimaburmese.com/article/102681

----------------------------------------------------------------------------------------------------

## ကနီနှင့် ကလေးမြို့တို့တွင် စစ်ကောင်စီတပ်ဖွဲ့များ တိုက်ခိုက်ခံရ

Published By DVB | 24 March, 2022

စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်နဲ့ ကလေးမြို့နယ်တို့မှာ မတ် ၂၃ ရက်နေ့က စစ်ကောင်စီတပ်ဖွဲ့တွေ တိုက်ခိုက်ခံခဲ့ရတယ်လို့ သိရပါတယ်။

စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ ဆယ်ရွာချောင်၊ ကျော်ရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီ တပ်သားတွေကို မတ် ၂၃ ရက် မနက် ၇ နာရီလောက်က ဆရာစံ YMB-PDF အဖွဲ့၊ ရွှေတြိဂံ PDF အဖွဲ့နဲ့ ဒေသခံပြည်သူတွေ ပူးပေါင်းတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၁၀ ဦးလောက် သေဆုံးနိုင်ပြီး ထိခိုက်ဒဏ်ရာရသူ များပြားခဲ့တယ်လို့ သိရပါတယ်။

"ဆရာစံ PDF အဖွဲ့ရဲ့ အထူးတပ်သား ၂ ယောက်က လက်နက်ကြီးနဲ့ သူတို့စခန်းကို အနီးကပ် ဝင်ပစ်တာပါ။ အဲ့မှာတင် စစ်သား ၇ ယောက် သေတယ်။ ကျန်တဲ့ ပူးပေါင်းမဟာမိတ် အဖွဲ့တွေက လက်နက်ငယ်တွေနဲ့ တိုက်ခိုက်ခဲ့ပြီး အနည်းဆုံး ၃ ယောက် သေဆုံးသလို ထိခိုက်ဒဏ်ရာရသူ ၁၀ ဦးထက်မနည်း ရှိနိုင်တယ်" လို့ ဆရာစံ PDF အဖွဲ့ တာဝန်ရှိသူတဦးက ဒီဗွီဘီကို ပြောပါတယ်။

ဒေသခံတွေနဲ့အတူ ပူးပေါင်းမဟာမိတ်အဖွဲ့တွေ စုပေါင်းပြီး ဆယ်ရွာချောင်၊ ကျော်ရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီစခန်းကို မနက် ၆ နာရီခွဲလောက်တည်းက ဝင်တိုက်ဖို့ အစီအစဉ် ဆွဲခဲ့တာဖြစ်ပြီး စခန်းစီးနင်း လက်နက်တွေ သိမ်းနိုင်ဖို့အထိ ရည်ရွယ်ခဲ့ပေမယ့် စစ်ကောင်စီ တပ်သားတွေက လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ပြန်လည်ပစ်ခတ်ခဲ့လို့ အချိန်မီ ဆုတ်ခွာခဲ့ရတယ်လို့ ဆိုပါတယ်။

တိုက်ခိုက်မှုအတွင်း စစ်ကောင်စီဘက်က လက်နက်ကြီးတွေနဲ့ ပြန်လည်ပစ်ခတ်ခဲ့လို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ရဲဘော် ၃ ဦး မစိုးရိမ်ရဒဏ်ရာ ရရှိခဲ့တယ်လို့ သိရပါတယ်။

မတျလ ၂၃ ရကျ မှနျးလှဲပိုငျးကလည်း စဈကောငျစီရဲ့ ရိက်ခာတငျယာဉျတနျး ၁၃ စီးကို ပုလဲ - ယငျးမာပငျ လမျးပိုငျးတနရောမှာ ဆရာစံ PDF အဖွဲ့က မိုငျးဆှဲတိုကျခိုကျခဲ့ပါသေးတယျ။

မတ်လ ၂၃ ရက်နေ့ကလည်း ကလေးမြို့နယ်၊ ကြံသာကျေးရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးတွေ ရေရှင်ရွာအနီး မြစ်သာမြစ်ဘေးမှာ ကင်းပုန်းဝပ်ဖို့ လာရောက်စဉ် ကလေး PDF တပ်ဖွဲ့ဝင်တွေက ကြားဖြတ်တိုက်ခိုက်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီတိုက်ခိုက်မှုမှာ ပျူစောထီး ၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့တယ်လို့ ကလေး PDF က ထုတ်ပြန်ထားပါတယ်။

မတ် ၂၂ ရက်နေ့ကလည်း အဆိုပါကြံသာရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီ တပ်သားတွေနဲ့ ပျူစောထီးတွေ မြစ်သာမြစ် အရှေ့ဘက်ကမ်းရှိ ကျေးရွာတွေကို စစ်ကား ၃ စီး၊ အင်အား ၃၀ ကျော်နဲ့ စစ်ကြောင်းထိုး ဝင်ရောက်လာတဲ့အတွက် ကလေး PDF တပ်ဖွဲ့ဝင်တွေနဲ့ ထိတွေ့မှု ဖြစ်ပွားခဲ့တယ်လို့ ဆိုပါတယ်။

တိုက်ပွဲအတွင်း စစ်ကောင်စီတပ်သား ၂ ဦး ထိခိုက်ဒဏ်ရာရရှိသွားပြီး ကလေး PDF တပ်ဖွဲ့ဝင်တွေကတော့ အထိအခိုက်မရှိ ပြန်လည်ဆုတ်ခွာနိုင်ခဲ့တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အဲဒီဖြစ်စဉ်အပြီးမှာ စစ်ကောင်စီတပ်သားတွေဟာ အနီးတဝိုက်ရှိ စစ်ဘေးရှောင်ပြည်သူတွေ မွေးမြူထားတဲ့ တိရစ္ဆာန်တွေကို ဖမ်းယူသွားသလို တောင်သူတွေရဲ့ ယာစောင့်တဲတွေကိုလည်း မီးရှို့ဖျက်ဆီးခဲ့ပြီး စစ်ဘေးရှောင် အမျိုးသားတဦးကိုလည်း ဖမ်းဆီးသတ်ဖြတ်သွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

လတ်တလော စစ်ကောင်စီတပ်ဖွဲ့တွေဟာ ကလေးနယ်တောင်ပိုင်းကို ထိုးစစ်ဆင်နေတာကြောင့် ဒေသခံပြည်သူတွေအနေနဲ့ တရွာနဲ့တရွာ ကူးလူးသွားလာတာ မလုပ်ကြဖို့နဲ့ အချိန်မရွေး နေရာမရွေး တိုက်ပွဲတွေ ဖြစ်ပွားနိုင်တာကြောင့် ဘေးလွတ်ရာကို တိမ်းရှောင်နေထိုင်ကြဖို့လည်း ကလေး PDF က ထုတ်ပြန် သတိပေးထားပါတယ်။

ကနီမြို့နယ်နဲ့ ကလေးမြို့နယ်တို့မှာ တပ်ဖွဲ့ဝင်တွေ တိုက်ခိုက်ခံရတာနဲ့ပတ်သက်ပြီး စစ်ကောင်စီဘက်ကတော့ သတင်းထုတ်ပြန်တာ မတွေ့ရသေးပါဘူး။

https://burmese.dvb.no/archives/523970

------------------------------------------------------------------------------------------------------------

## ငဖဲမြို့နယ်တွင် စစ်ကောင်စီစစ်ကြောင်း မိုင်းဆွဲတိုက်ခိုက်ခံရ၊ ၈ ဦးထက်မနည်း သေဆုံး

Published By DVB | 24 March, 2022

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်မှာ မတ် ၂၃ ရက်နေ့ ညပိုင်းက စစ်ကောင်စီစစ်ကြောင်း မိုင်းဆွဲတိုက်ခိုက်ခံရပြီး တပ်သား ၈ ယောက်ထက်မနည်း သေဆုံးခဲ့တယ်လို့ အနောက်ပိုင်းတိုင်း မြေအောက်စစ်ဆင်ရေး မဟာမိတ်အထူးတပ်ဖွဲ့က ပြောပါတယ်။

ငဖဲမြို့နယ် အမ်းနယ်ခြားလမ်းမှာ မနေ့ ည ၇ နာရီလောက်မှာ စစ်ကောင်စီစစ်ကြောင်းကို အနောက်ပိုင်းတိုင်း မြေအောက်စစ်ဆင်ရေး အထူးတပ်ဖွဲ့က ပဒေသမိုင်း ၉ လုံးနဲ့ မိုင်းဆွဲတိုက်ခိုက်ခဲ့တာလို့ အနောက်ပိုင်းတိုင်း မဟာမိတ်အထူးတပ်ဖွဲ့ရဲ့ ပြန်ကြားရေးတာဝန်ခံက ဒီဗွီဘီကို ပြောပါတယ်။

"အဲဒီစစ်ကြောင်းကို တိုက်ခိုက်ဖို့အတွက် ကျနော်တို့ဘက်က ရဲဘော်တွေ မတ် ၂၀ ရက်နေ့ကတည်းက ကြိုတင်ပြင်ဆင်ပြီး တိုက်ခိုက်ခဲ့တာဗျ။ စစ်ကောင်စီတပ်တွေဘက်ကတော့ မိုင်းထိပြီး ဖရိုဖရဲဖြစ်ကာ လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ရမ်းသမ်းပစ်ခတ်ပြီး ကျန်ခဲ့တယ်။"

ဒါ့အပြင် ငဖဲမြို့နယ် ပဒါန်းရဲစခန်းက ကင်းလှည့်နေတဲ့ ရဲတွေကိုလည်း မတ် ၂၃ ရက် ည ၉ နာရီလောက်မှာ အနောက်ပိုင်းမဟာမိတ်တပ်ဖွဲ့က လက်ပစ်ဗုံး အကြီး ၁ လုံးနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့တာကြောင့် ထိခိုက်ဒဏ်ရာရသူ ရှိနိုင်တယ်လို့ ပြောပါတယ်။

"နှစ်ဘက်တိုက်ပွဲအတွင်းမှာ ကျနော်တို့ ညီနောင်မဟာမိတ်တပ်ဖွဲ့ဘက်က ရဲဘော်တွေ မိဘပြည်သူတွေ ပို့သတဲ့ မေတ္တာကြောင့် အထိအခိုက် အကျအဆုံးမရှိဘဲ အောင်အောင်မြင်မြင် ဆုတ်ခွာနိုင်ခဲ့ကြတယ်။"

နှစ်ဘက်တိုက်ပွဲတွေနဲ့ ပတ်သက်လို့ ထိခိုက်သေဆုံးတဲ့ အခြေနေကိုတော့ စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားတာ မရှိသေးပါဘူး။

https://burmese.dvb.no/archives/523958

---

## ဂန့်ဂေါမြို့နယ်၌ ရဲစခန်း တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် ၅ ဦးသေ၊ စစ်တပ်က ရွာမီးရှို့

Published By DVB | 24 March, 2022

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ မင်းရွာရဲစခန်းကို မတ် ၂၃ ရက် မွန်းလွဲပိုင်းက လက်နက်ကြီးနဲ့ ပစ်ခတ်တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သားနဲ့ ရဲ ၅ ယောက်လောက် သေဆုံးခဲ့တယ်လို့ PDF-ဂန့်ဂေါအဖွဲ့ကနေ သိရပါတယ်။

မင်းရွာရဲစခန်းကို မနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်လောက်မှာ PDF-ဂန့်ဂေါ တောင်ပိုင်းတပ်ဖွဲ့က ၈၀ မမနဲ့ ၇ ချက်၊ ၆၀ မမနဲ့ ၆ ချက် ပစ်ခတ်ခဲ့ရာ ရဲစခန်းထဲက ရဲ ၃ ယောက် သေဆုံးခဲ့တယ်လို့ PDF-ဂန့်ဂေါ ပြန်ကြားရေးတာဝန်ခံက ပြောပါတယ်။

ဒါ့အပြင် စစ်ကောင်စီတပ်သားတွေဟာ မြစ်သာမြစ် မြောက်ဘက်အတိုင်း ထွက်လာကြလို့ ထပ်မံ မိုင်းဆွဲတိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၂ ယောက် သေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားတယ်လို့ ဆိုပါတယ်။

နှစ်ဘက်တိုက်ပွဲအတွင်း စစ်ကောင်စီတပ်တွေဘက်က လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ရမ်းပစ်ခတ်ပေမယ့်လည်း PDF-ဂန့်ဂေါက ရဲဘော်တွေ အထိခိုက် အကျအဆုံးမရှိဘဲ ဆုတ်ခွာနိုင်ခဲ့ကြတယ်လို့ ဆိုပါတယ်။

မြစ်သာမြစ်တဖက်ကမ်းက စစ်ရှောင်ပြည်သူတွေရှိတဲ့ နေရာတွေကို မတ် ၂၀ ရက်ကလည်း စစ်ကောင်စီတပ်တွေနဲ့ ပျူစောထီးတွေက လက်နက်ကြီးနဲ့ ပစ်ခတ်ကာ စစ်ကြောင်းထိုးလာလို့ ဒေသကာကွယ်ရေး မဟာမိတ်တပ်ဖွဲ့တွေက ပြန်လည်ခုခံရာမှာ PDF ဘက်က ၆ ယောက် ကျဆုံးကာ ၆ ယောက် ဒဏ်ရာရခဲ့ပြီး စစ်ကောင်စီဘက်က ထိခိုက်သေဆုံးသူ များပြားနိုင်ပေမယ့် အတည်မပြုနိုင်သေးဘူးလို့ ပြောပါတယ်။

စစ်ကောင်စီတပ်တွေနဲ့ ပျူစောထီးတွေ စစ်ကြောင်းထိုးတဲ့ လမ်းတလျှောက်ရှိ ရွာမရွာက ဘက်ဟိုးတစီး၊ ထွန်စက် ၂ စီး၊ FORLAND ကားတစီး၊ တော်ဝင်ရွာက ထွန်စက်တစီးနဲ့ FORLAND ကား ၂ စီးကို မီးရှို့ဖျက်ဆီးကာ နွားတွေကိုလည်း ပစ်ခတ်သတ်ဖြတ်သွားတယ်လို့ သိရပါတယ်။

ဂန့်ဂေါမြို့နယ် မွေ့လယ်ကျေးရွာမှာလည်း မတ်လ ၂၄ ရက် ဒီနေ့ မနက်ပိုင်းမှာ စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးတွေက ကျေးရွာအတွင်းက နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေနဲ့ ပြည်သူလူထုနေအိမ်တွေကို စာရင်းနဲ့တကွမီးရှို့နေတယ်လို့ ဒေသခံတွေကပြောပါတယ်။

နောက်ပြီး ရွာသားတစ်ယောက် ဖမ်းဆီးခံလိုက်ရကာ ဘုန်းကြီးကျောင်းဝင်းထဲမှာ ကြိုးတုပ် ရိုက်နှက်စစ်ဆေးနေတယ်လို့ သိရပါတယ်။

ဒီဖြစ်စဥ်နဲ့ပတ်သက်ပြီး ရွာသားတစ်ဦးက" ကျေးရွာက စစ်တပ်သတင်းပေးတဲ့သူက သတင်းပေးလို့ အခုလို နိုင်ငံရေးမှာ တက်ကြွစွာပါဝင်နေတဲ့ သူတွေရဲ့ နေအိမ်တွေကို မီးရှို့ဖျက်ဆီးနေတာ"လို့ ပြောပါတယ်။

စစ်ကောင်စီတပ်တွေက လတ်တလော
ဂန့်ဂေါမြောက်ပိုင်းကို စစ်ကြောင်းထိုးစစ်ဆင်နေတာကြောင့် ဒေသခံပြည်သူတွေ ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေကြဖို့ ယောPDF က သတိပေးထုတ်ပြန်ထားပါတယ်။

https://burmese.dvb.no/archives/524010

-----------------------------------------------------------------------------------------------------------------

## ဂန့်ဂေါတွင် စစ်တပ်က အရပ်သားများကို ဦးတည်တိုက်ခိုက်နေ

By ဧရာဝတီ | 24 March 2022

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်အတွင်း အာဏာသိမ်း စစ်ကောင်စီတပ်များက ဒေသခံ အရပ်သားပြည်သူများကို ဖမ်းဆီးသတ် ဖြတ်ခြင်း၊ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူတို့၏ ပစ္စည်းများကို ဖောက်ထွင်းခိုးယူနေခြင်းများအပြင် စစ်ရှောင်စခန်းများကိုပါ ပစ်မှတ်ထား တိုက်ခိုက်လာနေကြောင်း ဒေသခံများထံမှ သိရသည်။

ပြီးခဲ့သည့် မတ် ၂၀ ရက်တွင် ကလေးမြို့နယ်အတွင်းမှ စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် ဂန့်ဂေါနယ်မှ ပျူစော ထီးတို့သည် မြစ်သာမြစ်ကမ်းဘေးရှိ စစ်ရှောင်များနေထိုင်သည့် တဲအိမ်များအား သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှု ကြောင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင်များက သွားရောက် ကယ်ထုတ်ခဲ့ရသည်ဟု စစ်ဘေးရှောင် အမျိုးသမီးတဦးက ဧရာဝတီသို့ ပြောသည်။

၎င်းက "စစ်ကောင်စီတပ်က အခု ဘယ်လိုဖြစ်လာလဲဆိုတော့ ရွာတွေကိုမီးရှို့လို့၊ ပစ္စည်းတွေကိုခိုးလို့ ကုန်လာတော့ စစ်ရှောင်တွေနေတဲ့ နေရာတွေကိုပါ လိုက်ရှာလာပါတယ်။ ကျမတို့လည်း ပြေးစရာ မရှိတော့ဘူး။ အရင်တုန်းကတော့ စစ်ကြောင်းလာရင် ရွာနဲ့သိပ်မဝေးတဲ့ တောစပ်တွေကို ဝင်ပြေးပြီး စုနေကြတယ်။ အခု အဲဒီနေရာတွေမှာလည်း မနေရဲ ကြတော့ဘူး။ တနေ့ကလည်း မြစ်သာမြစ်ဘေးမှာနေကြတဲ့ စစ်ရှောင်တဲတွေကိုပါ သေနတ်တွေနဲ့ ပစ်တယ်။ စစ်ရှောင် စခန်းမှာရှိတဲ့ ပစ္စည်းတွေကိုယူပြီး ယာတဲတွေကိုပါ မီးရှို့သွားတယ်" ဟု ဆိုသည်။

ထိုသို့ စစ်ကောင်စီ၏ တိုက်ခိုက်မှုကို ခံနေရသော စစ်ရှောင်များအား ဒေသခံပြည်သူ့ကာကွယ်ရေးတပ်များက သွားရောက် ကယ်ထုတ်စဥ် စစ်ကောင်စီတပ်က စစ်ရှောင်ပြည်သူများအား အကာအကွယ်ယူပြီး တိုက်ခိုက်ခဲ့သောကြောင့် ဒေသခံကာ ကွယ်ရေး တပ်ဖွဲ့ဝင် ၆ ဦး ကျဆုံးခဲ့ပြီး တပ်ဖွဲ့ဝင်တချို့မှာလည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဂန့်ဂေါမြို့နယ် ပြည်သူ့ကာ ကွယ်ရေးတပ်ဖွဲ့မှ ကိုနွေဦးက ပြောသည်။

"သူတို့ လာကတည်းက စစ်ဘေးရှောင်စခန်းကို ထိုးစစ်ဆင်ပြီးလာတာဗျ။ အဲဒီလို စစ်ကြောင်းထိုးတဲ့အခါ ကျနော်တို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က စစ်ဘေးရှောင်တွေကို ကယ်ထုတ်ဖို့ လှေနဲ့သွားခေါ်တဲ့အချိန် စစ်ကောင်စီက စစ်ဘေးရှောင်တွေကို အကာအကွယ်ယူပြီး စက်သေနတ်တွေနဲ့ဆွဲပြီးမှ အပစ်ခံရတာ။ ကျနော်တို့ တပ်ဖွဲ့ဝင်တွေ အပိတ်ခံလိုက်ရတာ။ အဲဒီမှာ ကျနော်တို့ တပ်ဖွဲ့ဝင်တွေ ၆ ဦးလောက် ကျတယ်။ ဒဏ်ရာရတဲ့လူတွေလည်း ၆ ဦးလောက် ရှိတယ်။ ကျနော်တို့ရှိတဲ့ လက်နက်တွေလည်း ပါသွားတယ်" ဟု ၎င်းက ဧရာဝတီသို့ ပြောသည်။

ဂန့်ဂေါမြို့နယ်ရှိ ကျေးရွာများမှ အရပ်သားနေအိမ်များကို စစ်ကောင်စီက မီးရှို့ဖျက်ဆီး (ဓာတ်ပုံ/ PDF-GanGaw)

အဆိုပါ ထိတွေ့တိုက်ပွဲ ဖြစ်ပွားပြီးနောက် စစ်ကောင်စီတပ်နှင့် ပျူစောထီးအဖွဲ့တို့သည် စစ်ရှောင်တဲများ အပါအဝင် ရွာမကျေးရွာမှ မြေတူးစက် ၁ စီး၊ အိမ်စီးကား ၁ စီး၊ လယ်ထွန်စက် ၁ စီး၊ တော်ဝင်ကျေးရွာမှ လယ်ထွန်စက် ၁ စီးနှင့် အိမ်စီးကား ၁ စီးတို့ကို မီးရှို့ဖျက်ဆီးခဲ့ကာ ရွာသားများ ပိုင်ဆိုင်သည့် နွားများကိုလည်း ပစ်ခတ်သတ်ဖြတ်သွားခဲ့ကြောင်း ဒေသခံများက ပြောဆိုသည်။

ယနေ့ (မတ် ၂၃ ရက်) တွင်လည်း စစ်ကောင်စီတပ်သည် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ထိတွေ့တိုက်ပွဲများ မရှိသော်လည်း ဂန့်ဂေါမြို့နယ်အတွင်းမှ ချောင်းကောက်ကျေးရွာနှင့် သာစည်ကျေးရွာများကို မီးရှို့နေကြောင်း ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ပြောသည်။

လက်ရှိ အခြေအနေတွင် ဂန့်ဂေါမြို့နယ်အတွင်း စစ်ကောင်စီတပ်နှင့် ပျူစောထီးတို့ အင်အား ဖြည့်တင်းလျက်ရှိရာ ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့များနှင့် အချိန်မရွေး ထိတွေ့တိုက်ပွဲများ ဖြစ်ပွားလာနိုင်သည့်အတွက် မိဘပြည်သူများ အနေဖြင့် အခြေ အနေကို စောင့်ကြည့်ကာ လုံခြုံဘေးကင်းရာ နေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြရန်နှင့် ခရီးအသွားအလာများကိုလည်း ဆင်ခြင်ကြရန် ဂန့်ဂေါပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က မတ် ၂၂ ရက်စွဲဖြင့် သတိပေးစာ ထုတ်ပြန်ထားသည်။

https://burma.irrawaddy.com/news/2022/03/24/250829.html

------------------------------------------------------------------------------------------------------------

## ဂန့်ဂေါက ရွာနှစ်ရွာ ပျူစောထီးအဖွဲ့ထဲဝင်ဖို့ ခြိမ်းခြောက်ခံရ

2022.03.24

စစ်ကောင်စီတပ် မီးရှို့ဖျက်ဆီးခဲ့သည့် မကွေးတိုင်း ဂန့်ဂေါမြို့နယ် မြင်သာကျေးရွာအုပ်စု မြင်သာကုန်းရွာကို ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့က တွေ့ရစဉ် Photo: People's Spring

မကွေးတိုင်း ဂန့်ဂေါမြို့နယ်ထဲက သင်တောနဲ့ ရွှေဘိုရွာက ဒေသခံတွေကို စစ်ကောင်စီ တပ်သားတွေက ပျူစောထီးအဖွဲ့ထဲ ပါဝင်ဖို့ ဖိအားပေးခြိမ်းခြောက်နေတယ်လို့ ရွှေဘို ဒေသခံတွေက RFA ကို ပြောပါတယ်။

အခုလာမယ့် မတ်လ ၂၇ ရက်နေ့ နောက်ဆုံးထားပြီး ပျူစောထီးအဖွဲ့ထဲဝင်ဖို့ အကြောင်း ပြန်ပေးရမယ်လို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ရွှေဘိုဒေသခံတစ်ဦးက ပြောပါတယ်။

**"အခုလောလောဆယ်တော့ ပျူစောထီးထဲ ခေါ်နေတယ်ဗျ။ အဖွဲ့အစည်းဖွဲ့ဖို့ ရွာထဲမှာ ပြောနေတယ်။ တပ်နဲ့ မြောက်ခင်ရန်းဘက်က ပျူစောထီးတွေက အစည်းအဝေး ထိုင်ပြီး သင်တော၊ ရွှေဘို မလိုက်မနေရ အသက် ၆၀ အောက် အကုန်လုံးခေါ်မှာလို့ အစည်း အဝေး ထိုင်တာဗျ။ သူတို့က မလိုက်ရင် တစ်ရွာလုံးကို မီးရှို့ပြီး သတ်ပစ်လိုက်မယ်လို့ ပြောတာဗျ"**

အခုလို ဖိအားပေး ခြိမ်းခြောက်ပြီး ပျူစောထီးအဖွဲ့ထဲ ဝင်ခိုင်းတယ်ဆိုတဲ့အပေါ် RFA အနေနဲ့ သီးခြား အတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။

စစ်ကောင်စီဘက်ကတော့ ပျူစောထီးအဖွဲ့ဆိုတာမရှိဘဲ ရွာလုံခြုံရေးအတွက် ဖွဲ့ထားတဲ့ ပြည်သူ့စစ်အဖွဲ့တွေသာ ရှိကြောင်း စစ်ကောင်စီ ပြောခွင့်ရ ဗိုလ်ချုပ် ဇော်မင်းထွန်းက RFA ကို ပြီးခဲ့တဲ့လက ဖြေဆိုထားပါတယ်။

ပျူစောထီးအဖွဲ့ထဲဝင်ဖို့ ဖိအားပေးခြိမ်းခြောက်မှုတွေအပြင် ဒေသကာကွယ်ရေးအဖွဲ့တွေနဲ့ စစ်ကောင်စီတပ်ဖွဲ့တွေရဲ့ နေ့စဉ်လိုလိုဖြစ်နေတဲ့ တိုက်ပွဲတွေကြောင့် ဒေသခံ ၂၅၀၀ ကျော်လောက်ဟာ ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ထွက်ပြေးနေရတဲ့ ဒေသခံတွေဟာ လက်ရှိ ရေရှားပါးမှု ပြဿနာနဲ့အတူ ဝမ်းပျက်၊ ဝမ်းလျှော ဖြစ်နေတယ်လို့လည်း ထွက်ပြေးနေရတဲ့ ရွှေဘိုရွာ ဒေသခံတစ်ဦးက RFA ကို ပြောပါတယ်။

**"ကျနော်တို့ဆီမှာတော့ စစ်ဘေးရှောင်တွေက တအား ဒုက္ခရောက်နေကြတယ်ဗျ။ မိုးတွင်းလည်း ရောက်လာတော့မှာဆိုတော့ မိုးကာတွေ လိုအပ်နေတယ်ဗျ။ ဆန်၊ ဆီ၊ ဆားတွေလည်း တော်တော်လေး ရိက္ခာပြတ်နေကြပြီ။ မရှိဆင်းရဲသားတွေကလည်း များတာဆိုတော့ ဟိုက သယ်တာတွေရော၊ ပျူစောထီးတွေက သယ်တာတွေနဲ့ဆိုတော့ ရိက္ခာတွေ ပြတ်နေကြပြီဗျ"**

လက်ရှိ ဂန့်ဂေါနယ်ထဲက ရွာတွေကို စစ်ကောင်စီတပ်သားတွေ စစ်ကြောင်း သုံးကြောင်းနဲ့ စစ်ကြောင်းထိုးနေသလို မတ်လ ၂၀ ရက်နေ့ကလည်း ဟံသာဝတီ၊ ကုက္ကားနဲ့ မြောက်ခင်ရန်းရွာက ပျူစောထီးတွေနဲ့ ပူးပေါင်းပြီး စစ်ကြောင်းထိုးလာလို့ တိုက်ပွဲ ဖြစ်ခဲ့တယ်လို့ ဂန့်ဂေါ PDF အဖွဲ့ဘက်က ထုတ်ပြန်ထားပါတယ်။

https://www.rfa.org/burmese/news/urge-to-join-pyusawhtee-group-in-two-villages-in-gangaw-03242022091556.html

-----------------------------------------------------------------------------------------------------------

## တိုက်ပွဲဆက်နေတဲ့ စစ်ကိုင်း မကွေး ဒေသခံတို့ ဒုက္ခ တွေ့

24 မတ်၊ 2022 | ခင်မောင်စိုးမင်း

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် တောင်တွင်းချောင်ဒေသ ကျော်ရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်နဲ့ ဒေသခံကာကွယ်ရေး တပ်ဖွဲ့တွေအကြား တိုက်ပွဲဖြစ်လို့ ဒေသခံအများအပြား ထွက်ပြေး တိမ်းရှောင်နေရပါတယ်။ မကွေးတိုင်းမှာလည်း စစ်ကောင်စီက နယ်မြေရှင်းလင်းတာတွေလုပ်နေလို့ ဒေသခံတွေ တိမ်းရှောင်နေရပါတယ်။ ရန်ကုန်က ပေးပို့လာတဲ့ သတင်းကို ကိုခင်မောင်စိုးမင်း ကပြောပြပါမယ်။

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် တောင်တွင်းချောင် ဒေသလို့ ခေါ်ကြတဲ့ မုံရွာ - ယာကြီး - ကလေး၀ ကားလမ်းဘေးက ကျော်ရွာမှာ မတ်လ ၂၃ ရက် မနက် ၁ နာရီလောက်က ရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်နဲ့ ဒေသခံ ကာကွယ်ရေး တပ်ဖွဲ့တွေ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

တိုက်ပွဲကြောင့် ကျေးရွာ ၁၀ရွာထက်မနည်း ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

“ဒီနေ့ တောင်တွင်းချောင်ကျော်ရွာမှာ တိုက်ပွဲဖြစ်တယ်ဗျ။ ကြာတာကတော့ ည ၁ နာရီထိုးလောက်ကနေ အလင်းထိပဲ။ သူတို့စစ်ကောင်စီက လူတွေက ရွာထဲက ပိတ်မိနေတဲ့သူတွေကို အပြင်ကို ထွက်ခွင့်မပေးတာဗျ။ မပေးလို့ PDF က တိုက်တော့တာ။ ကျော်ရွာဖြစ်နေတော့ အနားနီး ၁၂ ရွာလောက် တော့ပြေးနေရတယ်။ ဘေးပတ်ဝန်းကျင် ကျေးရွာတွေကတော့ တောထဲတောင်ထဲမှာပဲ အစားဆင်းရဲ အနေဆင်းရဲနဲ့ အဲ့လိုပဲ နေနေကြရတာ။”

စစ်ကောင်စီဟာ ပြီးခဲ့တဲ့ မတ်လ ၁၇ ရက်ကတည်းက ဒေသတွင်း နယ်မြေရှင်းလင်းတာတွေလုပ်ပြီး ကျော်ရွာမှာ တပ်စွဲထားချိန်မှာ၊ ခုလို ဒေသခံကာကွယ်ရေး တပ်ဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်ပွားတာပါ။ တိုက်ပွဲနဲ့ပတ်သက်လို့ စစ်ကောင်စီဘက်က သတင်းတစုံတရာထုတ်ပြန်တာမရှိသေးသလို ၂ ဖက်အကျအဆုံးကိုလည်း အတည်မပြုနိုင်သေးပါဘူး။ ဒါက စစ်ကိုင်းထဲက အခြေအနေပါ။

မကွေးတိုင်းမှာဆိုရင်လည်း စစ်ကောင်စီက နယ်မြေရှင်းလင်းတာတွေ ဆက်ရှိနေပါတယ်။ ဂန့်ဂေါ ကလေးလမ်းပိုင်းက နှမ်းခါးရွာကိုမတ်လ ၂၂ ရက်က စစ်ကောင်စီတပ်တွေ ရောက်လာပြီး

စစ်ဘေးဒုက္ခသည်တွေ ကူညီဖို့ သိုလှောင်ထားတဲ့ အစားအသောက်တွေကို ယူဆောင်သွားပြီး အဝတ်အထည် အသုံးအဆောင်တွေကို ဖျက်ဆီးသွားပါတယ်လို့ ဒေသခံတွေကပြောပါတယ်။ မတ်လ ၂၃ ရက်မှာတော့ နှမ်းခါးရွာနဲ့ ၃ မိုင်ကျော်ဝေးတဲ့ စည်သာရွာက နေအိမ်အချို့လည်း မီးရှို့ခံရတယ်လို့ နှမ်းခါးဒေသခံတဦးက ပြောပါတယ်။

"မြစ်သာမြစ် အရှေ့ဘက်ကနေ တကြောင်း အနောက်ဖက်က တကြောင်း ဂန့်ဂေါမြို့နယ်ကို ထိုးမှာထင်တယ်။ အခုကျွန်တော်တို့ရွာတောင်ဘက် သာစည်ရွာဘက်မှာ မီးရှို့နေတယ်။ ရွာကလူတွေက ပြေးနေရတယ်။ ပျူစောထီးတွေက ဆန်တွေပြတ်နေလို့ထင်တယ်။ တင်းရေ ၁ ထောင်လောက် ပါသွားတယ်။ ဆန်စက်ရုံတွေက ဆန်တွေအကုန်သယ်ယူသွားတယ်။ အဝတ်အထည်တွေ သိမ်းထားတာတွေ အကုန်ဖျက်ဆီးသွားတယ်။ နောက်ပြီး ရိက္ခာတွေက အစဖျက်ဆီးသွားတယ်။ စစ်ဘေးရှောင်တွေအတွက်လှူဒါန်းထားတာတွေ အရေးပေါ်ဖြစ်ရင် လှူဒါန်းဖို့ အဲ့ဒါတွေကော အကုန်ဖျက်ဆီးသွားတယ်။"

နှမ်းခါးရွာဟာ ဂန့်ဂေါ ကလေးလမ်းမကြီးဘေးမှာ ရှိတဲ့ ကျေးရွာတရွာဖြစ်ပြီး စစ်ကောင်စီတပ်တွေနဲ့ ဒေသခံကာကွယ်ရေးအဖွဲ့တွေအကြား တိုက်ပွဲတွေရှိခဲ့လို့ ကျေးရွာနေအိမ်တွေ မီးရှို့ဖျက်ဆီးခံရတာတွေရှိခဲ့ပါတယ်။ စစ်ကောင်စီဖက်က လေကြောင်းသုံး ပစ်ခတ်ရတဲ့အထိ တိုက်ပွဲပြင်းထန်ခဲ့တဲ့နေရာတွေလည်းဖြစ်ပါတယ်။

https://burmese.voanews.com/a/sagaing-pdf-military-council/6497939.html

--------------------------------------------------------------------------------------------------------------

## ရိက္ခာပြန်ယူရင်း အသတ်ခံခဲ့ရတဲ့ ဒီးမော့ဆို ဒေသခံသုံးဦး အလောင်း ပြန်တွေ့

2022.03.24

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် စံပြ (၆) မိုင်ရွာ ကယောပိုင်းတွင် စစ်ကောင်စီတပ်၏ ဖမ်းဆီးသတ်ဖြတ်ခံရသည့် အရပ်သားသုံးဦး၏ ရုပ်အလောင်းကို ၂၀၂၂ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် သင်္ဂြိုဟ်ခဲ့စဉ်  Photo: KNDF B09

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် စံပြ (၆) မိုင်ရွာ ကယောလူမျိုးတွေ အများဆုံးရှိတဲ့ ကယောပိုင်းမှာ လွန်ခဲ့တဲ့ နှစ်လနီးပါးက စားနပ်ရိက္ခာပြန်ယူရင်း အသတ်ခံလိုက်ရတဲ့ ဒေသခံငါးဦးအနက် သုံးဦးရဲ့ ရုပ်အလောင်းကို မနေ့က ပြန်လည်တွေ့ရှိခဲ့တယ်လို့ ဒေသခံတွေက RFA ကို ပြောပါတယ်။

**"သူတို့က စစ်ရှောင်စခန်းမှာ နေကြတယ်။ လွန်ခဲ့တဲ့ တစ်လကျော်က ပြန်သွားကြတာ။ အဓိက တော့ ဆန်စပါး နည်းနည်းပါးပါး လိုတာပြန်လာယူကြတယ်လို့ ကြားတယ်"**

လွိုင်ကော်နဲ့ ဒီးမော့ဆိုကို အဓိကဆက်သွယ်ထားတဲ့ လမ်းပေါ်က စံပြ (၆) မိုင်ရွာအနားမှာ ဇန်နဝါရီလဆန်းပိုင်း လောက်က နှစ်ဖက်တိုက်ပွဲပြင်းထန်ခဲ့ပြီးနောက် ရွာတွေထဲမှာ စားနပ် ရိက္ခာပြန်ယူတဲ့ ဒေသခံငါးဦးကို စစ်ကောင်စီတပ်သားတွေက ဖမ်းဆီးသတ်လိုက်တာလို့ ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF) တပ်ရင်း ၉ ပြောရေးဆိုခွင့်ရှိသူက ပြော ပါတယ်။

လက်ရှိ ရုပ်အလောင်း သုံးဦးရဲ့ အရိုးတွေသာ ပြန်လည်တွေ့ရှိခဲ့တာဖြစ်ပြီး မည်သူမည်ဝါ သိအောင် မိသားစုဝင်တွေနဲ့ ကျန်ရှိတဲ့ အဝတ်စတွေနဲ့ တိုက်ဆိုင်စစ်ဆေးရဦးမယ်လို့ တပ်ရင်း ၉ ပြောခွင့်ရသူက ပြောပါတယ်။

**"အရိုးစုပဲကျန်တာပေ့ါနော်၊ ဘယ်သူဘယ်ဝါဆိုတာကိုတော့ အသေအချာပြောလို့တော့ မရဘူး။ ဒါပေမဲ့ ပျောက်သွားတဲ့ ငါးယောက်ထဲကတော့ ဟုတ်တယ်"**

ရုပ်အလောင်းတွေကို မနေ့ကပဲ သင်္ဂြိုဟ်ပေးလိုက်တယ်လို့လည်း KNDF တပ်ရင်း ၉ က ထုတ်ပြန်ထားပါတယ်။

ဒီဖြစ်စဥ်နဲ့ပတ်သက်လို့ စစ်ကောင်စီဘက်ကို လတ်တလော ဆက်သွယ်နိုင်ခြင်း မရှိသေး ပါဘူး။ ကယားပြည်နယ်မှာ အရပ်သားတွေ ဖမ်းဆီးခံရပြီးနောက် သေဆုံးတာအပါအဝင် အရပ်သားတွေ ထိခိုက်သေဆုံးမှုတွေနဲ့ပတ်သက်လို့ စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်း ကို RFA က မတ်လ ၂ ရက်နေ့က မေးမြန်းခဲ့ရာမှာ ကယားပြည်နယ်အတွင်း သေဆုံးသူတွေအထဲမှာ အရပ်သားတွေမပါဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို တိုက်ခိုက်ရင်းနဲ့ သေဆုံးသူတွေသာရှိတယ်လို့ တုံ့ပြန်ပြောဆိုပါတယ်။

ကယားပြည်နယ်မှာ စစ်ကောင်စီတပ်နဲ့ ဒေသခံကာကွယ်ရေးအဖွဲ့တွေ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် မေလလောက်ကတည်းက တိုက်ပွဲတွေ စတင်ဖြစ်ပွားခဲ့တာကြောင့် စံပြ (၆) မိုင်အုပ်စုထဲက ဒေသခံတွေဟာ စစ်ဘေးဒုက္ခသည်အဖြစ်နဲ့ ထွက်ပြေးနေကြရတာပါ။

ကရင်နီပြည် လူမှုအသင်းအဖွဲ့များကွန်ရက် (KCSN) ရဲ့ မတ်လ ၁၆ ရက်နေ့ ထုတ်ပြန်ချက် အရ ကယားပြည်နယ်ထဲမှာ အခုနှစ် မတ်လထဲ နှစ်ပတ်အတွင်းမှာတင် အရပ်သား ၁၂ ဦး သေဆုံးခဲ့ပြီး စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်းကနေ အခုထိဆိုရင် စုစုပေါင်း ၂၃၅ ဦးအထိ ရှိနေပြီဖြစ်ပါတယ်။

https://www.rfa.org/burmese/news/three-civilians-corpse-found-in-demoso-03242022041642.html

-------------------------------------------------------------------------------------------------------

## အာဏာသိမ်းတပ် စစ်လက်နက်ယာဉ်တန်း ချင်းတောင်ပိုင်းရောက်နေ

By ဧရာဝတီ | 24 March 2022

ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့တွင် သံချပ်ကာ ကားများ အပါအဝင် လက်နက်ကြီးများ တင်လာသည့် စစ်ကား ၈၀ ကျော်သို့ ရောက်ရှိ နေကြောင်း ဒေသခံ ချင်းကာကွယ်ရေးတပ် (CDF) က ပြောသည်။

မုံရွာ၊ ပခုက္ကူကားလမ်းအတိုင်း ချင်းတောင်တန်းသို့ တက်ရောက်လာသည့် အဆိုပါစစ်ယာဉ်တန်းထဲမှ စစ်ကားတချို့တွင် လက်နက်ကြီးများတင်လာသည်ကို တွေ့ရသလို အမိုးအလုံပိတ်ထားသည့် ကျန်စစ်ကား အများစုသည်လည်း လက်နက်ခဲယမ်းများ ဖြစ်လိမ့်မည်ဟု မင်းတပ် CDF အဖွဲ့ခေါင်းဆောင်တဦးက ပြောသည်။

၎င်းက "သူ့တို့ အခု မင်းတပ်မြို့နယ်ထဲမှာ ရှိတယ်။ လောလောဆယ် သူတို့ မင်းတပ်မြို့က မထွက်သေးဘူး။ နည်းနည်း ပါးပါး လှုပ်ရှားမှုတော့ရှိတယ်။ သူတို့ ဘယ်ကို သွားမလဲ၊ ကျနော်တို့ကို ထိုးစစ်လာမှာလား၊ ဒါမှမဟုတ် မတူပီကို ရိက္ခာပို့ဖို့ ယာဉ်တန်းသွားမှာလည်း အခု အချိန်အထိ အတိကျ မသိရ သေးဘူး၊ တိုက်ပွဲဖြစ်တာလည်း မရှိသေးဘူး။ ကျနော်တို့က စောင့်ကြည့်နေအထားပဲရှိနေတယ်" ဟု ဧရာဝတီသို့ ပြောသည်။

ချင်းတောင်တန်းပေါ်တွင် စိုးမိုးထားသည့် ပြည်သူ့ကာကွယ်ရေးတပ်များကို ထိုးစစ်ဆင်ရန် ဖြစ်နိုင်သလို ရခိုင်နှင့် ချင်းပြည်နယ် အစပ်တွင် ရက္ခိုင့်တပ်တော် (AA) နှင့် စစ်ရေးတင်းမာနေသဖြင့် မတူပီဘက်သို့ ပို့ဆောင်ကာ AA ကို တိုက်ခိုက်ရန်အင်အားဖြည့်တင်းခြင်းလည်း ဖြစ်နိုင်ကြောင်း CDF ဘက်က တွက်ဆနေလျှက်ရှိသည်။

အဆိုပါ စစ်ယာဉ်တန်းကို မင်းတပ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ကြားဖြတ်တိုက်ခိုက်နိုင်သည့် အခြေအနေရှိသော်လည်း တိုက်ခိုက်မှုကြောင့် လမ်းပိတ်သွားမည်ကို စိုးရိမ်သလို အနီးဝန်းကျင်ရှိ ကျေးရွာများကို အာဏာသိမ်းတပ် က ဖျက်ဆီးမည်ကိုစိုးရိမ်သဖြင့် ကြားဖြတ်တိုက်ခိုက်ခြင်း မလုပ်ခဲ့ကြောင်း CDF က ပြောသည်။

ချင်းတောင်တန်းပေါ်ရောက်လာသည့် စစ်ကောင်စီ စစ်ယာဉ်တန်းများ (ဓာတ်ပုံ – CDF Mindat)

မုံရွာ၊ ပခုက္ကူလမ်းကြောင်းမှ စစ်ကောင်စီယာဉ်တန်းများ အကြိမ်ကြိမ်ဖြတ်သန်းခွင့်ရနေသည်ကို CDF ဘက်က သဘောမကျဘဲ အဆိုပါယာဉ်တန်းများကို လမ်းကြောင်းပေါ်တွင်ရှိသည့် PDF များအနေဖြင့် ကြားဖြတ်တိုက်ခိုက် သင့်သည်ဟု ဆိုသည်။

မင်းတပ် CDF ခေါင်းဆောင်တဦးက“ကျနော်တို့ ဖြစ်စေချင်က အာဏာရှင်ကိစ္စကြီးကို အားလုံး လက်တွဲ ညီညီနဲ့ တိုက်ခိုက်မှာရမှာလေ။ ဒီလိုယာဉ်တန်းတွေ တကြိမ်လည်း မဟုတ်ဘူး။ နှစ်ကြိမ်လည်း မဟုတ်ဘူး လာနေတာကို တိုက်ခိုက်တားဆီးဖို့ အစီအစဉ်ရော ရှိသလား၊ မရှိသေးဘူးဆိုရင်လည်း ရှိစေချင်တယ်။ ဒီလိုသူတို့ သွားချင်တဲ့ ခရီးကို သက်တောင့်သက်သာနဲ့ သွားတယ်။ သက်တောင့် သက်သာနဲ့ ပြန်လာတယ်ဆိုရင် သိပ်ပြီးတော့ သဘာဝ မကျဘူး” ဟု ဧရာဝတီသို့ ပြောသည်။

လက်ရှိတွင်  စစ်ကောင်စီက မင်းတပ်မြို့အပါအဝင် ချင်းတောင်တန်းရှိ တခြားသောမြို့နယ်များကိုပါ အင်တာနက်လိုင်းများနှင့် ဖုန်းလိုင်းများကိုပါ ဖြတ်တောက်ထားသလို ဒေသခံများ၏ ဆေးဝါးနှင့် ရိက္ခာသယ် ယူရေး လမ်းကြောင်းများကိုပါ ပိတ်ဆို့ထားကြောင်းလည်း ဒေသခံများက ပြောသည်။

မင်းတပ်ဒေသခံတဦးက “ကျနော်တို့ဒေသက နဂိုကတည်းက ကျပ်တည်းဆင်းရဲတဲ့ ဒေသမှာ အခုဆိုရင် ဒုက္ခခံနေရတာ တနစ်ကျော်လောက်တောင်ဖြစ်နေပြီ။ ဒုက္ခကို ကြံ့ကြံ့ခံပြီး နေသားကျနေပြီ ဖြစ်တဲ့အတွက် ကျနော်တို့က ဒီကာလမှာ တနိုင်ငံလုံး အတိုင်းအတာနဲ့ လူတိုင်းဒုက္ခရောက်နေကြတဲ့ အချိန်ဆိုတော့  ဘယ် လိုတွေ အခက်အခဲဖြစ်နေရပါတယ်ဆိုတာကိုေတာ့ မပြောချင်တော့ဘူး” ဟုဧရာဝတီသို့ ပြောသည်။

https://burma.irrawaddy.com/news/2022/03/24/250849.html

---

## တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၃၅ ဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရဟု NUG ထုတ်ပြန်

Published By DVB | 24 March, 2022

ပြည်သူ့ခုခံတော်လှန်စစ်အတွင်း မတ် ၂၃ ရက် တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၃၅ ယောက် သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။

ခုထုတ်ပြန်ထားတဲ့ အချက်လက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၂၅ ယောက်ရှိခဲ့တယ်လို့ ဆိုပါတယ်။

အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ၊ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

လူထုသပိတ်တိုက်ပွဲတွေအနေနဲ့ မနေ့က တရက်တည်းမှာ ရန်ကုန်တိုင်းနဲ့ တနင်္သာရီတိုင်းတွေမှာ ၁ ကြိမ်စီ၊ ကချင်ပြည်နယ်မှာ ၂ ကြိမ်၊ မန္တလေးတိုင်းမှာ ၃ ကြိမ်၊ စစ်ကိုင်းတိုင်းမှာ ၇ ကြိမ်နဲ့ အများဆုံး ဖြစ်ပွားခဲ့တယ်လို့ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် မြန်မာပြည်တွင်း ပြည်သူ့ခုခံတော်လှန်စစ် အရှိန်မြင့်ဖြစ်ပွားနေပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၇ ရက်ကနေ မတ် ၆ ရက်အထိ ၁ လအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၂၀၉၅ ယောက် သေဆုံးခဲ့တယ်လို့လည်း NUG က ထုတ်ပြန်ထားပါတယ်။

ဒါဟာ NUG အစိုးရက အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်ပြီးကာလ ဆဋ္ဌမ ၁ လတာအတွင်း စာရင်းကောက်ယူထုတ်ပြန်ထားတာဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၆၃၇ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။

မြန်မာပြည်အနှံ့ တိုက်ပွဲတွေမှာ တပ်ဖွဲ့ဝင်တွေ သေဆုံးဒဏ်ရာရမှုအခြေအနေနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်ကတော့ သတင်းထုတ်ပြန်တာမရှိပါဘူး။

https://burmese.dvb.no/archives/523925

------------------------------------------------------------------------------------------------------------

## မြန်မာစစ်တပ် ကလေးတွေကို ပစ်မှတ်ထား တိုက်ခိုက်နေတယ်လို့ ကုလ အထူးကိုယ်စားလှယ် ပြော

**ရဲခေါင်မြင့်မောင် (ဝါရှင်တန်ဒီစီ)** | 2022.03.24

၂၀၂၁ ခုနှစ် မေလ ၇ ရက် ရန်ကုန်မြို့ တစ်နေရာမှာ ဆန္ဒပြသူတွေကို စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေရန်ပြင်ဆင်နေစဉ်။ Photo: AFP

မြန်မာနိုင်ငံမှာ အာဏာသိမ်းစစ်ကောင်စီဟာ အခုအချိန်မှာ စစ်ရာဇဝတ်မှုနဲ့ လူသားမျိုးနွယ် အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုလို ပြစ်မှုတွေကို နေ့တိုင်းလိုလို ကျူးလွန်နေတဲ့အပြင်၊ ကလေးသူငယ်တွေကိုပါ ပစ်မှတ်ထားတိုက်ခိုက်တာတွေ လုပ်လာနေတယ်လို့ မြန်မာနိုင်ငံ ဆိုင်ရာ ကုလလူ့အခွင့်အရေး အထူးကိုယ်စားလှယ် Tom Andrews က မတ်လ ၂၁ ရက်က ပြုလုပ်တဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီညီလာခံမှာ မြန်မာနိုင်ငံအစီရင်ခံစာ တင်သွင်းရာမှာ ပြောကြားလိုက်ပါတယ်။

**"မြန်မာနိုင်ငံရဲ့ အခြေအနေဟာ တိုးတက်မှု မရှိတဲ့အပြင်၊ အရင်ကထက် အများကြီး ပိုဆိုးလာနေ ပါတယ်။ အခုနှစ်အတွင်းမှာ အာဏာသိမ်း စစ်ခေါင်းဆောင်တွေရဲ့ အရပ်သား ပြည်သူတွေအပေါ် တိုက်ခိုက်မှုတွေ ပိုပြီး ပြင်းထန်လာပါတယ်။ ပြီးခဲ့တဲ့ နှစ်လခွဲလောက် ကာလအတွင်းမှာတင် စစ်ကောင်စီတပ်တွေ လက်ချက်နဲ့ သတ်ဖြတ် ခံရတဲ့ အရပ်သား ၁၆၀၀ ကျော်၊ ဖမ်းဆီးထိန်းသိမ်းခံရသူ တစ်သောင်းကျော်နဲ့ မီးရှို့ ဖျက်ဆီးခံရတဲ့ နေအိမ် ၄၅၀၀ လောက် ရှိလာပါတယ်။ နေရပ်စွန့်ခွာ ထွက်ပြေးရတဲ့ ပြည်သူအရေအတွက်ကလည်း ငါးသိန်းကျော် ထပ်တိုးလာပြီး စုစုပေါင်း ရှစ်သိန်းကျော် လောက်အထိ ရှိသွားပါပြီ။ လွတ်လပ်စွာ ပြောဆိုခွင့်၊ စုဝေးခွင့်နဲ့ အသင်းအဖွဲ့ တည်ထောင်ခွင့်လို အခြေခံ လူ့အခွင့်အရေးတွေကို ရာဇဝတ်မှုအဖြစ် သတ်မှတ် ခံထားရပါတယ်။ ဒုတိယ ကမ္ဘာစစ်ပြီးကတည်းက ဘာစစ်ရေးပဋိပက္ခမှ မရှိခဲ့တဲ့ ဒေသတွေမှာ ပြည်တွင်းစစ် ပဋိပက္ခတွေ ဖြစ်နေပါတယ်"**

မြန်မာစစ်ခေါင်းဆောင်တွေဟာ ပြည်သူတွေကို သတ်ဖြတ်ခြင်း၊ ကျေးကျွန်ပြုခြင်း၊ အတင်းအကျပ် ရွှေ့ပြောင်းစေခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ မုဒိမ်းမှုနဲ့ လိင်အကြမ်းဖက်မှုတွေ ကျူးလွန်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းထားပြီးနောက် အစဖျောက်ပစ်ခြင်း စတဲ့ ပြစ်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့တဲ့အတွက် လူသားမျိုးနွယ်ပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှု Crimes Against Humanity အတွက် တာဝန်ရှိတယ်လို့ Tom Andrews က ပြောပါတယ်။

ဒါ့အပြင် စစ်ကောင်စီတပ်ဖွဲ့တွေဟာ အရပ်သားပြည်သူတွေကို အကြောင်းပြချက် ရေရေရာရာမရှိဘဲ သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းပြီး လူမဆန်စွာ ပြုမူခြင်း၊ မတရား ပြုကျင့်ခြင်း၊ ပိုင်ဆိုင်မှုတွေကို ဖျက်ဆီးခြင်း၊ ဓားပြတိုက်ခြင်းနဲ့ အရပ်သားတွေကို နေရပ်စွန့်ခွာ ထွက်ပြေးရအောင် ပြုလုပ်ခြင်း စတဲ့ စစ်ရာဇဝတ်မှုမြောက်တဲ့ လုပ်ရပ်များစွာ ကို ကျူးလွန်ခဲ့တယ်လို့ ဆိုပါတယ်။

အာဏာသိမ်း စစ်ခေါင်းဆောင်တွေရဲ့ လုပ်ရပ်တွေကြောင့် မြန်မာနိုင်ငံရဲ့ ကျန်းမာရေး စောင့်ရှောက်မှု အခြေခံ အဆောက်အအုံတွေ ပြိုလဲသွားပြီး ငွေကြေးဖောင်းပွမှုတွေ ထိန်းမရအောင် ဖြစ်ပေါ်လာခဲ့တဲ့နောက် နိုင်ငံ့လူဦးရေ ထက်ဝက် ဆင်းရဲမွဲတေ သွားရကြောင်း၊ ဒါ့အပြင် အရေးပေါ် အကူအညီ

လိုအပ်နေသူတွေအတွက် နိုင်ငံတကာ အကူအညီတွေကို တားဆီးပိတ်ပင်တာလို အရှက်အကြောက် ကင်းမဲ့တဲ့ အပြုအမူတွေ လုပ်ခဲ့တဲ့အကြောင်း Tom Andrews ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒ့ါအပြင် စစ်ကောင်စီရဲ့ တပ်တွေဟာ စစ်ဘေးပဋိပက္ခတွေကနေ ထွက်ပြေးလာတဲ့ ကလေးငယ်တွေကိုပါ ပစ်မှတ်ထား တိုက်ခိုက်မှုတွေ ရှိလာနေတဲ့အကြောင်းလည်း ပြောသွားပါတယ်။

**"အခုအချိန်မှာ မြန်မာစစ်တပ်ဟာ မိဘတွေနဲ့ အတူ ဘေးလွတ်ရာကို ထွက်ပြေးလာတဲ့ ကလေးငယ်တွေကိုပါ ပစ်မှတ်ထား တိုက်ခိုက်လာပါတယ်။ မနှစ်က အာဏာသိမ်း ပြီးကတည်းက ကလေးငယ် ၁၀၀ ထက်မနည်း သတ်ဖြတ်ခံခဲ့ရပြီး၊ နောက်ထပ် ကလေးငယ် ၁၀၀ ကျော်လောက်လည်း ပျောက်ဆုံးနေပါတယ်။ ဒီကလေးငယ်တွေဟာ စစ်ကောင်စီရဲ့ ရက်စက်ကြမ်းကြုတ်မှု၊ အညှာအတာ ကင်းမဲ့မှုနဲ့ သူ့ရဲဘောကြောင်မှုတွေရဲ့ သားကောင် ဖြစ်ခဲ့ရတာပါ"**

“လူ့အခွင့်အရေးကောင်စီနဲ့ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မြန်မာပြည်သူတွေအတွက် စကားလုံးတွေနဲ့ ထောက်ခံတာထက် ပိုပြီး ထိရောက်တဲ့ နည်းလမ်းတွေနဲ့ အလုပ်လုပ်ပြီး သက်သေပြဖို့ လိုနေပြီ”

**"မြန်မာနိုင်ငံရဲ့ ဝေးလံတဲ့ ဒေသတစ်ခုက ဖခင်တစ်ဦးနဲ့ ဗီဒီယိုနဲ့ ဆက်သွယ် စကားပြောခွင့် ရခဲ့ပါတယ်။ သူက IDP စခန်းတစ်ခုမှာ ခိုလှုံနေစဉ်အတွင်းမှာ သူ့ရဲ့ ၁၂ နှစ်နဲ့ ၁၅ နှစ်အရွယ် သမီးငယ်နှစ်ဦး အသက်ဆုံးရှုံးခဲ့တာ ရက်ပိုင်းပဲ ရှိပါသေးတယ်။ သူတို့မိသားစု ခိုလှုံနေတဲ့ IDP စခန်းပေါ်ကို စစ်ကောင်စီတပ်တွေက ကြဲချလိုက်တဲ့ ဗုံးပေါက်ကွဲပြီး၊ အိပ်ပျော်နေတဲ့ သူ့ရဲ့ သမီးငယ် နှစ်ဦးလုံး ခန္ဓာကိုယ် တစ်စစီ ဖြစ်ပြီး အသက်ဆုံးခဲ့ရတာပါ။ ဒီလို ဖြစ်ရပ်တွေကို ပြက်ပြက်ထင်ထင် ကြားသိရတာ ကိုယ်တိုင် ဖခင်တစ်ဦးဖြစ်တဲ့ ကျွန်တော့်အနေနဲ့ တကယ်ပဲ စိတ်ထိခိုက်ရပါတယ်။ ဒီလို ရက်စက် ကြမ်းကြုတ်ပြီး၊ အရိုင်းအစိုင်းဆန်တဲ့ လုပ်ရပ်တွေဟာ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ဆက်ဖြစ်နေရုံမကဘဲ၊ အရေအတွက်ရော၊ ပြင်းထန်မှုပါ ပိုတိုးလာနေပါတယ်"**

ဒ့ါအပြင် စစ်တပ်က အာဏာသိမ်းလိုက်တာနဲ့ နောက်ဆက်တွဲ ပဋိပက္ခတွေကြောင့် မြန်မာနိုင်ငံက ကလေးငယ် တစ်သန်းနီးပါး ပုံမှန်ကာကွယ်ဆေးထိုးနံဖို့ ပျက်ကွက်ခဲ့ပြီး၊ ရလဒ်အနေနဲ့ အခုနှစ်မှာ ကလေးငယ် ၃၃၀၀၀ လောက်ဟာ ကာကွယ်ဆေးနဲ့ တားဆီးလို့ ရတဲ့ ရောဂါတွေနဲ့ အသက်သေဆုံး ရနိုင်တယ်လို့လည်း Tom Andrews က ပြောသွား ပါတယ်။

မြန်မာ စစ်ခေါင်းဆောင်တွေရဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး နိုင်ငံတကာက စိုးရိမ်ပူပန် ကြောင်း စကားလုံးနဲ့ပဲ ကြေညာချက် ထုတ်ပြန်နေတာကို စိတ်ကုန်မိတဲ့အကြောင်း၊ ထိရောက်တဲ့ အပြောင်းအလဲတွေ ဖြစ်လာဖို့အတွက် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရတဲ့ အခြေအနေတွေကြောင့် နိုင်ငံတကာက သူတို့အပေါ် သစ္စာဖောက်တယ်လို့ ခံစားနေကြ ရတယ်လို့ သူနဲ့ ဆက်သွယ်စကားပြောခဲ့တဲ့ မြန်မာပြည်သူတွေက ပြောပြတဲ့အကြောင်း သူက ပြောပါတယ်။

အခုအချိန်ဟာ မြန်မာနိုင်ငံက ယောကျ်ား၊ မိန်းမနဲ့ ကလေးအားလုံးအတွက် သေရေးရှင်ရေး အရေးကြီးတဲ့ အခြေအနေ ရောက်လာနေတာကြောင့် လူ့အခွင့်အရေးကောင်စီနဲ့ အဖွဲ့ဝင် နိုင်ငံတွေအနေနဲ့ မြန်မာပြည်သူတွေအတွက် စကားလုံးတွေနဲ့ ထောက်ခံတာထက် ပိုပြီး ထိရောက်တဲ့ နည်းလမ်းတွေနဲ့ အလုပ်လုပ်ပြီး သက်သေပြဖို့ လိုနေပြီလို့ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Tom Andrews က ပြောသွားပါတယ်။

https://www.rfa.org/burmese/news/military-child-target-03242022174635.html

---------------------------------------------------------------------------------------------------------------

## စစ်တပ် အကြမ်းဖက်ပစ်သတ်မှုကြောင့် ကျဆုံးပြည်သူ ၁၇၀၀၊ ဖမ်းဆီးခံရသူ ၁၂၉၀၀ ကျော်ရှိလာ

Published By DVB | 24 March, 2022

မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်း ၁ နှစ်ကျော်ကာလ စစ်ကောင်စီတပ်တွေ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူအယောက် ၁,၇၀၀ နဲ့ ဖမ်းဆီးခံရသူပေါင်း ၁၂,၉၁၃

ယောက်ထိရှိခဲ့တယ်လို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ် ၂၃ ရက်အထိ အေအေပီပီက ကောက်ယူ မှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၉,၈၇၃ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၈၆၈ ယောက်ကတော့ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက် အပါအဝင် ၅၂ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁,၉၇၃ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်းခံထားရသူ ၃၉ ယောက် အပါအဝင် ၁၁၈ ယောက်ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၉၁ ယောက် ရှိပြီဖြစ်ပါတယ်။

မတ် ၂၀ ရက်မနက်အစောပိုင်းက ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ မြို့ကုန်းကျေးရွာ ဘုန်းကြီးကျောင်းကို အကြမ်းဖက်စစ်အုပ်စုတပ်က ဝင်ရောက်စီးနင်းချိန်မှာ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ အားမာန်ပရဟိတအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ကိုသန့်စင်အောင် (ခ) ပြောင်ကြီးဟာ ထွက်ပြေးခဲ့တာကြောင့် ပစ်သတ်ခံခဲ့ရကြောင်း သိရှိရပါတယ်။ ကိုသန့်စင်အောင် (ခ) ပြောင်ကြီးဟာ ခြေထောက်နဲ့ ဦးခေါင်းတို့မှာ သေနတ်ဒဏ်ရာတွေ ရရှိကာ ကျဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

မတ် ၁၈ ရက်ကတော့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝယ်ပေါင်ကျေးရွာအနီးက ကားဝပ်ရှော့တစ်ခုမှာ မွန်ပြည်နယ်အခြေပြု တော်လှန်ရေးအဖွဲ့ (MSRO)ရဲ့ အဖွဲ့ဝင်တွေ မော်တော်ယာဉ်ပြုပြင်နေချိန် အရပ်ဝတ်နဲ့ စစ်သားတွေ ရောက်ရှိလာပြီး ပစ်ခတ်ခဲ့တာကြောင့် ရေးမြို့ အဏ္ဏဝါရပ်ကွက်မှာ နေထိုင်တဲ့ အသက် ၁၅ နှစ်အရွယ် မောင်ခိုင်ကျော်လင်းထွန်း ကျဆုံးသွားခဲ့ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နေသူ တယောက်ဖြစ်တဲ့ ကိုအောင်ခန့်ဟိန်းဟာလည်း သေနတ်ဒဏ်ရာနဲ့ ဖမ်းဆီးခံခဲ့ရပါတယ်။ ကိုအောင်ခန့်ဟိန်းဟာ ဆေးကုသခွင့်မရဘဲ မတ် ၂၀ ရက် ညအချိန်က စစ်ကြောရေးမှာ ကျဆုံးသွားခဲ့တယ်လို့ သိရပါ တယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/523868

---

## နယ်ခြားစောင့်ရဲတပ်သား ၁ ဦး ပြည်သူ့ရင်ခွင်ခိုလှုံ

Published By DVB | 24 March, 2022

နယ်ခြားစောင့် ရဲတပ်သားတယောက် ပြည်သူ့ရင်ခွင် ခိုလှုံလာပြီး ဒီကနေ့ မတ် ၂၄ ရက်မှာတော့ လွတ်မြောက်နယ်မြေဆီ ပို့ဆောင်ပေးနိုင်ခဲ့ပြီလို့ ဆောနဲ့ ကျောက်ထုအခြေစိုက် The Youth Force (Saw & Kyaukhtu) အဖွဲ့က ထုတ်ပြန်ထားပါတယ်။

ကိုယ်ပိုင်အမှတ် လ/ ၂၅၂၆၂၃ ၊ နယ်ခြားစောင့်ရဲတပ်သား ကိုသန့်ဇင်ကိုဟာ ပြီးခဲ့တဲ့ မတ် ၂၂ ရက်က တာဝန်က ရပ်နားပြီး CDM ပြုလုပ်ကာ ပြည်သူ့ရင်ခွင်ဝင်ရောက်လာခဲ့တာကြောင့် ကောင်းမွန်စွာ စောင့်ရှောက်ထားခဲ့ပြီး ခုလိုပို့ဆောင်ပေးခဲ့တာလို့ ဆိုပါတယ်။

ဒါ့အပြင် နောင်မှာလည်း စစ်လက်နက်ပစ္စည်းအပြည့်အစုံ (Full Equipment) နဲ့ တကွ အဖွဲ့ဆီ ဆက်သွယ်ဝင်ရောက်လာရင်လည်း ထိုက်တန်တဲ့ ဆုကြေးငွေပေးအပ်ပြီး ခုလိုပဲ လွတ်မြောက်နယ်မြေ ရောက်ရှိအောင် ပို့ဆောင်ပေးသွားမယ်လို့ အသိပေးထားပါတယ်။

The Youth Force (Saw&Kyaukhtu) အဖွဲ့ကတော့ ယောနယ်ကာကွယ်ရေးတပ်ဖွဲ့ Yaw Defence Force (Saw&Kyaukhtu) ကနေ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၈ ရက်မှာ နုတ်ထွက်လိုက်ပြီး သီးခြားလှုပ်ရှားဆောင်ရွက်နေတဲ့ အဖွဲ့တဖွဲ့ ဖြစ်ပါတယ်။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

လက်ရှိမှာတော့ ပြည်သူလူထုကို အကြမ်းဖက်သတ်ဖြတ်နေတဲ့ စစ်ကောင်စီရဲ့ လုပ်ရပ်တွေကို မလိုလား မနှစ်မြို့ကြတဲ့ အရာရှိ၊ စစ်သည်တွေ၊ ရဲတပ်သားတွေဟာ  သူတို့ရဲ့ ဂုဏ်သိက္ခာ၊ မျိုးဆက်တွေရဲ့ ဂုဏ်သိက္ခာကို ပြန်လည်ရယူဖို့ စစ်အာဏာရှင်ရဲ့ လက်ကိုင်တုတ်အဖြစ်က ရုန်းထွက်ပြီး ပြည်သူ့ဘက် ကူးပြောင်းရပ်တည်လာတာ တဖြည်းဖြည်း များပြားလာနေပါတယ်။

တပ်မတော်ကို အလွဲသုံးစားပြုလုပ်နေတဲ့ လက်တဆုပ်စာ စစ်ဗိုလ်ချုပ်တစုရဲ့ လက်ကိုင်တုတ် ခါးပိုက်ဆောင်တပ်အဖြစ်မှ ရုန်းထွက်ပြီး ပြည်သူ့ရင်ခွင် အမြန်ဆုံးခိုဝင်ကြဖို့ တပ်မတော်သားတွေ၊ ရဲတပ်သားတွေကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က  တိုက်တွန်းနိုးဆော်ထားပါတယ်။

စစ်အာဏာသိမ်းကာလ ၁ နှစ်ကျော်အတွင်း CDM လှုပ်ရှားမှုမှာ ပါဝင်လာသူတွေနဲ့  ပြည်သူ့ ရင်ခွင်ခိုလှုံလာတဲ့ တပ်မတော်သားတွေလည်း ထောင်နဲ့ချီ ရှိလာနေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် အင်အားကြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဖြစ်ကြတဲ့ ကချင်လွတ် မြောက်ရေးတပ်မတော် (ကေအိုင်အေ)နဲ့ ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) တို့လို အဖွဲ့အစည်းတွေကလည်း စစ်အာဏာရှင်ဆန့်ကျင်ကာ ပူးပေါင်းလိုတဲ့ ရှေ့တန်းရောက် မြန်မာ့တပ်မတော်သားတွေ၊ ရဲတပ်သားတွေကို လက်ကမ်းကြိုဆိုနေကြပါတယ်။

https://burmese.dvb.no/archives/523934

----------------------------------------------------------------------------------------------------------------

## ပြည်သူ့ရင်ခွင်ခိုလှုံလာသူ တပ်မတော်သားနှင့် ရဲတပ်သားများကို NUG က ဂုဏ်ပြုတွေ့ဆုံ

Published By DVB | 24 March, 2022

အာဏာသိမ်း စစ်ကောင်စီလက်အောက်မှာ တာဝန်မထမ်းဆောင်လိုဘဲ ပြည်သူ့ရင်ခွင် ခိုလှုံလာကြတဲ့ တပ်မတော်သားတွေ၊ ရဲတပ်သားတွေကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က လွတ်မြောက်နယ်မြေတနေရာမှာ ဂုဏ်ပြုတွေ့ဆုံခဲ့တယ်လို့ သတင်းထုတ်ပြန်ပါတယ်။

ဒီတွေ့ဆုံပွဲနဲ့ ဂုဏ်ပြုညစာစားပွဲကိုတော့ ပြီးခဲ့တဲ့ မတ် ၁၉ ရက်က ပြုလုပ်ခဲ့ပြီး အမျိုးသားညီညွတ်ရေးအစိုးရ တာဝန်ရှိသူတွေ၊ ပြည်သူ့ရင်ခွင်ခိုလှုံရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်မှု ကော်မတီဝင်တွေ၊ မဟာမိတ်တော်လှန်ရေးအဖွဲ့အစည်းမှ စစ်ဘက်၊ အရပ်ဘက်ဆိုင်ရာတာဝန်ရှိသူတွေ၊ ပြည်သူ့ရင်ခွင်ခိုလှုံလာတဲ့ တပ်သား၊ ရဲသားတွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေ တက်ရောက်ခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒ့ါအပြင် NUG အစိုးရ ယာယီသမ္မတ ဒူဝါလရှီးလနဲ့ ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်တို့က ပေးပို့တဲ့ အားပေးစကားနဲ့ ဂုဏ်ပြုသဝဏ်လွှာတွေကို ဖတ်ကြားခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူတွေက လက်ရှိအမျိုးသားညီညွတ်ရေးအစိုးရရဲ့ လုပ်ငန်းတွေကို ရှင်းလင်းပြောကြားခဲ့ကြပြီး ရှေ့ဆက်လုပ်ဆောင်မယ့် လုပ်ငန်းတွေကို ပြည်သူ့သားကောင်း တပ်သားတွေ၊ ရဲတွေနဲ့ အပြန်အလှန် ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။

လက်ရှိမှာတော့ ပြည်သူလူထုကို အကြမ်းဖက်သတ်ဖြတ်နေတဲ့ စစ်ကောင်စီရဲ့ လုပ်ရပ်တွေကို မလိုလား မနှစ်မြို့ကြတဲ့ အရာရှိ၊ စစ်သည်တွေဟာ  သူတို့ရဲ့ ဂုဏ်သိက္ခာ၊ မျိုးဆက်တွေရဲ့ ဂုဏ်သိက္ခာကို ပြန်လည်ရယူဖို့ စစ်အာဏာရှင်ရဲ့ လက်ကိုင်တုတ်အဖြစ်က ရုန်းထွက်ပြီး ပြည်သူ့ဘက် ကူးပြောင်းရပ်တည်လာတာ တဖြည်းဖြည်း များပြားလာနေပါတယ်။

တပ်မတော်ကို အလွဲသုံးစားပြုလုပ်နေတဲ့ လက်တဆုပ်စာ စစ်ဗိုလ်ချုပ်တစုရဲ့ လက်ကိုင်တုတ် ခါးပိုက်ဆောင်တပ်အဖြစ်မှ ရုန်းထွက်ပြီး ပြည်သူ့ရင်ခွင် အမြန်ဆုံးခိုဝင်ကြဖို့ တပ်မတော်သားတွေကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က  တိုက်တွန်းနှိုးဆော်ထား ပါတယ်။

စစ်အာဏာသိမ်းကာလ ၁ နှစ်ကျော်အတွင်း CDM လှုပ်ရှားမှုမှာ ပါဝင်လာသူတွေနဲ့  ပြည်သူ့ ရင်ခွင်ခိုလှုံလာတဲ့ တပ်မတော်သားတွေလည်း ထောင်နဲ့ချီ ရှိလာနေပြီ ဖြစ်ပါတယ်။

ဒ့ါအပြင် အင်အားကြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဖြစ်ကြတဲ့ ကချင်လွတ် မြောက်ရေးတပ်မတော် (ကေအိုင်အေ)နဲ့ ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) တို့လို အဖွဲ့အစည်းတွေကလည်း စစ်အာဏာရှင်ဆန့်ကျင်ကာ ပူးပေါင်းလိုတဲ့ ရှေ့တန်းရောက် မြန်မာ့တပ်မတော်သားတွေ၊ ရဲတွေကို လက်ကမ်းကြိုဆိုနေကြပါတယ်။

https://burmese.dvb.no/archives/523900

--------------------------------------------------------------------------------------------------------

## ကိုးကန့် BGF သို့မဟုတ် မြန်မာစစ်အုပ်စု၏ ရာဇဝတ်မဟာမိတ်

By ဧရာဝတီ | 24 March 2022

၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်တွင် ခမ်းနားသော အခမ်းအနားတခု ကျင်းပသောအခါ နိုင်ငံ၏ စစ်အုပ်စုအကြီးအကဲနှင့် လွန်ခဲ့သောနှစ်က အာဏာသိမ်း ခေါင်းဆောင်က “နိုင်ငံတိုးတက်ရေး” ထူးထူးခြားခြား စွမ်းဆောင်ပေးသူများကိုပေးသည့် အမြင့်ဆုံးဆုကို နိုင်ငံတကာတွင် မထင်ရှားသည့် လုပ်ငန်းရှင်တဦးဖြစ်သော လျူကျန်ရှောင်ကို ပေးအပ်သည်။

တရုတ်နယ်စပ်အနီး တစိတ်တပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အဓိက ခေါင်းဆောင်တဦးဖြစ်သူ လျူသည် သူ၏ မြေအောက်လောကမှ အဆက်အသွယ်များကို အသုံးချကာ စစ်ကောင်စီအတွက် ငွေကြေးထောက်ပံ့ခဲ့သည်မှာ သေချာသည်။

သို့သော် သူ၏ အကြီးမားဆုံး အကျိုးပြုမှုသည် အာဏာမသိမ်းမီက အစီအစဥ်များမှ အဓိကလာခြင်းဖြစ်သည်။ လျူသည် ကိုးကန့်ခရိုင်တွင် စစ်အုပ်စုက ကမကထပြုသည့် နယ်ခြားစောင့်တပ် (BGF) ကို တည်ထောင်သူ ဖြစ်သည်။

*ယနေ့တွင် မြန်မာစစ်ကောင်စီသည် တနိုင်ငံလုံး လက်နက်ကိုင် ပုန်ကန်မှုကြောင့် လှုပ်ခါနေချိန်တွင် နယ်ခြားစောင့်တပ်များသည် စစ်အုပ်စု၏ ပုန်ကန်မှုနှိမ်နင်းရေး သေနင်္ဂဗျူဟာတွင် အရေးပါသော အခန်းမှ ပါဝင်သည်။*

ယနေ့တွင် မြန်မာစစ်ကောင်စီသည် တနိုင်ငံလုံး လက်နက်ကိုင် ပုန်ကန်မှုကြောင့် လှုပ်ခါနေချိန်တွင် နယ်ခြားစောင့်တပ်များသည် စစ်အုပ်စု၏ ပုန်ကန်မှုနှိမ်နင်းရေး သေနင်္ဂဗျူဟာတွင် အရေးပါသော အခန်းမှ ပါဝင်သည်။

ယခုအခါ စစ်အုပ်စု၏ ကွပ်ကဲမှုအောက်သို့ ရောက်သွားပြီဖြစ်သည့် ယခင် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော BGF သည် မြန်မာမှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ထိန်းချုပ်ထားသည့် ဒေသများနှင့် နီးကပ်သောနေရာဖြစ်သည့် တရုတ်နှင့် ထိုင်းနယ်စပ်တလျှောက် ဒေသများတွင် လှုပ်ရှားနေသည်။

ပုန်ကန်မှုများကို နှိမ်နင်းရန် ဗိုလ်ချုပ်များ၏ အကြံအစည်အတွက် အဓိကကျသော BGF များသည် အရေးပါသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဆန့်ကျင်သည့် တိုးချဲ့အင်အားများအဖြစ် ထမ်းဆောင်ကြပြီး စစ်မြေပြင်ထောက်လှမ်းရေး သတင်းပေးခြင်း၊ သယ်ယူပို့ဆောင်ရေး အထောက်အကူပေးခြင်းနှင့် တပ်အင်အားပေးခြင်းပင် ပြုလုပ်ကြသည်။

ထို့အပြင် BGF များ၏ နယ်စပ်ဖြတ်ကျော် တရုတ်နှင့် ထိုင်း အဆက်အသွယ်များသည်လည်း စစ်ကောင်စီ ဝါဒဖြန့်ချိမှုများကို နိုင်ငံတကာသိအောင် လုပ်ရာတွင် အထောက်အကူပြုပြီး စစ်ကောင်စီနှင့် အိမ်နီးချင်းများအကြား ဆက်ဆံရေး ပိုမိုကောင်းမွန်စေသည်။

ဗိုလ်ချုပ်များကို ၎င်းတို့ပေးသော အကူအညီများအတွက် BGF ခေါင်းဆောင်များသည် တရားမဝင် စီးပွားရေး လုပ်ငန်းများ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရပြီး နိုင်ငံတဝှမ်း လုပ်ငန်းစုများ ထူထောင်ထားသည့် စစ်တပ်ထိန်းချုပ်ထားသော စီးပွားရေးတွင်လည်း အထူးပါဝင်ခွင့်ရသည်။ ထိုလုပ်ငန်းများသည် အာဏာသိမ်းစစ်ကောင်စီကို ငွေကြေးအမြောက်အများကို ရှာဖွေပေးသည်။

တရုတ်နယ်စပ် BGF များအနက် ကိုးကန့်နယ်ခြားစောင့်တပ်သည် ကိုးကန့်အထူးအုပ်ချုပ်ခွင့်ရဒေသကို ထိန်းချုပ်ထားသောကြောင့် စစ်ကောင်စီအတွက် အရေးပါသည်။ ထိုဒေသသည် တရုတ်နိုင်ငံ၏ အရေးအပါဆုံးသော ကုန်သွယ်ရေးစင်္ကြံများအနက် တခုဖြစ်သည့် ယူနန်ပြည်နယ်ထဲသို့ မြားဦးသဖွယ် ဝင်ရောက်နေသည်။

*၎င်းတို့သည် တရုတ်ရာဇဝတ် မြေအောက်လောကနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပြီး မူးယစ်ဆေး မှောင်ခိုခြင်းနှင့် အွန်လိုင်းလောင်းကစားခြင်းတွင် အကြီးအကျယ် ပါဝင်ပတ်သက်နေသော်လည်း ဒေသဆိုင်ရာ တရုတ်ကွန်မြူနစ်ပါတီ အရာရှိများနှင့် နီးကပ်သော ဆက်ဆံရေးကို ထိန်းသိမ်းထားသည်။*

၎င်းတို့သည် တရုတ်ရာဇဝတ် မြေအောက်လောကနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပြီး မူးယစ်ဆေး မှောင်ခိုခြင်းနှင့် အွန်လိုင်းလောင်းကစားခြင်းတွင် အကြီးအကျယ် ပါဝင်ပတ်သက်နေသော်လည်း ဒေသဆိုင်ရာ တရုတ်ကွန်မြူနစ်ပါတီ အရာရှိများနှင့် နီးကပ်သော ဆက်ဆံရေးကို ထိန်းသိမ်းထားသည်။

ထိုင်းနယ်စပ်တွင် ကရင် BGF သည် အဓိကအဖွဲ့အစည်းဖြစ်ပြီး ထိုင်းနိုင်ငံသို့ အရေးပါသည့် သယ်ယူပို့ဆောင်ရေး စင်္ကြံကို ထိန်းချုပ်ထားသည်။ ၂၀၁၆ ခုနှစ်မှစတင်ပြီး ကရင် BGF သည် အမည်ဆိုးကျော်ကြားလှသည့် တရုတ်ရာဇဝတ်ကွန်ရက်နှင့် မဟာမိတ်ဖွဲ့ကာ အရွယ်အစားနှင့် ဩဇာအရ သိသိသာသာ တိုးချဲ့လာပြီး ၎င်းတို့၏ ဌာနချုပ်ကို ဒေသတွင်း ရာဇဝတ်မှု အချက်အခြာဒေသအဖြစ် ပြောင်းလဲလာသည်။

BGF များသည် မြန်မာမှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများလောက် လူသိများခြင်း မရှိသော်လည်း အာဏာသိမ်းစစ်ကောင်စီသို့ ၎င်းတို့၏ အကျိုးပြုမှုများကို နားလည်ခြင်းသည် နိုင်ငံကို ထိန်းချုပ်ရန် စစ်ကောင်စီ၏ အကြမ်းဖက် စစ်ဆင်ရေးကို အကဲဖြတ်ရာတွင် အရေးပါသည်။

**မင်းအောင်လှိုင်၏ တရုတ်နယ်စပ်မှ မဟာမိတ် ကိုးကန့် BGF မိသားစုများ**

မြန်မာမှ BGF အများစုကို တိုင်းရင်းသားလက်နက်ကိုင်များ ငြိမ်သက်သွားစေရန် ၂၀၀၀ ပြည့်နှစ်များ နှောင်းပိုင်းတွင် ဖွဲ့စည်းသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ရာဇဝတ်မကင်းသည့် ကြီးမားသော စီးပွားရေး အင်ပါယာများ ထူထောင်ခွင့်ရရေး စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်တွင် ရှိရမည်ဟု စစ်အုပ်စုက တောင်းဆိုသည်။

အာဏာသိမ်းစစ်ခေါင်းဆောင်က လျူကျန်ရှောင်ကို အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဘွဲ့ ချီးမြှင့်စဉ်

ကိုးကန့် BGF ကို ထူထောင်သူများအနက် တဦးဖြစ်သော လျူကျန်ရှောင် (လီကျိန်းချန်) သည် Fully Light ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် လူသိများသည်။ ထိုကုမ္ပဏီသည် ဒေါ်လာသန်း ဘီလီယံပေါင်းများစွာတန်သည့် စီးပွားရေးလုပ်ငန်းစုနှင့် တရုတ်နိုင်ငံမှ တရားမဝင် အွန်လိုင်းလောင်းကစား လုပ်ငန်းများတွင် အဓိကကျသော လုပ်ငန်းတခုဖြစ်သည်။

ထိုကုမ္ပဏီသည် ကြီးမားသော ကာစီနိုလောင်းကစား လုပ်ငန်းများ၊ ဟိုတယ်များ၊ ကြီးမားသော အွန်လိုင်းလောင်းကစား လုပ်ငန်းများကို ကိုးကန့်၊ ကရင်ပြည်နယ်နှင့် ကမ္ဘောဒီးယားနိုင်ငံရှိ စီဟန်နောက်ဗီးလ် တို့တွင် လုပ်ကိုင်နေသည်။

*ကိုးကန့် BGF နှင့် ပတ်သက်သည့် လုပ်ငန်းစုကြီး ၄ ခုအနက်တခုဖြစ်သည့် Fully Light သည် ၂၀၀၉ ခုနှစ်တွင် ကိုးကန့် BGF ကို တည်ထောင်ချိန်မှ စတင်ပြီး မြန်မာနိုင်ငံတဝှမ်းတွင် လုပ်ငန်းခွဲပေါင်း ၃၀ ကျော် ထူထောင်သည်။*

ကိုးကန့် BGF နှင့် ပတ်သက်သည့် လုပ်ငန်းစုကြီး ၄ ခုအနက်တခုဖြစ်သည့် Fully Light သည် ၂၀၀၉ ခုနှစ်တွင် ကိုးကန့် BGF ကို တည်ထောင်ချိန်မှ စတင်ပြီး မြန်မာနိုင်ငံတဝှမ်းတွင် လုပ်ငန်းခွဲပေါင်း ၃၀ ကျော် ထူထောင်သည်။

အဓိက ရင်းနှီးမြှုပ်နှံမှုများတွင် တရုတ်နိုင်ငံ ကျန်ကန်းခရိုင်မှ ကျောက်စိမ်းစက်ရုံနှင့် ရောင်းဝယ်ရေး လုပ်ငန်းဖြစ်သည့် ရွှေရှောင် ကုန်သွယ်ရေးလီမိတက်တွင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံခြင်းအပါအဝင် အိမ်နီးချင်း ကချင်ပြည်နယ်မှ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်း ၂ ခု၊ စစ်ကိုင်းတိုင်းတွင် ကျောက်မီးသွေးမိုင်းတခု၊ မန္တလေးတွင် ဒေါ်လာ ၁ ဘီလီယံကုန်ကျပြီး ဝါရှင်တန် ဒီစီထက် ကျယ်သော မြို့သစ်စီမံကိန်း၊ လားရှိုးအနီးတွင် စတုရန်း ကီလိုမီတာ ၂၀ ကျော်သော ကြံစိုက်ခင်း၊ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးကို အထူးပြုသော ထုတ်ကုန်သွင်းကုန် ကုမ္ပဏီ အများအပြား၊ အထူးသဖြင့် Fully Light က လက်ဝါးကြီးအုပ်ထားသည့် သကြားကုန်သွယ်မှုလုပ်ငန်းတို့ ပါဝင်သည်။

ဒီမိုကရေစီအစိုးရကို လွန်ခဲ့သောနှစ်က ဖြုတ်ချခဲ့သည့် အာဏာသိမ်းခေါင်းဆောင်ထံမှ ဆုကို လျူမည်သို့ ရယူခဲ့သနည်း။ တရုတ် မီဒီယာသတင်းများအရ လျူသည် ဗိုလ်ချုပ်များအလိုကျ ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒကို ကိုယ်စားပြုသည့် အထိမ်းအမှတ်များ ဆောက်လုပ်ရန် နိုင်ငံတဝှမ်းမှ ရှေးရိုးစဉ်လာ ဗုဒ္ဓဘာသာ ဖောင်ဒေးရှင်းများသို့ ကျပ်ငွေ ၁ ဒသမ ၈၅ သန်း (ဒေါ်လာ ၁ သန်း) လှူကြောင်း သိရသည်။

အာဏာသိမ်းပြီးနောက် စစ်ကောင်စီ၏ ကိုဗစ်နိုင်တင်း တုံ့ပြန်မှုများ၊ အများပြည်သူနှင့် ပတ်သက်သည့် စီမံကိန်းများနှင့် အများပြည်သူအုပ်ချုပ်ရေး တိုးတက်မှုများအတွက်လည်း လျူ၏ Fully Light ကုမ္ပဏီသည် အကြိမ်ကြိမ်လှူသည်။

လျူမိသားစုသည် စစ်ကောင်စီနှင့် အနီးကပ်ဆုံး ဆက်ဆံရေး တည်ဆောက်ထားသကဲ့သို့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ခေါင်းဆောင်မှုတွင် ပါဝင်သည့် အခြားဆွေမျိုးစု ၃ စုမှ ခေါင်းဆောင်များဖြစ်သည့် ဘိုင်၊ ဝေ နှင့် လီ တို့ကလည်း စစ်ကောင်စီသို့ အလားတူ လှူသည်။

ငွေကြေးထောက်ပံ့ခြင်းအပြင် ကိုးကန့် BGF သည် စစ်ကောင်စီကို အခြားနည်းမျိုးစုံဖြင့်လည်း ကူညီသည်။

**နည်းပညာဆိုင်ရာ အကူအညီ။** ။ အာဏာသိမ်းပြီးနောက် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခေါင်းဆောင်ပိုင်းက အကြမ်းဖက်မှု တိုက်ဖျက်ရေးဟု ၎င်းတို့ခေါ်သည့် ကိစ္စများတွင် ကိုးကန့်ရဲအဖွဲ့အား

ပါဝင်လုပ်ဆောင်စေပြီး မြန်မာရဲတပ်ဖွဲ့ကို ကူညီကာ စစ်အုပ်ချုပ်ရေးအပေါ် လူထုဆန့်ကျင်မှု ပုံစံအားလုံးကို ဖြိုခွဲခဲ့သည်။ ကိုးကန့်နယ်ခြားစောင့်ရဲသည် ထိုလုပ်ငန်းများကို ကိုးကန့်ရုပ်သံတွင် လူသိရှင်ကြား ထုတ်ပြန်ကြေညာသည်။

*ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခေါင်းဆောင်ပိုင်းသည် စစ်ကောင်စီ၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) တွင်လည်း ရာထူးများ ယူထားပြီး အမျိုးသားနှင့် ရှမ်းပြည်နယ် လွှတ်တော်များတွင် ပါတီကို ကိုယ်စားပြုသည်။*

**နိုင်ငံရေးအရ ထောက်ခံမှု။** ။ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခေါင်းဆောင်ပိုင်းသည် စစ်ကောင်စီ၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) တွင်လည်း ရာထူးများ ယူထားပြီး အမျိုးသားနှင့် ရှမ်းပြည်နယ် လွှတ်တော်များတွင် ပါတီကို ကိုယ်စားပြုသည်။ ကိုးကန့် USDP ရုံးခွဲသည် ၂၀၂၃ ခုနှစ်တွင် စစ်ကောင်စီကျင်းပမည့် ရွေးကောက်ပွဲကို ထောက်ခံပြီး တရုတ်-မြန်မာနယ်စပ်တွင် စစ်ကောင်စီ ထောက်ခံရေး ချီတက်ပွဲပင် ပြုလုပ်သည်။ ထိုလုပ်ရပ်များအားလုံးကို တရုတ်နိုင်ငံ၏ WeChat တွင် ချဲ့ကားပြီး တရုတ်နိုင်ငံမှ သဘောထားအမြင်များကို လွှမ်းမိုးရန် လုပ်ဆောင်သည်။

**တရုတ်နှင့် စီးပွားရေး အဆက်အသွယ်။** ။ ကိုးကန့် BGF ခေါင်းဆောင်များသည် ယူနန်ပြည်နယ်တွင် ခိုင်မာသော ဆက်ဆံရေး ထိန်းသိမ်းထားသည်။ အထူးသဖြင့် ကျန်ကန်းမြို့နယ်၊ လင်ချန်မြို့မှ ဒေသဆိုင်ရာနှင့် ယူနန်ပြည်အနယ် အစိုးရအတွင်းမှ အရာရှိများနှင့် ခိုင်မာသော ဆက်ဆံရေး ထိန်းသိမ်းထားပြီး ၎င်းတို့၏ စီးပွားရေးများသည် ထိုဆက်ဆံရေးများကို အကောင်းဆုံးအသုံးချကာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီအတွက် အထောက်အကူဖြစ်စေမည့် စီးပွားရေးအစီအစဉ်များကို လုပ်ဆောင်သည်။

ဥပမာအားဖြင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ လီကျန်ဖူနှင့် ကောင်စီဝင် ဘိုင် ယင်နန်တို့သည် အရေးပါလှသော တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ပြန်လည် ဖွင့်ပေးရေးအတွက် လင်ချန်မြို့မှ အရာရှိများနှင့် ၂၀၂၁ ခုနှစ်တခုလုံး အကြိမ်ကြိမ် တွေ့ဆုံသည်။

ကိုးကန့် BGF သည် နောင်တွင် တရုတ် ကုန်သွယ်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းရန် နယ်စပ်ဖြတ်ကျော် ကျန်းမာရေးဌာနတခု တည်ဆောက်ရေး အဆင်ပြေအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဩဂုတ်လက အွန်လိုင်း ဗီဒီယိုမှတဆင့် ကျင်းပသည့် တရုတ်-မြန်မာ ကုန်စည်ပြပွဲနှင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း RCEP အစည်းအဝေး ကျင်းပရေးတို့တွင် အရေးပါသောအခန်းမှ ပါဝင်သည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲက လောက်ကိုင်မြို့/ဧရာဝတီ

ကိုးကန့်အထက်လွှာများသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးကိုလည်း အကြီးအကျယ် ထောက်ခံကြပြီး ကျောက်ဖြူမှ တရုတ်-မြန်မာပိုက်လိုင်း စီမံကိန်းနှင့် ဆက်စပ်နေသည့် LNG အဆောက်အအုံ တိုးချဲ့ရေးအတွက် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တခုကိုလည်း လုပ်ကိုင်ကြသည်။

ကိုးကန့် အထူးအုပ်ချုပ်ခွင့်ရဇုန် ခေါင်းဆောင်များ မည်သည့်အတွက် မင်းအောင်လှိုင်ကို ကူညီသနည်း

ထိုအဖြေကို ၂၀၀၉ ခုနှစ်က ကိုးကန့်အထူးအုပ်ချုပ်ခွင့်ရဇုန်နှင့် BGF ကို ထူထောင်သည့် မူလရင်းမြစ်တွင် တွေ့နိုင်သည်။ ထိုစဉ်က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခေါင်းဆောင်သည့် စစ်ဆင်ရေးတခုသည် ၂၀၀၉ ခုနှစ်တွင် BGF လုပ်ရန် ငြင်းဆန်သည့် ကိုးကန့်တပ်မတော် (မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်-MNDAA) ကို ချေမှုန်းလိုက်သည်။

ထိုစစ်ပွဲအပြီးတွင် MNDAA ဒုတိယ စစ်ဦးစီးချုပ်ဟောင်း ဘိုင် ဆိုချန် ဦးဆောင်သည့် ကိုးကန့်ဆွေမျိုးစု ၄ စု စစ်အုပ်စုဘက်သို့ ဘက်ပြောင်းသွားကြပြီး ကိုးကန့်ကို အုပ်ချုပ်ခွင့် ရရေးအတွက် စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်မှ ပြည်သူ့စစ်များလုပ်ရန် သဘောတူကြသည်။ ဆန့်ကျင်ဘက် ဖြစ်နေသည်မှာ မြန်မာစစ်တပ်သည် ထိုစဉ်က MNDAA ကို တိုက်ခိုက်ခြင်းသည် မူးယစ်မှောင်ခိုမှု တိုက်ဖျက်ရန် ဖြစ်သည်ဟု ဆိုသော်လည်း ကိုးကန့် BGF ကို ၎င်းတို့ စိတ်တိုင်းကျ တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ခွင့် ပေးခဲ့သည်။

**ကိုးကန့် ရာဇဝတ်ကောင်များ**

တရုတ်တရားရုံးအမှုများသည် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန်မှတဆင့် ပြုလုပ်သည့် များပြားလှသော မူးယစ်မှောင်ခိုမှုများနှင့် ထိုအမှုများတွင် ဇုန်အတွင်းမှ ထိပ်တန်းစီးပွားရေး လုပ်ငန်းများ ပါဝင်ပတ်သက်သည့် ကျယ်ပြန့်သော အထောက်အထားများ ရှိနေသည့်တချိန်တည်းတွင် ကိုးကန့်စီးပွားရေး၏ အခြေခံမှာ တရုတ်နိုင်ငံသားများကို ပစ်မှတ်ထားသည့် တရားမဝင် လောင်းကစားလုပ်ငန်း ဖြစ်နေသည်မှာ ကြာပြီဖြစ်သည်။

နယ်စပ်ဖြတ်ကျော် လောင်းကစားလုပ်ငန်းတွင် ပါဝင်ပတ်သက်သည့် တရုတ်နိုင်ငံသားများသည် တရုတ် တရားဥပဒေ စိုးမိုးရေး၏ ဖြိုခွင်းမှုကို ခံကြရသည်။ အထူးသဖြင့် ၂၀၁၉ ခုနှစ် နောက်ပိုင်းတွင် စတင်သည့် ပြင်းထန်သော ဖြိုခွဲမှုများနောက်တွင် အရေးယူခံကြရသည်။

သို့သော် မြန်မာနိုင်ငံတွင်း သက်ရောက်မှုမှာ ကိုးကန့်ခေါင်းဆောင်များ ပိုင်ဆိုင်သည့် ကာစီနိုလုပ်ငန်းများသည် ပိုမို၍ပင် ဩဇာကြီးမားလာခြင်း ဖြစ်သည်။ ကာစီနိုလုပ်ငန်း လုပ်ကိုင်သူများတွင် လျူ ဆွေမျိုးစုပိုင်သည့် Fully Light ၊ ဝေ ဆွေမျိုးစုပိုင်သည့် ဟန်လေ ကာစီနို၊ ဘိုင် ဆွေမျိုးစုပိုင်သည့် ဘိုင်ရှန်း ကာစီနိုတို့ ပါဝင်သည်။

*ကိုးကန့်၊ ကမ္ဘောဒီးယားနိုင်ငံရှိ ဆီဟာနုဗီးလ်နှင့် ကရင် BGF ထိန်းချုပ်သည့် ကရင်ပြည်နယ်မှ Fully Light ပိုင် ကာစီနိုရုံများသည် ထိုသို့သော သက်ရောက်မှုများကို ပြသနေသည်။ ထိုကုမ္ပဏီများက တရုတ်အင်တာနက်၊ လူမှုကွန်ရက်နှင့် ဘဏ်စနစ်များ အသုံးပြုခြင်းကို တရုတ်နိုင်ငံ၏ ဖြိုခွဲမှုများက တားဆီးနိုင်ခြင်း မရှိပေ။*

ကိုးကန့်၊ ကမ္ဘောဒီးယားနိုင်ငံရှိ ဆီဟာနုဗီးလ်နှင့် ကရင် BGF ထိန်းချုပ်သည့် ကရင်ပြည်နယ်မှ Fully Light ပိုင် ကာစီနိုရုံများသည် ထိုသို့သော သက်ရောက်မှုများကို ပြသနေသည်။ ထိုကုမ္ပဏီများက တရုတ်အင်တာနက်၊ လူမှုကွန်ရက်နှင့် ဘဏ်စနစ်များ အသုံးပြုခြင်းကို တရုတ်နိုင်ငံ၏ ဖြိုခွဲမှုများက တားဆီးနိုင်ခြင်း မရှိပေ။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ အစောပိုင်းမှ စတင်ပြီး Fully Light ၏ GoBo East Casino သည် အွန်လိုင်းတွင် ဆက်လက် လုပ်ကိုင်နေပြီး လောင်းကစားသမားများ အနေဖြင့် တရုတ်နိုင်ငံ၏ Unipay ကို အသုံးပြုခွင့်ပေးသည်။ GoBo East သည် ကွေ့ကျိုးနှင့် ရှန်ရှီပြည်နယ်များမှ တရုတ်လူဆိုးဂိုဏ်းခေါင်းဆောင် အများအပြားကို စီရင်သည့် အမှုများတွင် ပါဝင်ပတ်သက်ကြောင်း ပြသနေပြီး ဆက်လက်လည်း လုပ်ကိုင်နေသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲက လောက်ကိုင်မြို့/ဧရာဝတီ

ဖေဖော်ဝါရီလ အစောပိုင်းတွင် တရုတ်နိုင်ငံ မီဒီယာများက ထိုတရားမဝင် လုပ်ငန်းများ၏ ပိုမိုဆိုးရွားသော အခြေအနေများကိုပင် ဖွင့်ချလိုက်ပြီး ကိုးကန့်နှင့် တရုတ်လူဆိုးဂိုဏ်းများသည် တရုတ်အမျိုးသားများကို ကိုးကန့်သို့ သွေးဆောင်ကာ ပိတ်လှောင်ထားရန် ရည်ရွယ်သည့် Tik Tok အကောင့်များကို ပူးတွဲတည်ထောင်သည်ဟု ဖော်ပြခဲ့သည်။

မြင့်မားသောလစာနှင့် ချောမောလှပသည့် ကိုးကန့် အမျိုးသား၊ အမျိုးသမီးများနှင့် အိမ်ထောင်ချပေးမည်ဟု ကတိပြုသောကြောင့် တရုတ်နိုင်ငံသား ရာပေါင်းများစွာသည် ကိုးကန့်ရှိ BGF ကာစီနိုလုပ်ငန်းများမှ ထိုအလုပ်များကို လုပ်ကိုင်ရန် လိမ်လည်ခံကြရသည်။ ထိုသူများကို ခြိမ်းခြောက်ငွေဖြင့် ပြန်လည်ရွေးယူခိုင်းခြင်း သို့မဟုတ် ကမ္ဘောဒီးယားရှိ ရာဇဝတ်ဂိုဏ်းများသို့ ရောင်းစားခြင်းများ ပြုလုပ်ခဲ့ကြသည်။

**တရုတ်အမျိုးသားလုံခြုံရေးကို ထိပါး**

ကိုးကန့် BGF ဆွေမျိုးစုများ၏ လှုပ်ရှားမှုများသည် တရုတ်နိုင်ငံအတွက် ကသိကအောက် အနေအထားကို ဖြစ်စေသည်။

တဘက်တွင် ၎င်းတို့သည် ကိုဗစ်နိုင်တင်းတုံ့ပြန်ရေး၊ နယ်စပ်ကုန်သွယ်ရေး ပြန်လည်ဖွင့်လှစ်ရေးနှင့် အာဏာသိမ်းပြီးနောက် မြန်မာစစ်ကောင်စီနှင့် စီးပွားရေး အစီအစဉ်သစ်များ စတင်ရန် တရုတ်အစိုးရ အရာရှိများနှင့် ပူးပေါင်းဆောင်ရွက်နေကြသည်။

အခြားတဘက်တွင်မူ ထိုမိသားစုများသည် ပြည်မကြီးမှ တရုတ်နိုင်ငံသားများကို သားကောင်အဖြစ် သဘောထားသည့် ဒေါ်လာသန်း ဘီလီယံချီသော ရာဇဝတ်မှု ကွန်ရက်တွင် ဂိုဏ်းချုပ်များ ဖြစ်နေကြသည်။ ထိုသို့ လုပ်ဆောင်ခြင်းကြောင့် တရုတ်နိုင်ငံတဝှမ်းတွင် ဖြို့ခွဲနေသည့် နယ်စပ်ဖြတ်ကျော် လောင်းကစားမှုနှင့် လိမ်လည်မှု တိုက်ဖျက်ရေးကို ထိခိုက်စေပြီး ပြည်ပရောက် တရုတ်နိုင်ငံသားများကို ကာကွယ်ရန် တရုတ်နိုင်ငံ၏ အားထုတ်မှုများကို လျောင်ပြောင်လိုက်ရာလည်း ရောက်နေသည်။

*ရာဇဝတ်မှုများကို ပြတ်သားသည့် ရပ်တည်မှု ချမှတ်ထားသော်လည်း တရုတ်အစိုးရသည် စစ်ကောင်စီကို ထောက်ခံရန်နှင့် မြန်မာနိုင်ငံတွင် တရုတ်၏ အဆက်အသွယ်ထူထောင်ရေး ရင်းမြစ်များကို နေရာချသည့် နည်းလမ်းတခုအဖြစ် အခြားနည်းလမ်းကို ရှုမြင်နေပါသလား*

ထိုအခြေအနေကြောင့် အရေးပါသော မေးခွန်းတခု ပေါ်ပေါက်လာသည်။ ရာဇဝတ်မှုများကို ပြတ်သားသည့် ရပ်တည်မှု ချမှတ်ထားသော်လည်း တရုတ်အစိုးရသည် စစ်ကောင်စီကို ထောက်ခံရန်နှင့် မြန်မာနိုင်ငံတွင် တရုတ်၏ အဆက်အသွယ်ထူထောင်ရေး ရင်းမြစ်များကို နေရာချသည့် နည်းလမ်းတခုအဖြစ် အခြားနည်းလမ်းကို ရှုမြင်နေပါသလားဆိုသည့် မေးခွန်းပင်ဖြစ်သည်။

ယခု ထင်ရှားလာသော အချက်တခုမှာ ကိုးကန့်BGF သည် မြန်မာစစ်အုပ်စု၏ ဒီမိုကရေစီကို တိုက်ခိုက်မှုတွင် ပြတ်ပြတ်သားသား အကျိုးခံစားရသူများ ဖြစ်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။

*(United States Institute of Peace တွင် ဖော်ပြထားသော Priscilla A. Clapp နှင့် Jason Tower တို့၏ The Myanmar Army's Criminal Alliance ကို ဘာသာပြန်ဆိုသည်။)*

https://burma.irrawaddy.com/article/2022/03/24/250813.html

---------------------------------------------------------------------------------------------------------------

## နိုင်ငံတဝန်း ရွေးကောက်ပွဲကျင်းပနိုင်ရန် ကြိုးစားနေဟု အာဏာသိမ်းစစ်ကောင်စီပြော

Published By DVB | 24 March, 2022

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ဖို့အတွက် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို တနိုင်ငံလုံးကျင်းပပေးမယ်လို့ ရွေးကောက်ပွဲအကြောင်းပြ အာဏာသိမ်းခဲ့တဲ့ စစ်ကောင်စီရဲ့ ပြန်ကြားရေးဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက မတ်လ ၂၄ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

"ရွေးကောက်ပွဲကို လုပ်နိုင်တဲ့နေရာမှာ လုပ်မယ်။ မလုပ်နိုင်တဲ့နေရာမှာ မလုပ်ဘဲ ချန်ထားရင် ဒီမိုကရေစီနဲ့ အထွေထွေရွေးကောက်ပွဲရဲ့ အနှစ်သာရတွေ ယုတ်လျော့ကုန်မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ လာမယ့် ရွေးကောက်ပွဲမှာ တနိုင်ငံလုံး အကြားအလပ်မရှိ ကျင်းပနိုင်ဖို့ ကြိုးစားဆောင်ရွက်နေတယ်လို့ အသိပေးပြောကြားလိုပါတယ်။"

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံရေးပါတီတွေ တွေ့ဆုံပြီးနောက် နောင်လာမယ့် ရွေးကောက်ပွဲတွေကို စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ရမယ့် ကိုယ်စားလှယ်အရေအတွက် မပြောင်းလဲဘဲ မဲဆန္ဒနယ်တွေ ပိုင်းခြားသတ်မှတ်ပြီး ရွေးကောက်တင်မြှောက်ရမယ့် ကိုယ်စားလှယ်ဦးရေ သတ်မှတ်မယ်လို့ ဆိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ၆ ခုက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁ ဦးစီ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာ သတ်မှတ်ချက်နဲ့အညီ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ၁ ဦးစီ ရွေးကောက်တင်မြှောက်တာမှာ အရင်ကျင့်သုံးခဲ့တဲ့ FPTP စနစ်ကို ကျင့်သုံးဖို့ ဘုံသဘောတူညီခဲ့တဲ့တယ်လို့လည်း အာဏာသိမ်းစစ်ကောင်စီရဲ့ ရွေးကောက်ပွဲကော်မရှင်က ဒီနေ့သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

ရွေးကောက်ပွဲပြုလုပ်ဖို့အတွက် မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းတွေကို ပြုစုနေတာမှာ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ ပြီးစီးခါနီးပြီလို့လည်း ဆိုပါတယ်။

နိုင်ငံရေးပါတီ ၉၂ ပါတီရဲ့ စာရင်းတွေကို စစ်ဆေးတာမှာ ၂၀၂၂ ခုနှစ်၊ မတ်လထိ ၈၃ ပါတီ စစ်ဆေးပြီးဖြစ်ကာ စစ်ဆေးဖို့ ကျန်တဲ့ပါတီတွေကို ဥပဒေအရ အရေးယူသွားမယ်လို့ ရွေးကောက်ပွဲကော်မရှင်က ပြောပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲစာရင်းမှားတယ်လို့ အကြောင်းပြပြီး စစ်တပ်က အာဏာသိမ်းခဲ့တာ ဖြစ်ပါတယ်။ စစ်ကောင်စီက ကျင်းပဖို့ စီစဉ်နေတဲ့ လာမယ့် ရွေးကောက်ပွဲမှာ မဲစာရင်းတွေ ဘယ်လောက်မှန်ကန်မှုရှိမလဲဆိုတာ စစ်ကောင်စီက အာမခံချက် မပေးနိုင်သေးလို မဲစာရင်းတွေ မှာခဲ့မယ်ဆိုရင် ဘယ်လိုတာဝန်ယူ တာဝန်ခံမှုရှိမယ်ဆိုတာ မသိရသေးပါဘူး။

https://burmese.dvb.no/archives/524002

----------------------------------------------------------------------------------------------------------------

## ရိုဟင်ဂျာ လူမျိုးတုံး သတ်ဖြတ်မှုမရှိ၊ စစ်သည်တဦးချင်းတဖွဲ့ချင်း မှားယွင်းမှုရှိနိုင်ဟု ဗိုလ်ချုပ် ဇော်မင်းထွန်းပြော

Published By DVB | 24 March, 2022

တပ်မတော်အနေနဲ့ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်ခဲ့တယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောဆိုခဲ့တဲ့အပေါ် စစ်ကောင်စီ ပြန်ကြားရေး ဒုဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းက မတ်လ ၂၄ ရက် ဒီကနေ့ နေပြည်တော်သတင်းစာရှင်းလင်းပွဲမှာ ငြင်းဆိုလိုက်ပါတယ်။

လူမျိုးတုံးသတ်ဖြတ်မှု မရှိပေမဲ့ တာဂန်ထမ်းဆောင်တဲ့နေရာမှာ စစ်သည်တဦးချင်းစီအနေနဲ့၊ အစုအဖွဲ့အငယ်တွေအနေနဲ့ မှားယွင်းတာမျိုး ရှိကောင်းရှိနိုင်ပြီး ဒါတွေနဲ့ပတ်သက်လို့လည်း တရားဥပဒေအရ အရေးယူဆောင်ရွက်ပြီးဖြစ်တယ်လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောပါတယ်။

မြန်မာစစ်တပ်ဟာ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှုနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကျူးလွန်ခဲ့တယ်လို့ အမေရိကန်အစိုးရက အတည်ပြုသတ်မှတ်လိုက်တဲ့ အကြောင်း အမေရိကန်နိုင်ငံခြားရေးဂန်ကြီး အန်တိုနီဘလင်ကန်က မတ် ၂၁ ရက်နေ့က ပြောကြားခဲ့တာပါ။

ဒါနဲ့ပတ်သက်ပြီး ဒုတိယဂန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက “တပ်မတော်တရပ်လုံးအနေနဲ့ ဂျီနိုဆိုက် ကျူးလွန်ခဲ့တာမရှိဘူး။ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခဲ့တာ မရှိဘူး။ ရှိစရာလည်း အကြောင်းမရှိဘူး။”လို့ပြောပါတယ်။

အခုလို အမေရိကန်ရဲ့ ကြေညာချက်နဲ့ပတ်သက်ပြီး စစ်ကောင်စီအနေနဲ့ လုပ်စရှိတာ ဆက်လုပ်သွားမယ်လို့လည်း ပြောပါတယ်။

“ကျနော်တို့ လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်စရာရှိတာပဲလုပ်မယ်၊ ကန့်ကွက်စရာရှိတာ ကန့်ကွက်မယ်။ ရပ်တယ်စရာရှိတာ ရပ်တည်မယ်။ အဲဒါကို ဂရုစိုက်ပြီး လုပ်နေလို့ရှိရင်တော့ လုပ်စရာအလုပ်တောင် ရှိမှာမဟုတ်ဘူး။ ဒါကြောင့် ကျနော်တို့အနေနဲ့ ရပ်တည်သွားမှာကတော့ ပြည်တွင်းအင်အားကို ခိုင်မာအောင်လုပ်မယ်၊ ပြည်တွင်းအင်အားကို တည်ဆောက်မယ်။ ဒါနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်သွားမယ်” လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောပါတယ်။

တပ်မတော်အနေနဲ့ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်ခဲ့တာမရှိဘူးလို့ ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ စစ်ကောင်စီနိုင်ငံခြားရေးဌာနကလည်း ထုတ်ပြန်ကြေညာထားပါတယ်။

မြန်မာစစ်တပ်ဟာ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခဲ့တယ်ဆိုပြီး ဂမ်ဘီယာနိုင်ငံကလည်း မြန်မာနိုင်ငံကို တရားစွဲထားပါတယ်။

https://burmese.dvb.no/archives/524012

-----------------------------------------------------------------------------------------------------------

## စစ်တပ်က ကျူးလွန်တဲ့ ရာဇဝတ်မှု အစီရင်ခံစာ Fortify Rights အဖွဲ့ ထုတ်ပြန်

2022.03.24

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင် မုံရွာမြို့မှာ ငြိမ်းချမ်းစွာဆန္ဒပြနေသူများကို စစ်ကောင်စီတပ်က အကြမ်းဖက်ရိုက်နှက်ဖမ်းဆီးစဉ် AFP Photo

နိုင်ငံတကာလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့တစ်ခုဖြစ်တဲ့ Fortify Rights အဖွဲ့က မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းပြီး ပထမခြောက်လအတွင်း အရပ်သားတွေအပေါ် စစ်တပ်ရဲ့ ကျူးလွန်မှုတွေနဲ့ ပတ်သက်လို့ "လုံခြုံရာအရပ် ကင်းမဲ့နေခြင်း" လို့ အမည်ပေး ထားတဲ့ အစီရင်ခံစာတစ်စောင်ကို မတ်လ ၂၄ ရက် ဒီနေ့ ထုတ်ပြန်ပါတယ်။

အာဏာသိမ်းပြီးနောက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်တဲ့ စစ်တပ်ဟာ မြန်မာနိုင်ငံမှာ လူပေါင်းများ စွာကို သတ်ဖြတ်တာ၊ ထောင်နဲ့ချီတဲ့လူတွေကို အကျဉ်းချ စနစ်တကျညှဉ်းဆဲပြီး နိုင်ငံရေးပြိုင်ဘက်တွေကို ကွပ်မျက်ခဲ့တယ်လို့ အဲဒီ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအတွက် မြန်မာစစ်တပ်ကို နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး (ICC) ကနေ အရေးယူတာအပါအဝင် လက်နက်ရောင်းချမှု ပိတ်ပင်တာနဲ့ ဝင်ငွေလမ်းကြောင်းတွေကို ဖြတ်တောက်တာတွေလုပ်ဖို့ နိုင်ငံတကာ အသိုင်းအဝိုင်းကို အစီရင်ခံစာမှာ တိုက်တွန်းထားပါတယ်။

ရန်ကုန်မြို့မှာ ဆန္ဒပြနေရင်း စစ်ကောင်စီရဲ့ ပစ်ခတ်ဖြိုခွင်းမှုကြောင့် ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့တဲ့ အသက် ၂၀ အရွယ် ကိုဖြိုးက စစ်ကောင်စီနဲ့ စစ်ကောင်စီရဲ့ဒေါက်တိုင်တွေကို အမြန်ဆုံးအရေးယူပေးဖို့ တောင်းဆိုပါတယ်။

**"သူတို့ကို အရေးယူတာဆိုရင် အဲဒီကောင်တွေနဲ့ ပတ်သက်တဲ့ဒေါက်တိုင်တွေ အကုန်လုံး ကို အမြန်ဆုံး အရေးယူလေ ပိုကောင်းလေပဲ။ ကျနော် စိတ်တိုင်းအရဆိုရင်တော့ အဲဒီ ကောင်တွေနဲ့ ပတ်သက်တဲ့ ခြေထောက်တွေကိုပဲ ကျနော် ဖြတ်ထားချင်တာ။ အခု လက်ရှိမှာ ကျနော် နေထိုင်နေရတဲ့ ဘဝက အဆင်မပြေတော့ဘူး။ ကျနော့်ကို ကျနော်သိ တယ်၊ အခုဆို ကျနော့်သားကို ကျနော် မူကြိုထား နေရပြီ၊တော်ရုံတန်ရုံ ကျောင်းကို သွားကြိုရတဲ့ အခါမှာ ကျနော့်အတွက် အဆင်မပြေတော့ဘူး။ ကျနော်က ဘာမှ လုပ်မရတော့တာ အဲတော့ ဆုတောင်းရုံ သက်သက်ပဲ လုပ်နိုင်တယ်၊ စစ်ကောင်စီနဲ့ ပတ်သက်တဲ့ဒေါက်တိုင်တွေ အကုန်ဖျက်ပြီး အမြန်အရေးယူနိုင်လေ ပိုကောင်းလေပဲ"**

ကိုဖြိုးဟာ ပြီးခဲ့တဲ့နှစ် မတ် လ ၁၀ ရက်နေ့က တောင်ဒဂုံမြို့နယ်ထဲက သစ်ဆိမ့်ကွေ့ မှတ်တိုင်နားမှာ ဆန္ဒပြနေရင်း စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေက ကျည်အစစ်နဲ့ ပစ်ခတ် ဖမ်းဆီးပြီးနောက် တစ်ပတ်ကြာတဲ့အထိ ဆေးကုမပေးလို့ ဘယ်ဘက်ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့ရပါတယ်။

ဒ့ါအပြင် စစ်တပ်က ဖမ်းဆီးပြီးနောက် အသက်ဆုံးရှုံးခဲ့တဲ့ မန္တလေးမြို့က ရတနာပုံ တက္ကသိုလ် ဘူမိဗေဒ ကျောင်းသား မောင်လင်းထက်ရဲ့ မိတ်ဆွေတစ်ဦးကလည်း နိုင်ငံ တကာကနေ စစ်တပ်ကို ထိထိရောက်ရောက် အရေးယူသင့်တာကြာပြီလို့ RFA ကို ပြောပါတယ်။

**"အရေးယူရမှာပေါ့ဗျာ။ အရေးယူသင့်တာကြာပြီဗျာ။ စနာတာနဲ့ ထောက်ထားနေ တာနဲ့တင် တစ်နှစ်ကျော်နေပြီ။ တကယ်တမ်း အရေးယူသင့်တာက လွန်ခဲ့တဲ့ တစ်နှစ် လောက်ကတည်းကိုက လုပ်သင့်တာဗျာ။ အဲတုန်းက (မောင်လင်းထက် သေတဲ့အချိန်) တစ်နိုင်ငံလုံးအတိုင်းအတာမှာ ၆၃ ယောက်ပဲ သေသေးတာ။ အခုဆို လူဘယ်လောက် သေသွားပြီလဲ။ သူတို့သာ အရေးယူခဲ့လို့ရှိရင် လူတွေ ဒီလောက်မသေဘူး။ ပျော့ညံ့ တာလား တွေဝေနေတာလား မသိပါဘူး"**

အသက် ၁၉ နှစ်အရွယ် မောင်လင်းထက်ဟာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ နဲ့ လမ်း ၉၀ က ကိုးလုံးတကာ ဘုရားအနီးမှာ ၂၀၂၁ ခုနှစ် မတ်လ ၁၁ ရက်နေ့က ဆန္ဒပြ နေတုန်း စစ်ကောင်စီတပ်ဖွဲ့ဝင်တွေရဲ့ ဖမ်းဆီးခြင်းခံလိုက်ရပြီး သေဆုံးခဲ့ရတာပါ။ ဒါပေမဲ့ မိသားစုက ရုပ်အလောင်းတောင် မြင်ခွင့်မရခဲ့ပါဘူး။

Fortify Rights အဖွဲ့ရဲ့ ဒီနေ့အစီရင်ခံစာမှာတော့ စစ်တပ်က အရပ်သားတွေအပေါ် ရာဇဝတ်မှုကျူးလွန်ဖို့ အဆင့်နှစ်ဆင့်နဲ့ စနစ်တကျဆောင်ရွက်ခဲ့တာဖြစ်တယ်လို့ ဖော်ပြပါတယ်။

ပထမအဆင့်မှာ စစ်အာဏာသိမ်းမှု ဆန့်ကျင်သူတွေနဲ့ ဆန္ဒပြသူတွေကို အသက်သေဆုံး တဲ့အထိ ပစ်ခတ်ဖြိုခွင်း တာဖြစ်ပြီး ဒုတိယအဆင့်ကတော့ ပဋိပက္ခကာလရှည်ဖြစ်ပေါ်ခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေအပြင် လက်နက် ကိုင်ပဋိပက္ခလုံးဝမရှိခဲ့တဲ့ တိုင်းဒေသတွေမှာပါ အရပ်သားတွေအပေါ် တိုက်ခိုက်တာလို့ ဆိုပါတယ်။

**"ဒီကျူးလွန်တဲ့ အကြမ်းဖက်အဖွဲ့ဟာ ရာဇဝတ်သားတွေဖြစ်တာမို့လို့ နိုင်ငံတကာ တရားစီရင်မှုနဲ့ အရေးယူဖို့အတွက် လုပ်ဆောင်ဖို့ လိုအပ်တယ်"**

ဒီအစီရင်ခံစာက ထောက်ပြသလို စစ်တပ်ကို နိုင်ငံတကာတရားစီရင်မှုနဲ့ အရေးယူဖို့ လုပ်ဆောင်ဖို့ လိုအပ်တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လူ့အခွင့်အရေးဝန်ကြီး ဦးအောင်မျိုးမင်းက ပြောပါတယ်။

**"ဒီအစီရင်ခံစာမှာ ဖော်ပြထားတဲ့ ဖြစ်ရပ်တွေ၊ ကျူးလွန်မှုတွေအားလုံးကို ကျနော်တို့ လည်း သက်သေပြုထားတာရှိပါတယ်။ အဲဒါ ကြောင့်မို့လို သူတို့တင်ပြချက်မှာ ပြော ဆိုထားတဲ့ လူသားမျိုးနွယ်တစ်ခုလုံးကို ထိခိုက်တဲ့ ချိုးဖောက်မှု ဆိုတာက မှန်ကန်တယ် ဆိုတာ ပထမဆုံးပြောလိုတယ်၊ တစ်ချိန်တည်းမှာပဲ သူတို့ထောက်ပြထားသလိုပဲ ဒီကျူးလွန်တဲ့ အကြမ်းဖက်အဖွဲ့ဟာ ရာဇဝတ်သားတွေဖြစ်တာမို့လို့ နိုင်ငံတကာ တရားစီရင်မှုနဲ့ အရေးယူဖို့အတွက် လုပ်ဆောင်ဖို့ လိုအပ်တယ်ဆိုတာ ထောက်ခံ ပါတယ်”**

NUG အစိုးရအနေနဲ့ စစ်ကောင်စီရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို မှတ်တမ်းတင် ထားသလို နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး (ICC) ကို တင်နိုင်ဖို့အတွက် ရောမစာချုပ်ကို လက်မှတ်ထိုးနိုင်ဖို့ ပြင်ဆင်နေတယ်လို့ ဦးအောင်မျိုးမင်းက ပြောပါတယ်။

ကရင်နီပြည်နယ် ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာမှာ ၂၀၂၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် စစ်လေယာဉ်နဲ့ ကြဲခဲ့တဲ့ ဗုံးတစ်လုံးကို တွေ့ရစဉ် (Photo: KNDF)

လွှတ်တော်အမတ်ဟောင်း ဦးရဲထွန်း ကတော့ ထိရောက်တဲ့နိုင်ငံတကာအရေးယူမှုတွေဟာ စစ်တပ်အာဏာ လက်လွှတ်ရမှသာ ဖြစ်လာနိုင်ခြေရှိတယ်လို့ သုံးသပ်ပါတယ်။

**“တပ်အတွက်က တကယ်လို့ အာဏာလက်လွှတ်ဖြစ်သွားရင် အထူးသဖြင့် ပြည်တွင်းမှာ ဖြစ်နေတဲ့ ပဋိပက္ခမှာ စစ်တပ်ဘက်က ရှုံးနိမ့်သွားလို့ရှိရင်တော့ ဒီအစီရင်ခံစာတွေ ကြောင့် ICC နိုင်ငံတကာခုံရုံးတို့ ဘာတို့ကို ရောက် သွားနိုင်တာပေါ့။ ပြီးခဲ့တဲ့သမိုင်းမှာ ပြန်ကြည့်လိုက်လို့ရှိရင် အဲဒီခုံရုံးတွေရောက်သွားပြီး နှစ်ရှည် ထောင်ကျတဲ့ ပုဂ္ဂိုလ်တွေ က သူ့ ပြည်တွင်းမှာ အာဏာ လက်လွှတ်ဖြစ်သွားလို့ပဲ”**

နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာ့အရေးကိစ္စကို နိုင်ငံတကာရာဇဝတ်ခုံရုံးကို လွှဲပေးနိုင်ရေးအတွက် လုံခြုံရေးကောင်စီကို ဖိအားပေးဖို့ ဒါမှမဟုတ် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုနဲ့ စစ်ရာဇဝတ်မှုတွေကို စုံစမ်းဖော်ထုတ်ပြီး စစ်ကောင်စီကို စွဲချက်တင်နိုင်ရေး နိုင်ငံတကာ အထူးရာဇဝတ်ခုံရုံးကို ဖွဲ့စည်းဖို့ Fortify Rights က အကြံပြုထားပါတယ်။

နိုင်ငံတကာအရေးယူမှုကို ချက်ချင်းမလုပ်နိုင်ဘူးဆိုရင် မြန်မာပြည်ဟာ ကာလရှည်တဲ့ စစ်အုပ်ချုပ်ရေးနဲ့ လက်နက်ကိုင်ပဋိပက္ခအပြင် အစုလိုက်အပြုံလိုက် ရာဇဝတ်မှု ကျူးလွန် တာတွေကို ကြုံတွေ့ရနိုင်တယ်လို့ အစီရင်ခံစာက ထောက်ပြထားပါတယ်။

ဒီအစီရင်ခံစာနဲ့ ပတ်သက်လို့ စစ်ကောင်စီရဲ့ သဘောထားသိနိုင်ဖို့ စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်း ကို မတ် ၂၄ ရက် ညနေပိုင်းအထိ ဖုန်းနဲ့ ဆက်သွယ်ခဲ့ပေမယ့် အကြောင်းမပြန်ပါဘူး။

https://www.rfa.org/burmese/news/myanmar-military-commit-war-crime-03242022070710.html

---

## KIO ဌာနချုပ်အနီး စစ်ကောင်စီ လက်နက်ကြီးများဖြင့် ပစ်ခတ်

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်။

ကချင်လွတ်လပ်ရေးအဖွဲ့ KIO ဌာနချုပ်ရှိရာ လိုင်ဇာမြို့ အနီးတဝိုက်ကို စစ်ကောင်စီတပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်ဟု KIO တာဝန်ရှိသူနှင့် လိုင်ဇာဒေသခံများက အတည်ပြုပြောသည်။

လိုင်ဇာမြို့နှင့်အနီးတဝိုက်ကို စစ်ကောင်စီက လက်နက်ကြီးများဖြင့် ၅ ချက်ထက်မနည်း ပစ်ခတ်ခဲ့သည်ဟု လိုင်ဇာဒေသခံတစ်ဦးက ပြောသည်။

လိုင်ဇာမြို့ခံတစ်ဦးက "မနက်၃ – ၄ နာရီလောက်က ပစ်တာဟုတ်တယ်။ ၅ ချက် ကြားတယ်လို့တော့ ပြောကြတယ်။ ကျနော်ကတော့ နှစ်ချက်ပဲ ကြားလိုက်တယ်။ နည်းနည်းဝေးလို့ ထင်တယ်။ တရုတ်ဘက်ခြမ်း ၂ လုံး ကျတယ်လို့ ပြောကြတယ်။ မြစ်ကြီးနား ၂၁ မိုင်ဂိတ် ပစ်ခံရလို့နေမှာပါ။ သူတို့ဘက်က အထိနာတိုင်း ဒီဘက်ကို လက်နက်ကြီးတွေ ပစ်နေကျပါ" ဟုပြောသည်။

မတ်လ ၂၃ ရက်နေ့၊ နံနက်ပိုင်း ၄ နာရီဝန်းကျင်အချိန်ခန့်မှ စတင်ပစ်ခတ်ခဲ့ပြီး လက်နက်ကြီး ၂ လုံးခန့် တရုတ် နိုင်ငံဘက်ခြမ်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်ဟု ဒေသခံများက ပြောသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ကချင်လွတ်လပ်ရေးအဖွဲ့ KIO သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူက "အသံတွေကြားတော့ အဲ့ဘက်ကျတယ်လို့ ခန့်မှန်းတာနေမှာပါ။ အသံတွေနားထောင်တော့ အဲ့ဘက်က ကျ တဲ့အသံတွေ ဖြစ်သွားတာ" ဟု ပြောသည်။

လိုင်ဇာဌာနချုပ်အနီး စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA တို့အကြား ယခုရက်ပိုင်း တိုက်ပွဲ ဖြစ်ပွားခြင်း တစ်စုံတစ်ရာမရှိဘဲ စစ်ကောင်စီဘက်က လက်နက်ကြီးများဖြင့် ပစ်ခတ်နေခြင်း ဖြစ်သည်ဟု သိရ သည်။

မတ်လ ၂၃ ရက်နေ့ နံနက်ပိုင်းက စစ်ကောင်စီက ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များ လိုင်ဇာဘက်ခြမ်း အပြင် တရုတ်နိုင်ငံဘက်ခြမ်းကိုလည်း နှစ်လုံးကျရောက်ပေါက်ကွဲခဲ့သည်ဟု သိရသည်။

ထို့အပြင် မတ်လ ၁၃ ရက်နေ့တွင်လည်း မြန်မာ-တရုတ်နယ်စပ် KIO ထိန်းချုပ်နယ်မြေတစ်ခုဖြစ်သည့် လိုင်စင် အထက်ဘက်ရှိ မဂါးယန် စစ်ရှောင်စခန်းအနီးတွင် စစ်ကောင်စီတပ်များနှင့် KIA တပ်များ ထိတွေ့တိုက်ပွဲများ ရှိခဲ့ ပြီး တရုတ်နိုင်ငံဘက်ခြမ်းသို့ လက်နက်ကြီးအချို့ ကျရောက် ပေါက်ကွဲမှုများရှိခဲ့သည်ဟု စစ်ရှောင်များက ပြော သည်။

၂၀၂၂ ခုနှစ် (ယခုနှစ်) ဇန္နဝါရီလ ထုတ်ပြန်ကြေညာချက်အရ တရုတ်အစိုးရက စစ်ကောင်စီတပ်နှင့် KIO ကို ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ကျင်းပချိန် တရုတ်နှစ်သစ်ကူးကာလအတွင်း နယ်စပ်ဒေသနှင့် တစ်နိုင်ငံလုံး စစ်ပွဲများ ရပ်တန့်ထားရန် တိုက်တွန်းချက်များရှိခဲ့သည်။

ထိုသို့ တိုက်တွန်းထားသော်လည်း ယခုလအတွင်း နယ်စပ်ဒေသတလျှောက် စစ်ကောင်စီဘက်က မကြာခဏ လက်နက်ကြီးများ ပစ်ခတ်မှုများ ရှိနေသည့်အပြင် ယခုလတွင်လည်း မင်္ဂလာယန်စစ်ရှောင်စခန်းအနီး နှစ်ဖက်ကြား ထိတွေ့မှုများ ရှိခဲ့သည်။

လတ်တလော ပစ်ခတ်မှုများနှင့်ပတ်သက်၍ တရုတ်နိုင်ငံဘက်ခြမ်းမှ တစ်စုံတစ်ခု ထုတ်ပြန်ပြောဆိုခြင်း မရှိသေးပေ။

https://www.nmg-news.net/2022/03/24/18259

----------------------------------------------------------------------------------------------------

## နေရပ်ပြန်သူ နှင့် မပြန်ရဲသေးတဲ့ ကချင်စစ်ဘေးရှောင်များ

24 မတ်၊ 2022 | ရဲ မွန်

ဖေဖော်ဝါရီလဆန်းက တိုက်ပွဲဖြစ်ပွားပြီးနောက် တောထဲမှာ ပုန်းရှောင်နေခဲ့ကြတဲ့ ပူတာအိုမြို့နယ် ဆွမ်ပီယန် နဲ့ အင်စီယန်ကျေးရွာတွေက ဒေသခံကျေးရွာသားတွေဟာ ကချင် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့နဲ့ ဘာသာရေး၊ နိုင်ငံရေးအဖွဲ့တွေ ကြားဝင်ညှိနှိုင်းပေးတာကြောင့် နေရပ်ပြန်လာကြပြီဖြစ်ပါတယ်။ လုံရှာယန်ရွာက တိမ်းရှောင်သူတွေ နေရပ်ပြန်နိုင်ဖို့ ညှိနှိုင်းတာတွေရှိပေမဲ့ အတော်များများက တိုက်ပွဲတွေ ထပ်မံဖြစ်ပွားမှာစိုးရိမ်တာကြောင့် မပြန်သေးကြောင်း ဒေသခံတွေက ပြောပါတယ်။ ရန်ကုန်ကလာတဲ့ ဒီသတင်းကိုရဲမွန် က တင်ပြထားပါတယ်။

ဖေဖော်ဝါရီ၁ရက်နေ့က ပူတာအိုမြို့နယ်အတွင်းက တပ်စခန်းတွေကို KIA နဲ့ PDF ပူးပေါင်းတပ်တွေက ပူးပေါင်းတိုက်ခိုက်ခဲ့ကြပြီး ၃ရက်နေ့မှာ စစ်ကောင်စီဘက်က လေကြောင်းက တိုက်ခိုက်ခဲ့တဲ့နောက် ဆွမ်ပီယန်၊ အင်စီယန်နဲ့ လုံရှာယန်ကျေးရွာက ဒေသခံ ၃၀၀ ကျော်ဟာ တောတောင်တွေအတွင်းကို ပုန်းရှောင်ခဲ့ရတာပါ။

ဒီရက်ပိုင်းမှာတော့တိုက်ပွဲတွေ ငြိမ်သက်လာတာနဲ့ ရိက္ခာအခက်အခဲဖြစ်လာတာကြောင့် စစ်ပြေးဒုက္ခသည်တွေ နေရပ်ပြန်နိုင်ရေးအတွက် မြစ်ကြီးနား ခရစ်ယာန်ကောင်စီ၊ ကချင်အတိုင်ပင်ခံကောင်စီနဲ့ PCG ခေါ် ကချင်ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေက ကြားဝင် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

အင်္ဂါနေ့ မနက်ပိုင်းမှာတော့ဆွန်ပီယန်နဲ့ အင်စီယန်ကျေးရွာက တောအတွင်းတိမ်းရှောင်နေသူ ၃၀၀ကျော်လောက်ဟာ နေရပ်ပြန်လာပြီဖြစ်ကြောင်း PCG က ဦးလမိုင်ဂွမ်ဂျာက VOA ကို ပြောပါတယ်။

" မနေ့က ၂၂ရက်နေ့မှာ စုစုပေါင်း ၃၀၀ နဲ့မှ ၁၉ဦး ပေါ့လေ။ သူတို့ တောမှာ တိမ်းရှောင်နေတဲ့အဖွဲ့တွေ သူတို့ ပြန်ရောက်ပါပြီ။ အဲဒီ ပူတာအိုတို့ မြစ်ကြီးနားမှာ တိမ်းရှောင်နေတဲ့သူကတော့ ၈၀၀ကျော် ၉၀၀ လောက်ကျန်သေးတယ်။ ဒါတွေကတော့ မနက်ဖန်၊ သဘက်ခါဆို အားလုံးပြန်နိုင်ဖို့ ဆိုပြီးမှ ၂ဖက်ကို ညှိနှိုင်းထားတာတော့ ရှိတယ်ဗျ။"

ဖေဖော်ဝါရီလဆန်းက KIA က သိမ်းယူခဲ့တဲ့ ဆွမ်ပီယန်တပ်စခန်းကို စစ်ကောင်စီတပ်က မတ်လ ၃ရက်နေ့မှာ ပြန်လည်ထိုးစစ်ဆင်ပြီးနောက် သိမ်းယူခဲ့တာပါ။ ဒီလိုသိမ်းယူပြီး စစ်ကောင်စီတပ်က ဆွမ်ပီယန်ကျေးရွာတွေအတွင်းမှာ စခန်းချနေစဉ် နေအိမ်ရှိ ပစ္စည်းတွေ သိမ်းယူတာတွေရှိကြောင်းလည်း ဒေသခံတွေက ပြောပါတယ်။

ဆွမ်ပီယန်နဲ့ အင်စီယန်ရွာသားတွေ နေရပ်ပြန်ဖို့ဆောင်ရွက်နေချိန်မှာပဲ လုံရှာယန်ရွာက တောတောင်တွေထဲကို တိမ်းရှောင်နေသူတွေကိုလည်း မကြာမီ နေရပ်ပြန်နိုင်ဖို့ ညှိနှိုင်းခဲ့ကြောင်း ဦးလမိုင်ဂွမ်ဂျာက ဆက်ပြောပါတယ်။

" မနေ့ကပဲ ကျနော်တို့ သွားရောက် တွေ့ဆုံခဲ့ပါပြီ။ အဲဒီမှာလည်း တချို့က စိုးရိမ်လို့ပေါ့လေ။ အဲဒီမှာတော့ တိုက်ပွဲမဖြစ်ပေမဲ့လည်း ပတ်ဝန်းကျင် အနီးအနားမှာ တိုက်ပွဲဖြစ်တဲ့အခါကျတော့ ဟိုဘက်ကလည်း လက်နက်ကြီးနဲ့ထု၊ ဒီဘက်ကလည်းထုဆိုတဲ့အခါကျတော့ သူတို့မှာလည်း စိုးရိမ်မှုကြောင့်

တိမ်းရှောင်နေတာရှိတယ်။ တချို့ကတော့ ရွာမှာ ပြန်လာကြတယ်။ တချို့ပဲ ကျန်တော့တယ် အခု လောလောဆည်ကတော့။"

လုံရှာယန်ဒေသခံတစ်ဦးကတော့ တောတောင်တွေထဲမှာ တိမ်းရှောင်နေသူ ရာနဲ့ချီကျန်ရှိနေပြီး သူတို့တွေက တိုက်ပွဲထပ်ဖြစ်မှာကို စိုးရိမ်နေတာကြောင့်ဖြစ်တယ်လို့ ပြောပါတယ်။

" အိမ်မှာ ပြန်လာတဲ့သူလည်း ရှိတယ်။ တချို့က ပြန်လာတယ်။ တချို့က မပြန်လာသေးဘူး။ တော်တော်ကျန်သေးတယ်။ ရှိတယ်။ ရာဂဏန်းလောက် ရှိတယ်။ စစ်သားတွေ ပြန်လာရင် တိုက်ပွဲဖြစ်မလား ကြောက်လို့ပေါ့။ ဝါဒတ်က စစ်ကောင်စီတွေက ညမှာ ထွက်သွားတော့ ဘယ်ဘက် ထွက်သွားတယ်ဆိုတာ မသိလိုက်ဘူးတဲ့။ တောမှာပဲ နေသလား။ ဘယ်မှာ ရောက်သွားလဲ မသိဘူး။ အဲလိုမျိုးဟိုဘက်သွား၊ ဒီဘက်သွား ဆိုရင်တော့ တိုက်ပွဲဖြစ်မှာ ကြောက်လို့ ပေါ့ ကျနော်တို့က။ "

လုံရှာယန်ကျေးရွာဘက်မှာတော့ ပြီးခဲ့တဲ့ အပတ်က ဒေသခံ ၂၀၀၀ကျော်လောက် တောတောင်တွေထဲ တိမ်းရှောင်နေဆဲဖြစ်ကြောင်း ဒေသတွင်း လူမှုအသင်းအဖွဲ့တွေရဲ့ မှတ်တမ်းတွေအရ သိရပါတယ်။

ဒီရက်ပိုင်းတွေအတွင်း ပူတာအိုမြို့နယ်ဘက်မှာ တိုက်ပွဲတွေငြိမ်သက်နေပေမဲ့ ကချင်ပြည်နယ်က မြစ်ကြီးနား၊ ဟိုပင်နဲ့ ရွှေကူမြို့နယ်တွေမှာတော့ တိုက်ပွဲတွေ ဆက်လက် ဖြစ်ပွားနေပါတယ်။

https://burmese.voanews.com/a/putao-kachin-refugees/6498021.html

-----------------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ် ထွက်ခွာမှုမရှိပါက ညှိနှိုင်းရေးလမ်းကြောင်းသွား၍မရဟု စစ်ကောင်စီစာပို့မှုအပေါ် KNU တုန့်ပြန်

**မတ်လ ၂၄ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**

ကေအဲန်ယူ ထိန်းချုပ်သည့် နယ်မြေများတွင် စစ်ကောင်စီတပ်ဖွဲ့များ နောက်ဆုတ်ထွက်ခွာခြင်း မလုပ်ဆောင်ပါက ညှိနှိုင်းရေးလမ်းကြောင်းကို ဦးစွာသွား၍မရကြောင်း ကရင်ပြည်နယ် စစ်ကောင်စီမှဖွဲ့စည်းထားသည့် ဒေသညှိနှိုင်းရေးအဖွဲ့ထဲတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ပါဝင်ပူးပေါင်းသွားနိုင်ရန် စာပို့လာသည့်အပေါ် ကေအဲန်ယူဘက်က ပြန်လည်တုန့်ပြောပြောဆိုသည်။

အဆိုပါ ဒေသညှိနှိုင်းရေးအဖွဲ့ထဲတွင် ကေအဲန်ယူ ပါဝင်ပူးပေါင်းသွားရန်အတွက် စစ်ကောင်စီ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်မှ ဖားအံမြို့ရှိ KNU ဗဟိုနှင့် တပ်မဟာများ ဆက်ဆံရေးရုံးထံ မတ်လ ၂၃ရက်နေ့ ရက်စွဲဖြင့် အကြောင်းကြားစာပို့သည့်အပေါ် ကေအဲန်ယူ- နိုင်ငံခြားရေးဌာနတာဝန်ခံ ပဒိုစောတောနီးက ယခုလို ပြန်လည်တုန့်ပြန်ပြောဆိုလိုက်ခြင်းဖြစ်သည်။

၎င်းက "တွေ့ဆုံညှိနှိုင်းမှုလုပ်ချင်ရင် တစ်ခုခုလုပ်ရမယ်လေ။ သူတို့တပ်တွေ ကျနော်တို့ နယ်မြေက ထွက်ခွာပေးဖို့ ကျနော်တို့ ပြောတာတွေရှိတယ်။ ကျနော်တို့ ပြည်သူတွေကို သတ်ဖြတ်၊ နေအိမ်တွေကို မီးရှို့တယ်။ ဒီမနက်ပဲ ရွာတွေထဲမှာ သူတို့လက်နက်ကြီးနဲ့ပစ်ပြီး လူထုတွေသေရတယ်။ အဲဒါတွေကတော့ မရပ်ဘဲ အပစ်ရပ်ဖို့ အတွက်လာပြောရင် ဘာရည်ရွယ် ချက်နဲ့ လာပြောတာလဲပေါ့။ တစ်နိုင်ငံလုံးမှာ တိုက်ပွဲဖြစ်တယ်။ ကရင်ပြည်နယ် တစ်ကွက်ထဲတိုက်ပွဲဖြစ်တာမဟုတ်ဘူး။ တစ်နိုင်ငံထဲမှာအတူတူနေပြီး ဒီတစ်ကွက်ထဲပဲ ညှိနှိုင်းမှုလုပ်လို့ရမဘူးလေ" ဟု ကေအိုင်စီသို့ပြောသည်။

ပြည်နယ်အတွင်း အပစ်အခတ် မဖြစ်ပွားစေရေးအတွက် ဒေသအတွင်းညှိနှိုင်းရေးအဖွဲ့ကို စစ်ကောင်စီ လက်အောက်ခံ ကရင်ပြည်နယ်အစိုးရ အဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်သည့်အတွက် ၎င်းအဖွဲ့ထဲတွင် ကေအဲန်ယူအနေဖြင့် ပူးပေါင်းပါဝင်ရန်နှင့် ပါဝင်နိုင်မည့် အမည်စာရင်းပြန်လည်တင်ပြပေးရန် စစ်ကောင်စီ၏ အကြောင်းကြားစာတွင် ဖော်ပြထားသည်။

စစ်ကောင်စီ နယ်လုံအကြောင်းကြားစာပို့သည့်ကိစ္စနှင့်ပတ်သက်၍ ကရင်အမျိုးသမီးအစည်းအရုံး (KWO) အတွင်းရေးမှူးနော်ကညောဖောကလည်း"ဒီအချိန်မှာ ကျမတို့တိုင်းရင်းသားတွေအားလုံး စည်းလုံးရမယ်။ သူတို့နဲ့ သွားတွေ့ဆုံညှိနှိုင်းစရာအကြောင်းမရှိဘူး။ အပစ်ခတ်ရပ်ဖို့ ပြီးတော့ဘာလုပ်ပေးမလဲ ဆိုပြီးပြောမယ်။ တကယ်တော့ သူတို့ အင်အားကောင်းလာဖို့ သူတို့အကြံအစည်က အမြဲရှိတယ်။ ကျမတို့ ဒီလိုပြောတာက ငြိမ်းချမ်းရေးမလိုချင်လို့ပြောတာမဟုတ်ဘူး။ စစ်အာဏာရှင်အောက်က ငြိမ်းချမ်းရေးဆိုတာရှိလာမှာမဟုတ်ဘူး ကျမထင်တယ်"ဟု ပြောသည်။

ကရင်ပြည်နယ်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးများနှင့် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းများပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက်ဟုဆိုပြီး အဆိုပါ ငြိမ်းချမ်းရေးအထောက်အကူပြုကော်မတီကို ဖွဲ့စည်းကာ စစ်ကောင်စီခန့် ပြည်နယ်ဝန်ကြီးချုပ် စောမြင့်ဦးက ကော်မတီဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ကော်မတီဝင်ထဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်ပါဝင်သည့်အပြင် ပြည်နယ် နယ်လုံဝန်ကြီးက ကော်မတီအတွင်းရေးမှူးအဖြစ် တာဝန်ယူသည်ဟု သိရသည်။

၎င်းအပြင် ကော်မတီအဖွဲ့ထဲတွင် ကော့ကရိတ်၊ ဖားအံ၊ လှိုင်းဘွဲ၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်နှင့် သံတောင် မြို့များရှိ မြို့မိမြို့ဖအချို့လည်း ကော်မတီဝင်ထဲတွင် ထည့်ထားခြင်းရှိသည်ဟုလည်း ပြည်နယ် စစ်ကောင်စီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်/ဆက်၏ ထုတ်ပြန်ထားခဲ့သည့် သတင်းအရ သိရသည်။

https://kicnews.org/2022/03/စစ်ကောင်စီတပ်-ထွက်ခွာမှ/

---------------------------------------------------------------------------------------------------------------------------

**မော်ခီးစခန်းကို ပြန်သိမ်းရန် တက်လာသည့် စစ်ကောင်စီယာဉ်တန်းနှင့် KNLA ပူးပေါင်းတပ်အကြား တိုက်ပွဲပြင်းထန်နေ**

**မတ်လ ၂၄ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**

ပြီးခဲ့သည့် ရက်ပိုင်းက ကျသွားသည့်မော်ခီးစခန်းကို ပြန်လည်သိမ်းပိုက်ရန် တက်လာသည့် စစ်ကောင်စီ၊ နယ်ခြားစောင့်တပ်-BGF ပူးပေါင်းတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA ပူးပေါင်းတပ်ဖွဲ့များအကြား ယနေ့ ညနေပိုင်းမှစတင်ကာ အပြင်းအထန် တိုက်ပွဲဖြစ်ပွားလျက်ရှိသည်ဟု မြေပြင်သတင်းအရ သိရသည်။

စစ်ကူတက်လာသည့် စစ်ကောင်စီတပ်နှင့် BGF ပူးပေါင်းတပ် အင်အား ၂၀၀ခန့် ပါသော စစ်ယာဉ်တန်းနှင့် နယ်မြေခံ KNLA ပူးပေါင်းတပ်များအကြား ယနေ့ ညနေပိုင်းမှ ညဦးပိုင်းအထိ ဖလူးကျေးရွာနှင့် ဘုရားကုန်းနေရာများတွင် လက်နက်ကြီးလက်နက်ငယ်များဖြင့် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားနေသည်ဟု ဒေသတွင်းသတင်းအရင်းအမြစ်များထံမှ သိရသည်။

ဒေသတွင်း သတင်းအရင်းအမြစ်တစ်ခုက "ညနေပိုင်းကတည်းက ဖလူးမှာ စဖြစ်တယ်၊ သူတို့တပ်တွေ မော်ခီးစခန်းကို ပြန်သိမ်းဖို့ စစ်ကူတက်လာတာလို့ သိရတယ်၊ အရပ်သားအရပ်ဝတ်နဲ့ အရပ်သားကားတွေကို သုံးပြီး အင်အား ၂၀၀ လောက်ရှိတယ်လို့တော့ သိရတယ်။ ကရင်တပ်တွေက လမ်းကို ပိတ်ထားတယ်။ နှစ်ဖက်တိုက်ပွဲ ဖြစ်နေတာ အခု ည ၈နာရီကျော်တဲ့အထိ လက်နက်အကြီးအသေးပစ်နေတုန်းပဲ"ဟု ကေအိုင်စီသို့ ပြောသည်။

အဆိုပါ တိုက်ပွဲကြောင့် ထိုင်း-မြန်မာနယ်စပ် သောင်ရင်းမြစ်ဘေး စစ်ဘေးရှောင်နေရသည့် လေးကေ့ကော်ဒေသ စစ်ရှောင်ကျေးရွာ ၅ ရွာ ခန့်မှ စစ်ရှောင်အစုအဖွဲ့ ၇ စုအား တိုက်ပွဲနေရာ နီးကပ်လာပါက စခန်းစွန့်ခွာ စစ်ဘေးလွတ်ရာ ရှောင်ရှားကြရန် အသိပေးပြင်ဆင်ခိုင်းထားကြောင်း စစ်ရှောင်ကူညီသူများက ပြောသည်။

“စစ်ရှောင် မိသားစုတွေ ကိုတော့ နေရာပြောင်းဖို့ လိုမယ်ဆိုရင် ရွှေ့နိုင်အောင်တော့ အသင့်ပြင်ထားဖို့ အသိပေးထားတယ်၊ သူတို့လည်းတိုက်ပွဲ သံတော့ နားစွင့်ရင်း နေနေကြတယ်။” ဟု စစ်ရှောင်ကူညီရေးလုပ်ဆောင်နေသူတစ်ဦးက ပြောသည်။

မြဝတီခရိုင်၊ ဝေါလေမြို့နယ်ခွဲ၊ မောခီးကျေးရွာအခြေစိုက် စစ်ကောင်စီ ခြေလျင်တပ်ရင်း(ခလရ-၃၂) စခန်းကို ကရင်အမျိုးသားလွတ်မြောက် ရေး တပ်မတော်-KNLA ၂၀၁ တပ်ရင်းနှင့် ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDO)ပူးပေါင်းတပ်ဖွဲ့တို့က မတ်လ ၂၁ရက်နေ့ ညနေတွင် သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။

https://kicnews.org/2022/03/မော်ခီးစခန်းကို-ပြန်သိမ/

-----------------------------------------------------------------------------------------------------------

## လေးကေကော် -ဝေါလေ ဒေသဘက် တိုက်ပွဲ ၄ နေရာ ဖြစ်ပွားနေ

**မတ်လ ၂၄ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**

KNU -ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ ၆နယ်မြေ၊ မြဝတီတောင်ဘက် ဒေါန တောင်အရှေ့ခြမ်း လေးကေကော် – သေ့ဘောဘိုး -ဝေါလေ ဒေသဘက်သို့ စစ်ကောင်စီ စစ်ကူစစ်ကြောင်းများ အင်အားတိုးချဲ့လာသဖြင့် မတ်လ ၂၄ ရက် ယနေ့နံနက်ပိုင်းအထိ တိုက်ပွဲ ၄ နေရာ ဖြစ်ပွားနေ ကြောင်း စစ်ရေးသတင်းအရင်းအမြစ်များထံမှ သိရသည်။

“မနေ့က လေးကေကော်၊ မယ့်ထော်သလေး ဘက်ကနေ BGF ရော စစ်ကောင်စီတပ်တွေရော ပေါင်းထားတဲ့ အင်အား ၁၀၀ လောက်ပါတဲ့စစ်ကြောင်းက ကား၁၀ စီးကျော်နဲ့ နေ့ခင်းပိုင်းလောက်က ကဆောဝါးလေး တောင်ကြောလမ်းကနေ ဝေါလေဘက် ကနဲလေးဘက်ကို တက်ဖို့ လုပ်လာတာမှာ လမ်းက ဖြတ်ပိတ်ထားတော့ ညနေပိုင်းမှာ တိုက်ပွဲ ဖြစ်နေတာပေ့ါနော်၊ လေးကေကော် ရသေ့ဂူ ၊ ဗျူးပွိုင့် ပြတိုက်ကုန်း နဲ့ ဝေါလေ ကဆောဝါးလေးတောင် သုံးထပ်ကွေ့ ၊ ပဒူအုံ နေရာတွေ မှာ ဒီမနက် အထိပစ်နေတုန်းဘဲ၊ အထက် ဝေါလေ -သေ့ဘောဘိုး စစ်ကောင်စီစခန်းဘက် မှာလည်း တိုက်ပွဲ ဖြစ်နေတယ်၊ လက်နက်ကြီးက ပစ်ကူပေး နေတယ် ဆက်တိုက်ပဲ”ဟု စစ်ရေးသတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

အဆိုပါ ဖြစ်ပွားသည့် တိုက်ပွဲကြောင့် သေ့ဘောဘိုး၊ ဝေါလေ၊ ဥကရစ်ထာ့ ကျေးရွာ အုပ်စုများမှ ထောင်နှင့်ချီသော စစ်ဘေးရှောင်ဒေသခံပြည်သူများသည် အသက်ဘေးလွတ်မြောက်ရာသို့ ပြေးရှောင်နေကြဟု သိရသည်။

တပ်မဟာ ၆ ဒေသအတွင်း လေးကေကော် ၊ ဝေါလေ၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ် နှင့် မြဝတီမြို့ အနီးဝန်းကျင်အထိ တိုက်ပွဲများ နေရာစုံ ဆက်လက် ဖြစ်ပွားလာနေသည့်အတွက် ဒေသအတွင်း ဆက်သွယ် သွားလာရေး လမ်းကြောင်းများ ပြတ်တောက်သွားပြီဟု ဒေသခံ ရွာသားများက ပြောသည်။

လက်ရှိတွင် အဆိုပါ ဒေသတွင်းမှ စစ်ဘေးရှောင် ကျေးရွာ ၂၀ ခန့်မှ ဒေသခံများ တိုက်ပွဲလွတ်ရာ အိုးအိမ်စွန့်ခွာ ထွက်ပြေး ရှောင်တိမ်း နေရသူ လူဦးရေးနှစ်သောင်းနီးပါး အထိမြင့်တက်လာနေပြီး စားသောက်စရာ နေရာထိုင်ခင်း နှင့် ကျန်းမာရေး စောင့်ရှောက်မှု ဆေးဝါး အကူအညီများလိုအပ်နေကြောင်း ထိုင်း-မြန်မာ နယ်စပ် စစ်ဘေးရှောင်အရေး ကူညီနေသူများထံမှ သိရှိရသည်။

https://kicnews.org/2022/03/လေးကေကော်-ဝေါလေ-ဒေသဘက်-တ/

-----------------------------------------------------------------------------------------------------------

## မြဝတီမြို့နယ်အတွင်း တိုက်ပွဲများ ပြင်းထန်ဖြစ်ပွား

Published By DVB | 24 March, 2022

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ဖလူးကြီးကျေးရွာမှာ မတ် ၂၄ ရက် ညနေ ၆ နာရီခွဲလောက်က စစ်ကောင်စီတပ်နဲ့ KNLA ပူးပေါင်းတပ်တို့ တိုက်ပွဲပြင်းထန်ဖြစ်ပွားခဲ့တယ်လို့ ကေအန်ယူ သတင်းရင်းမြစ်ကနေ သိရပါတယ်။

စစ်ကောင်စီတပ်တွေ အင်အားဖြည့်တင်းပြီး နယ်မြေကျူးကျော် ဝင်ရောက်လာတဲ့အတွက် နှစ်ဘက် တိုက်ပွဲဖြစ်ပွားနေတာဖြစ်ပြီး စစ်ကောင်စီဘက်က လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်ခဲ့တယ်လို့ ဆိုပါတယ်။

ဖလူးကြီးကျေးရွာသားတစ်ဦးက "အခုလေးတင် တိုက်ပွဲဖြစ်တာ။ စစ်တပ်က လက်ကြီးတွေနဲ့ပါ ပစ်ခတ်နေတော့ တိုက်ပွဲကပြင်းထန်တယ်။ အနီးနားက ဒေသခံတွေက မနေ့ကတည်းက စစ်ကြောင်းဝင်လာတည်းက ကြိုတင်ပြေးကုန်ပြီ။ အခုကျန်နေတဲ့သူတွေလည်း မနေရဲလို့ပြေးကုန်ပြီ" လို့ ဆိုပါတယ်။

ဒီကနေ့ မနက်ပိုင်းကစတင်ပြီး အထက် ဝေါလေ -သေ့ဘောဘိုး စစ်ကောင်စီစခန်းတွေဘက်မှာ တိုက်ပွဲတွေဖြစ်ပွားနေသလို မွန်းလွဲ ၁ နာရီခွဲလောက်က ရသေ့ဂူအနီးမှာ KNLA ပူးပေါင်းတပ်တွေနဲ့ တိုက်ပွဲဖြစ်ပွားနေတယ်လို့ သိရပါတယ်။

ကရင်ပြည်နယ်အတွင်း အပစ်အခတ်တွေ မဖြစ်ပွားရေးအတွက် ဒေသတွင်း ညှိနှိုင်းရေးအဖွဲ့ဖွဲ့ထားပြီး ဒီအဖွဲ့မှာ ကေအန်ယူ ကရင်အမျိုးသားအစည်းအရုံး အနေနဲ့ ပူးပေါင်းပါဝင်ဖို့ စစ်ကောင်စီခန့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မတ် ၂၃ ရက်က တဖက်မှာ ကမ်းလှမ်းနေပြီး တဖက်မှာတော့ ကေအန်ယူနယ်မြေအတွင်း စစ်ကောင်စီတပ်တွေ အင်အားဖြည့်တင်း စစ်ရေးလှုပ်ရှားမှုတွေလုပ်လာနေလို့ နှစ်ဘက်တိုက်ပွဲတွေ ပြင်းထန်နေတာပါ။

https://burmese.dvb.no/archives/524025

------------------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ် လက်နက်ကြီးကျည် ရွာနေအိမ်ထဲကျရောက်ပေါက်ကွဲ၍ ဆက်ကျော်သက်အမျိုးသမီးငယ်တစ်ဦး သေဆုံး၊ ၃ ဦးအပြင်းအထန်ဒဏ်ရာရ

**မတ်လ ၂၄ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**

Photo: CJ

မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ နို့ဖိုး-ထီးမူးထာ ကျေးရွာအတွင်း ယနေ့ နံနက် ၅ နာရီကျော် အချိန်ခန့်တွင် စစ်ကောင်စီမှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အရပ်သား ဆယ်ကျော်သက် အမျိုးသမီးငယ်တစ်ဦး ထိမှန်သေဆုံးပြီး ကျန် ၃ဦးမှာ အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံ ကျေးရွာသားများက ကေအိုင်စီသို့ ပြောသည်။

နယ်မြေခံ ကရင်အမျိုးသားအစည်းအရုံး-KNU လက်အောက်ခံ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီအကြား ထိတွေ့တိုက်ပွဲ ဖြစ်ပွားပြီးနောက် စစ်ကောင်စီဘက်မှ လက်နက်ကြီးဖြင့် ကျေးရွာအတွင်း ပစ်မှတ်ထား တိုက်ခိုက်ခဲ့ရာ ထီးမူးထာ ဒေသခံ အသက် ၁၇ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦး နေအိမ်အတွင်း ရှိနေစဥ် ဦးခေါင်းထိမှန် သေဆုံးသွားပြီး ကျန်အမျိုးသမီးငယ်တစ်ဦးနှင့် လင်မယားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံ အမျိုးသမီးတစ်ဦးက ယခုလိုပြောသည်။

"အဲ့ကလေးမလေးက မနက်အစောကြီး ထမင်းထချက်တာ။ လက်နက်ကြီးက သူ့အိမ်တည့်တည့်ပဲကျလာပြီး ပေါက်ကွဲတော့ သူ့ခေါင်းကိုထိသွားတာ သေသွားရော။ သူ ထမင်းချက်တဲ့နေရာမှာ သွေးတွေချည်းပဲ။ သူ့အမေကတော့ ဆေးရုံပို့ပါသေးတယ်။ ဒီမှာက ဘယ်ဆေးရုံဆေးခန်းမှ မဖွင့်တော့ လမ်းမှာပဲ သေသွားတယ်။" ဟု ကေအိုင်စီ သို့ ပြောသည်။

Photo: CJ

ယနေ့ နံနက်အချိန်တွင် စစ်ကောင်စီမှ ၁၂၀ မမ ဖြင့် ၆ ချက်ခန့် လှမ်းပစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ အမျိုးသမီးငယ်တစ်ဦးအပြင် ကျန်အမျိုးသမီးတစ်ဦးမှာလည်း ဆီးအိမ်နှင့် ခါးကို ထိမှန်ထားကာ လတ်တလောတွင် သတိမေ့နေပြီး ကျန်လင်မယားနှစ်ဦးမှာ ခြေထောက်ထိမှန်ထားပြီး နေအိမ် ၂လုံးပါ ထိမှန်ခဲ့သလို ကားတစ်စီးလည်း ထိမှန်ပျက်စီးသွားကြောင်းလည်း အဆိုပါ ဒေသခံ အမျိုးသမီးက ဆက်ပြောသည်။

အဆိုပါ သေဆုံးသွားသော အမျိုးသမီးငယ်သည် ယမန်နေ့ မတ်လ ၂၃ ရက်နေ့တွင် အသက် ၁၇ နှစ်ပြည့်ခါစသာ ရှိသေးပြီး ကျောင်းသူတစ်ဦးလည်း ဖြစ်သလို အခြားဆီးအိမ်နှင့်ခါး ထိမှန်ထားသော နောက်ထပ် အမျိုး သမီးငယ်မှာလည်း ဆေးရုံဆေးခန်း မဖွင့်သောကြောင့် အောက်ဆီဂျင် ကျနေကာ စိုးရိမ်ရသည့် အနေအထားတွင်ရှိနေကြောင်းလည်း သိရသည်။

အဆိုပါ ဒေသ၌ စစ်ကောင်စီ နှင့် KNLA တပ်ဖွဲ့ဝင်များအကြား မကြာခဏ ထိတွေ့ တိုက်ပွဲ ဖြစ်ပွားလေ့ရှိပြီး ထိုသို့ ထိတွေ့မှုဖြစ်ပွားသည်နှင့် စစ်ကောင်စီဘက်မှ လက်နက်ကြီးများဖြင့် ပြန်လည် တုံ့ပြန် ပစ်ခတ်လေ့ ရှိကြောင်းလည်း ဒေသခံများက ဆိုသည်။

https://kicnews.org/2022/03/စစ်ကောင်စီတပ်-လက်နက်ကြီ/

-----------------------------------------------------------------------------------------------------------

## ကရင်နီစစ်ရှောင်များ စားနပ်ရိက္ခာ ပြတ်လပ်မည့် အခြေအနေ ရင်ဆိုင်နေရ

Published By DVB | 24 March, 2022

ကရင်နီ စစ်ရှောင်တွေ စားနပ်ရိက္ခာ ပြတ်တော့မယ့်အရေး ရင်ဆိုင်နေရသလို ကျန်းမာရေးပိုင်း ဆိုင်ရာမှာလည်း အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်။

ကရင်နီ(ကယား) ပြည်နယ်မှာ အခုနှစ်ဆန်း ဇန်နဝါရီလဆန်းပိုင်းကစပြီး လွိုင်ကော်မြို့ပေါ်အထိ တိုက်ပွဲတွေ ဖြစ်ပွားခဲ့သလို ဖေဖော်ဝါရီ ၁၅ ရက်နေ့ကနေ ဒီကနေ့အထိ မိုးဗြဲကနေ ဒီးမော့ဆိုမြို့နယ် အတွင်းပိုင်းအထိ နေ့စဉ်ရက်ဆက် တိုက်ပွဲတွေ ဖြစ်ပွားနေတဲ့အတွက် သိန်းနဲ့ချီတဲ့ စစ်ဘေးရှောင်တွေဟာ နေရာ ထပ်မံရွှေ့ပြောင်း နေထိုင်နေကြရပါတယ်။

အခုနှစ်ဆန်းပိုင်းက စတင်ဖြစ်ပွားတဲ့ တိုက်ပွဲတွေကြောင့် စစ်ရှောင်စခန်းတွေကို စားနပ်ရိက္ခာ ပေးပို့တဲ့ လမ်းကြောင်းတွေ ပိတ်ကုန်ပြီး လက်ရှိမှာ စစ်ရှောင်တွေဟာ အစားအစာ မျှဝေစားသောက်နေရတဲ့ အခြေအနေ ဖြစ်နေတယ်လို့ KSCC ရဲ့ စားနပ်ရိက္ခာဆိုင်ရာ စီမံမှု ပန်ကြားရေးအဖွဲ့ဝင်တဦးဖြစ်သူ ကိုဗညားက ပြောပါတယ်။

"ကျနော်တို့ရဲ့ ကွင်းဆင်းလေ့လာမှုအရ အိုင်ဒီပီစခန်း ကော်မတီတွေရယ်၊ အိုင်ဒီပီကိုယ်၌သော်လည်းကောင်း ဒီ အိုင်ဒီပီတွေနဲ့ နီးကပ်လျက်ရှိနေတဲ့ ကျေးရွာအုပ်စုက ရွာအကြီးအကဲတွေနဲ့ အရင်နှစ်ပတ်သုံးပတ်က လူထုတွေ့ဆုံမှု လုပ်တော့ သူတို့ အိုင်ဒီပီစခန်း အများစုက နှစ်ပတ်တကြိမ် သူတို့ စားနပ်ရိက္ခာဝေတယ်၊ ဒါပေမယ့် အခု နှစ်ပတ်တကြိမ် ဝေဖို့က စားနပ်ရိက္ခာတွေက တော်တော်လေးကို ပြတ်တောက်သွားတယ်ဆိုတာ ဖြစ်တယ်။ အဲတော့ အလွန်ကျွန်ဆုံးက ၁ လလောက်ပဲ ခံနိုင်ရည်ရှိမယ်ဆိုတာ ခန့်မှန်းရတယ်။ ဒီ ၁ လတောင်မှာ ဒီ အိုင်ဒီပီကို လက်ခံထားတဲ့ တချို့ကျေးရွာကနေ စပါးတွေ၊ ဆန်တွေ နည်းနည်းကျန်တာပေ့ါနော်။ အဲဒီဟာတွေနဲ့ မျှဝေစားသုံးရင်တောင်မှ ၁ လ၊ ၁ လခွဲ အလွန်ဆုံးပဲ။ အိုင်ဒီပီကိုယ်၌က ၁ လကတော့ မနည်းတောင့်ခံရမယ်။ ပုံမှန် လူထုတွေကတော့ ၁ လခွဲ ၂ လကတော့ တောင့်ခံနိုင်တဲ့ အခြေအနေတွေရှိတယ်။ ဒါပေမယ့် အိုင်ဒီပီကမ့်ပ် ဖြစ်မယ်ရင်တော့ ၁ လထက် ကျော်ပြီးတော့ တောင့်ခံနိုင်မယ့် အခြေအနေ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ စားနပ်ရိက္ခာဝေတဲ့ လမ်းကြောင်းတွေ အားလုံးက ပိတ်ခံရတယ်။ နောက်တပိုင်းက ပြည်နယ်မှာထွက်တဲ့ စားနပ်ရိက္ခာနဲ့ ပြည်နယ်မှာ စိုက်ပျိုးလို့ထွက်တဲ့ တောင်ယာစပါးတွေကလည်း တော်တော်များများ ကုန်သွားပြီ။"

စစ်ကြောင့် ကရင်နီပြည်နယ်မှာ လူပေါင်း ၁၂၈,၀၀၀ ကျော်အတွက် မဖြစ်မနေ စားနပ်ရိက္ခာပေးရမယ့် အနေအထားဖြစ်ပြီး တချို့ အရမ်းဆင်းရဲချို့တဲ့တဲ့ မိသားစုတွေလည်း စားနပ်ရိက္ခာ ဝေရမယ့် အနေအထား ဖြစ်နေပါတယ်။

အလားတူ ဆေးဝါးပိုင်းဆိုင်ရာမှာလည်း ပြတ်လပ်မှုတွေ ရင်ဆိုင်နေရပြီး အခု ကျေးရွာတော်တော်များများက ရွာလုံးကျွတ် နာစေးချောင်းဆိုး ကိုယ်ပူ ဖြစ်နေကြတယ်လို့လည်း ပြောပါတယ်။

"ဆေးဝါးက တော်တော်လေးတော့ ပြတ်လပ်မှုကို စကြုံရတာပေါ့နော်။ ဆေးဝါးမှာတဲ့လူ တအားများလာတယ်။ အခု စခန်းသွားတဲ့အချိန်မှာ ဆေးဝါးပြတ်လပ်မှုတွေ ကြုံရတယ်။ အရင်က အဝေးကနေ မှာရတယ်။ အရင် နှစ်ရက်သုံးရက် ရောက်တဲ့ဟာကို အခုက တပတ်နှစ်ပတ်ကြာတယ်။ ပြီးတော့ အခုက ရာသီတုပ်ကွေးနဲ့ ပိုဆိုးတာက အိုမီခရွန်ကလည်း ကျနော်တို့ဒေသမှာ အရင်လကတည်းက တော်တော့်ကို ပျံ့နှံ့မှုတွေ ရှိနေတယ်။ ကျနော်ကိုယ်၌လည်း အိုမီခရွန် ဖြစ်နေတယ်။ ဆိုတော့ မတတ်နိုင်တော့ဘူး။ ဆေးစစ်လည်း တွေ့မှန်းသိတယ်။ အဲတော့ အဲဒီဟာကို သက်သာဖို့အတွက် အကိုက်ခဲပျောက်ဆေးတွေ၊ ချောင်းဆိုးပျောက်ဆေးတွေ၊ ချွဲသလိပ်မကပ်ဲတဲ့ဆေးတွေ၊ ပုံမှန်စားသောက်နိုင်အောင်ပဲ ကြိုးစားတာပေါ့နော်။ ဆေးရုံဆေးခန်းကိုယ်၌ကလည်း အဲလိုပဲလုပ်နေတယ်။"

ပြီးခဲ့တဲ့အပတ်တွေက စစ်ကောင်စီက လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် စစ်ရှောင်အများစု အားထားရတဲ့ လိုဘာခိုဆေးရုံလည်း ပိတ်လိုက်ရပြီး ရှိနေတဲ့ ဆရာဝန်တွေကလည်း နိုင်ရာကိုယူပြီး နယ်လှည့်ပြီး ကုသပေးနေရတဲ့ အနေအထား ဖြစ်နေပါတယ်။

ဒီးမော့ဆိုမြို့နယ် ကုန်းသာကျေးရွာက စစ်ရှောင်သူတဦးက အခုရက်ပိုင်း အချိန်အခါမဟုတ် မိုးရွာမှုကြောင့်လည်း ထပ်ဆင့် အခက်အခဲ ကြုံနေရသလို ရေရှားပါးတဲ့ ပြဿနာအပြင် မိမိအိုးအိမ်တွေကို စိုးရိမ်ပူပန်ပြီး ကျန်းမာရေး ထိခိုက်လာမှုတွေလည်း ရှိနေတယ်လို့ ပြောပါတယ်။

"စစ်ရှောင်အများစုက ပြည်နယ်ကိုစွန့်ခွာပြီး ရှောင်ကြရတာ များတယ်ဗျ။ တချို့ကျတော့ စစ်ဇုန်နဲ့ဝေးတဲ့ နေရာမျိုးမှာ တဲထိုးပြီး နေကြရတယ်ပေါ့နော်။ ခုလို အချိန်အခါမဟုတ် မိုးရွာတော့ အခက်အခဲတွေ အများထဲက ထပ်ဆင့်အခက်အခဲတွေ အများကြီး ထပ်ကြုံနေကြရတယ်။ အရင်လို အလှူရှင်တွေလည်း သူတို့အတွက် သိပ်မပံ့ပိုးကြတော့ဘူးလေ။ ခုရက်ပိုင်း အရမ်းဖျားနာနေတာ အတော်တွေ့ရတယ်။ သောက်သုံးရေကအစ အဆင်မပြေကြတော့ဘူး။ တော်တော်များများက အာဟာရ ချို့တဲ့လာကြတယ်လေ။

စစ်ရှောင်တော်တော်များများက အိုးအိမ်တွေစွန့်ခွာပြီး ရှောင်ကြရတော့ တချို့က ကိုယ့်အိမ်တွေအတွက် စိုးရိမ်ပူပန်နေကြပြီး ကျန်းမာရေး ထိခိုက်လာတာလည်း ရှိတယ်ဗျ။"

ဒါ့အပြင် မနေ့ကလည်း ဒီးမော့ဆိုနဲ့ ဖရူဆိုကြား ထူးလွီးဘီလာကျေးရွာမှာ တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်က နေအိမ် ၅ လုံးကို မီးရှို့သွားခဲ့ကြောင်းလည်း ပြောပါတယ်။

၂၀၂၁ ခု မေလကစပြီး ကရင်နီ(ကယား) ပြည်နယ်မှာ စစ်ကောင်စီနဲ့ ဒေသခံ ကရင်နီ ပူးပေါင်းတပ်တို့အကြား တိုက်ပွဲတွေ စတင်ဖြစ်ပွားခဲ့ပြီး အဲဒီကတည်းကနေ ၂၀၂၂ ခု မတ်လ ၂၄ ရက်နေ့အထိ ကရင်နီပြည်နယ်တွင်း စစ်ရှောင်ရတဲ့ စစ်ဘေးဒုက္ခသည် ၂ သိန်းနီးပါး ရှိနေပြီလို့ ကရင်နီ လူမှုအဖွဲ့အစည်းတွေရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

https://burmese.dvb.no/archives/523943

---

## ချင်းပြည်နယ်ဘက် စစ်ရေးတင်းမာချိန် ဒေသခံ တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖွဲ့ကြား တိုက်ခိုက်

24 မတ်၊ 2022

စစ်ရေးတင်းမာနေတဲ့ ချင်းပြည်နယ်မှာ စစ်ကောင်စီတပ်နဲ့ ဒေသခံပြည်သူ့ကာကွယ်ရေး PDF ပူးပေါင်းအဖွဲ့တွေ တိုက်ပွဲဖြစ်နေ သလို ဒေသတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချင်းချင်းကြားမှာလည်း စစ်ရေးတင်းမာနေပါတယ်။ ချင်းပြည်နယ်ဘက်က စစ်ရေးအခြေအနေအကြောင်း ရန်ကုန်က ပေးပို့တဲ့သတင်းကို ကိုကျော်ကျော်သိန်းက တင်ပြပေးထားပါတယ်။

စစ်ကောင်စီတပ်တွေနဲ့ ချင်းဒေသခံကာကွယ်ရေးအဖွဲ့တွေ တိုက်ပွဲဖြစ်နေတဲ့ ချင်းပြည်နယ်ထဲက တွန်းဇံမြို့နယ်နဲ့ တီးတိန်မြို့နယ်ဘက်မှာ မတ်လ ၂၃ ရက်နေ့အထိ တိုက်ပွဲတွေဖြစ်နေပါတယ်။ တွန်းဇံမြို့နယ်ထဲက အထက်တန်းကျောင်းတခုမှာ စခန်းချထားတဲ့ စစ်ကောင်စီတပ်ဖွဲ့ကို PDF ပူးပေါင်းအဖွဲ့တွေက မတ်လ ၂၃ ရက် ဗုဒ္ဓဟူးနေ့မှာ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့တယ်လို့ PDF Zoland ပြန်ကြားရေးတာဝန်ခံက ပြောပါတယ်။

“မနေ့မနက်မှာတော့ တွန်းဇံဘက်မှာရှိတဲ့ မနက် (၄) နာရီလောက်ကလေ အထကကျောင်းမှာ စခန်းချထားတဲ့ စခန်းချတဲ့ဟာကို ကျနော်တို့ PDF တွေက သွားပြီးတော့ဝင်တိုက်တာပေါ့။ ကျောင်းမှာ ရဲနဲ့စစ်သားနဲ့ပေါင်းပြီးတော့ အယောက် (၂၀) လောက် စခန်းချထားတယ်ပေါ့။ စခန်းချတဲ့နေရာကို CDM Siyin နဲ့ပေါ့။ ထိခိုက်မှုကတော့ ကျနော်တို့ ခန့်မှန်းရခက်တယ်။ ထိခိုက်မှုရှိတယ်လို့ ကျနော်တို့ကနောက်မှတော့ပြန်ကြားတာပေါ့နော်။”

၁၀ တန်းစာမေးပွဲတွေမဖြေခင် ကျောင်းတွေနားထားချိန်ဖြစ်လို့ တိုက်ပွဲဖြစ်ချိန် ကျောင်းထဲမှာတော့ ကျောင်းသူကျောင်းသားတွေ မရှိဘူးလို့ပြောပါတယ်။

တွန်းဇံမြို့နယ်မှာ အခုလို ဒေသခံကာကွယ်ရေးအဖွဲ့နဲ့ စစ်ကောင်စီတပ်တွေ တိုက်ခိုက်နေကြသလို တီးတိန်မြို့နယ်ဘက်မှာတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချင်းချင်းကြား မနေ့က ပစ်ခတ်မှုဖြစ်ခဲ့ပါတယ်။

တီးတိန်မြို့နယ်ထဲက အိန္ဒိယနယ်စပ်အနီးမှာ ချင်းအမျိုးသားတပ်ဦး CNF ဂိတ်စခန်းတခုကို ဇိုမီ ZRA တပ်ဖွဲ့က မတ်လ (၂၃) ရက် ကြာသပတေးနေ့မှာ ဝင်ရောက်တိုက်ခိုက်ခဲ့တယ်လို့ PDF Zoland ပြန်ကြားရေးတာဝန်ခံတဦးက ပြောပြပါတယ်။

“လိုင်စင်းကျေးရွာအကျော်နားလေးမှာ CNF တွေရဲ့ဂိတ် သူတို့ဂိတ်စခန်းချထားတာတခုရှိတယ်။ အိန္ဒိယနယ်စပ်ကုန်သွယ်ရေး လမ်းပေါ်မှာပေါ့။ တီးတိန်နဲ့လိကြားမှာ လွယ်တန်ကြားစခန်းပေါ့။ အဲဒီမှာ သူတို့ ZRA က သွားပြီးတော့ အလစ်ဝင်ပြီးတော့ တိုက်တာ။ အလစ်ဝင်တိုက်တာဖြစ်တယ်။ အယောက် (၂၀) လောက်ဝင်တိုက်တယ်။ CNF ဘက်က တယောက်ကျတယ်ပေါ့။ တယောက်ကတော့ ရှောင်ပြေးတဲ့ပုံစံဖြစ်တယ်။”

ချင်းပြည်နယ်၊ တီးတိန်-တွန်းဇံမြို့နယ်ဘက် တိုက်ပွဲအခြေအနေနဲ့ပက်သက်လို့ သိရဖို့ စစ်ကောင်စီပြောခွင့်ရနဲ့ ချင်းအမျိုးသားတပ်ဦး CNF ပြန်ကြားရေးတာဝန်ရှိသူကို ဆက်သွယ်ခဲ့ပေမဲ့မရခဲ့ပါဘူး။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နေ့က လည်း အိန္ဒိယနယ်စပ်က Gawsing ဂေါ်စင်းရွာဘက်မှာ ဇိုမီးတော်လှန်ရေးအဖွဲ့ ZRA နဲ့ ချင်းအမျိုးသားတပ်ဦး CNF/CAN တို့ အကြား တိုက်ပွဲဖြစ်ခဲ့တာမှာ ရွာသားတွေ ထိခိုက်မှုရှိခဲ့ပါတယ်။ CNF နဲ့ ဇိုမီး ZRA တပ်ဖွဲ့တို့ကြား ရှိတဲ့ပဋိပက္ခဟာ နယ်မြေပိုင်ဆိုင်မှု လုတာကြောင့် ဖြစ်လာတဲ့ပြဿနာလို့ ချင်းနိုင်ငံရေးအကဲခတ်တဦးကပြောပါတယ်။

“တီးတိန်နဲ့တွန်းဇံကတော့ ZRA ကများ သူတို့နယ်မြေသတ်မှတ်ပြီးမှ တခုခုဖြစ်တာလားပေါ့နော်။ CNF ကတော့ NCA မှာ လက်မှတ်ထိုးတုန်းကတော့ တီးတိန်မြို့ထဲလည်း သူတို့စခန်းဆောက်မဲ့ ယူမဲ့နေရာတော့ပါတော့ပါတာပေါ့။ ဒါပေမဲ့အခု NCA တို့ ဘာတို့ကလည်း သိပ်ဟိုဟာမဖြစ်တော့ဘူးဆိုတော့။ ZRA ကလည်း သူတို့လည်း ကြာတော့ကြာပြီး။ ပြီးတော့ အဓိက သူတို့က တီးတိန် နဲ့တွန်းဇံကို ကာကွယ်ချင်တာပေါ့နော်။ အဲဒီပြဿနာလည်း ဖြစ်နိုင်ပါတယ်။”

အိန္ဒိယနိုင်ငံ၊ မဏိပူရ်ပြည်နယ်စပ်မှာအခြေစိုက်တဲ့ Zomi Revolutionary Army (ZRA) အဖွဲ့ဟာ စစ်ကောင်စီတပ်နဲ့ တိုက်ပွဲ ဖြစ်တာမရှိသလို NCAလက်မှတ်ထိုးနိုင်ဖို့ကြိုးစားနေတဲ့အဖွဲ့တခုဖြစ်ပြီး တီးတိန် တွန်းဇံမြို့နယ်ဘက်မှာလည်း အခြေပြုလှုပ်ရှားနေပါတယ်။

[https://burmese.voanews.com/a/myanmarmilitarycoup-chin-cnf-cna-zra-voaburmese-စစ္အာဏာသိမ္းမႈ-ခ်င္းျပည္နယ္-ၿငိမ္းခ်မ္းေရးပိုင္း/6499302.html](https://burmese.voanews.com/a/myanmarmilitarycoup-chin-cnf-cna-zra-voaburmese-စစ္အာဏာသိမ္းမႈ-ခ်င္းျပည္နယ္-ၿငိမ္းခ်မ္းေရးပိုင္း/6499302.html)

---------------------------------------------------------------------------------------------------------

## ရခိုင်ကစစ်ဘေးရှောင်စခန်းတွေကို အစိုးရဆန် ထောက်ပံ့မှုရပ်

၂၄ မတ် ၂၀၂၂

**ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ စစ်ဘေးရှောင်တွေကို အစိုးရက ပုံမှန်ထောက်ပံ့ပေးနေတဲ့ ဆန်ရိက္ခာတွေ ဆက်မရရှိတော့တဲ့အတွက် အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရတယ်လို့ စခန်းတာဝန်ရှိသူတွေက ပြောဆိုကြပါတယ်။**

တချို့စခန်းတွေဆိုရင် လူကယ်ပြန်ဌာနကနေတစ်ဆင့်ပေးနေတဲ့ အစိုးရရဲ့ဆန်ရိက္ခာတွေကို မရရှိတာ နှစ်လခန့်ရှိနေပြီဖြစ်တဲ့အတွက် အဲ့ဒီထောက်ပံ့မှုတွေကို အဓိကမှီခိုနေကြတဲ့ စစ်ဘေးရှောင်တွေရဲ့ စားရေးသောက်ရေးတွေကို ထိခိုက်မှုတွေ ရှိလာနေတယ်လို့ ဆိုပါတယ်။

အခုလို ထောက်ပံ့မှုတွေမရှိဘဲဖြစ်နေတဲ့ စခန်းတွေဟာ အစိုးရအသိအမှတ်ပြု စစ်ဘေးရှောင်စခန်းတွေဖြစ်ကြပြီး မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မြေပုံနဲ့ ရသေ့တောင်မြို့နယ်တွေက စခန်းတွေဖြစ်ကြတယ်လို့ သိရပါတယ်။

ရခိုင်က စစ်ဘေးရှောင်စခန်းတွေကို အစိုးရအပြင် ကမ္ဘာ့စားနပ်ရိက္ခာအစီစဉ် WFP နဲ့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ICRC တို့ကလည်း လူတစ်ဦးလျှင် တစ်လစာ ကျပ်ငွေ ၁၇၀၀၀ စီ ထောက်ပံ့ပေးနေပြီး အဲ့ဒီအထောက်အပံ့တွေကို စားရေးသောက်ရေးနဲ့ တစ်နေ့တာအသုံးစရိတ်တွေအဖြစ် မျှတပြီးသုံးစွဲနေကြရတာဖြစ်တယ်လို့ ဒုက္ခသည်တွေက ပြောဆိုကြပါတယ်။

လူကယ်ပြန်ဌာနက ဒုက္ခသည်တစ်ဦးအတွက် တစ်နေ့စာဆန်နှစ်ဘူးစီသာ ထောက်ပံ့ပေးနေတာဖြစ်ပြီး အဲ့ဒီဆန်ရိက္ခာတွေကို ပုံမှန်မရရှိဘဲဖြစ်ကြတာဖြစ်ပါတယ်။

ရခိုင်တစ်ပြည်နယ်လုံးက စစ်ဘေးရှောင်စခန်းတွေကို အစိုးရက ပုံမှန်ထောက်ပံ့ပေးနေတဲ့ ဆန်ရိက္ခာတွေကို ဆက်ပြီးရရှိကြမှာ မဟုတ်ကြောင်း အခုလ ၁၇ ရက်နေ့က လူကယ်ပြန်ဌာနက အကြောင်းကြားလာတယ်လို့ ပုဏ္ဏာကျွန်းမြို့နယ် အထက်မြတ်လေး စခန်းတာဝန်ခံ ဦးဖြူသာအောင်က ပြောပါတယ်။

"ကျွန်တော်တို့ ရိက္ခာအဖြတ်ခံရတာ နှစ်လနီးနီးရှိနေပြီ၊ ဘာကြောင့်လဲတော့မသိဘူး။ ပုံမှန်ဆိုရင် တစ်လချင်းထောက်ပံ့တယ်။ သုံးရက်နေ့ဆိုရင် ရောက်တာပါ။ အခုက နှစ်လပိုင်းမှာလည်း မရောက်၊ သုံးလပိုင်းလည်းမရောက်ဘူး ဖြစ်နေတယ်။ ရခိုင်တစ်ပြည်နယ်လုံး ဘယ်စခန်းမှ ရိက္ခာမရဘူးလို့ လူကယ်ပြန်ဌာနက ဒီလ ၁၇ ရက်နေ့က အကြောင်းကြားတာတော့ ရှိတယ်။ အခက်အခဲဖြစ်နေတယ်"လို့ စခန်းတာဝန်ခံ ဦးဖြူသာအောင်က ပြောပါတယ်။

စစ်ဘေးရှောင်တွေကို ရိက္ခာထောက်ပံ့မှုဖြတ်တောက်လိုက်တာနဲ့ပတ်သက်လို့ ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဦးသူရိန်ထွန်းကို ဆက်သွယ်မေးမြန်းခဲ့ပေမယ့် အဆက်အသွယ်မရရှိခဲ့ပါဘူး။

အခုလို အစိုးရရဲ့ထောက်ပံ့မှုတွေရပ်ဆိုင်းခံလိုက်ရတဲ့အတွက် နိုင်ငံတာအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့မှုတွေကိုပဲ အားကိုးနေကြရတော့မှာဖြစ်ပြီး WFP က ထောက်ပံ့ပေးတဲ့ လူတစ်ဦးတစ်လ ၁၇၀၀၀ ကျပ်နဲ့ လုံလောက်မှုမရှိပေမဲ့ အဲ့ဒီငွေနဲ့ပဲ ရုန်းကန်နေထိုင်ကြရမှာဖြစ်တယ်လို့ ဆိုပါတယ်။

တချို့စခန်းတွေဆိုရင် လွန်ခဲ့တဲ့နှစ်လလောက်ကစလို့ အစိုးရရဲ့ထောက်ပံ့ကူညီပေးမှုတွေကို ဖြတ်တောက်ခံထားရပြီး တချို့စခန်းတွေမှာတော့ အခုလကစလို့ ဖြတ်တောက်ခံလိုက်ရတာဖြစ်တယ်လို့ ရသေ့တောင်မြို့က ဒုက္ခသည်တွေကို အကူအညီပေးနေသူတစ်ဦးက ပြောပါတယ်။

အပိုဝင်ငွေရရှိရေးအတွက် အပြင်မှာထွက်ပြီးကြုံရာကျပန်းအလုပ်တွေကို ရှာဖွေလုပ်ကိုင်နေကြပေမဲ့ လတ်တလောမှာ အလုပ်အကိုင်တွေရှားပါးနေတဲ့အတွက် နေ့စဉ်ဝင်ငွေမရရှိသူတွေ များပြားနေတာကြောင့် မိသားစုစားဝတ်နေရေးတွေလည်း အခက်ကြုံနေကြရတယ်လို့ ဒုက္ခသည်တွေက ပြောဆိုကြပါတယ်။

စခန်းတွေမှာ ခိုလှုံနေထိုင်ကြတဲ့ စစ်ဘေးရှောင်တွေဟာ ပညာအရည်အချင်းနည်းပါးသူတွေဖြစ်ကြပြီး အပြင်ထွက် အလုပ်လုပ်တဲ့အခါမှာလည်း အလုပ်ကြမ်းတွေကိုသာ လုပ်ကိုင်နိုင်သူတွေဖြစ်တဲ့အတွက် သူတို့အတွက်နေ့စဉ်အလုပ်ရရှိဖို့ ဆိုတာကလည်း စိန်ခေါ်မှုတစ်ခုလို ဖြစ်နေပါတယ်။

ဒုက္ခသည်တစ်ဦးကို တစ်နေ့စာ ဆန်နှစ်ဘူးစီထောက်ပံ့ပေးတယ်လို့ သတ်မှတ်ထားပေမယ့် တကယ်တမ်း ဒုက္ခသည်တွေကို ဆန်တွေရောက်လာခဲ့တဲ့အခါမှာတော့ သတ်မှတ်နှုန်းထားအတိုင်းအမရရှိကြဘဲ ဖြတ်တောက်ခံရမှုတွလည်းရှိတယ်လို့ သူကပြောပါတယ်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်းကစလို့ ဒုက္ခသည်တွေကိုထောက်ပံ့ပေးတဲ့ ရိက္ခာတွေဟာ ယခင်နှစ်တွေကလို ပုံမှန်မရောက်တော့ဘဲ ကြန့်ကြာမှုတွေရှိနေခဲ့ရာကနေ အခုနောက်ပိုင်းမှာတော့ လုံးဝဖြတ်တောက်ခံလိုက်ရတာဖြစ်တယ်လို့ ဆိုပါတယ်။

"လွန်ခဲ့တဲ့လကလည်း ရက်ပေါင်း ၂၀ ကျော်မှရတယ်။ သူတို့ပြောတာက အရင်ကဆိုရင် ပြည်နယ်ကခွင့်ပြုချက်နဲ့ပေးတော့ မြန်တယ်။ အာဏာသိမ်းပြီးနောက်ပိုင်းမှာတော့ နေပြည်တော်ကိုခွင့်ပြုချက်တင်ရတယ်လို့ ပြောတယ်။ ဒါကြောင့်နောက်ကျတာလို့ပြောတယ်။ ဒီလမှာတော့ ရမယ့်အခြေအနေမရှိတော့ဘူး"လို့ ရသေ့တောင်မြို့နယ်က ဒုက္ခသည်စခန်းတွေကို အကူအညီပေးနေသူတစ်ဦးက ပြောပါတယ်။

အစိုးရရဲ့ရိက္ခာထောက်ပံ့မှုတွေကို အားကိုးပြီးတော့ ဆင်းရဲနွမ်းပါးတဲ့ မိသားစုတွေမှာ ရင်းနှီးသူတွေဆီကနေ ချေးယူငှားရမ်းပြီး စားသောက်ထားတာတွေကို ရိက္ခာရတဲ့အချိန်မှာ ပြန်လည်ပေးဆပ်ဖို့အတွက် မျှော်လင့်ထားကြပေမယ့် ရိက္ခာဖြတ်တောက်ခံလိုက်ရတာကြောင့် စားစရာမရှိတဲ့အပြင် အကြွေးတွေနဲ့ရင်ဆိုင်နေကြရတယ်လို့ ပြောဆိုကြပါတယ်။

ရသေ့တောင်မြို့ပေါ်က ဒုက္ခသည်စခန်းပေါင်း ၂၆ ခုမှာ လူဦးရေ ၆ ထောင်လောက်ခိုလှုံနေကြတာပါ။

အဲ့ဒီလူတွေဟာ ရသေ့တောင်မြို့နယ် မြောက်ပိုင်း တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့တဲ့နေရာတွေက ကျေးရွာသားတွေဖြစ်ကြပြီး လက်ရှိမှာ သူတို့နေထိုင်ခဲ့တဲ့ကျေးရွာအများစုမှာ စစ်ကောင်စီတပ်စခန်းတွေရှိနေသလို စစ်ကျန်လက်နက်ခဲယမ်းတွေ အန္တရာယ်တွေကြောင့် နေရပ်ပြန်ဖို့အခက်အခဲတွေရှိတဲ့သူတွေ ဖြစ်ကြပါတယ်။

ရခိုင်တစ်ပြည်နယ်လုံးမှာတော့ မြို့နယ်ပေါင်း ၁၁ မြို့နယ်အတွင်း အစိုးရအသိအမှတ်ပြု စစ်ဘေးရှောင်စခန်းပေါင်း ၁၇၀ ရှိပြီး အဲ့ဒီစခန်းတွေမှာ ခိုလှုံနေကြတဲ့ အိမ်ထောင်စုပေါင်း ၇ ထောင်လောက်ရှိနေတယ်လို့ အစိုးရရဲ့စာရင်းဇယားတွေအရ သိရပါတယ်။

လက်ရှိမှာ စစ်ကောင်စီတပ်တွေနဲ့ ရက္ခိုင့်တပ်တော်အေအေတို့အကြား တိုက်ပွဲတွေရပ်စဲနေတာ တစ်နှစ်ကျော်လာခဲ့ပြီဖြစ်တဲ့ အတွက် ဒေသတည်ငြိမ်မှုရရှိနေပြီဆိုကာ ရသေ့တောင်နဲ့ ကျောက်တော်မြို့နယ်တွေက ကျေးရွာငါးရွာကလွဲပြီး ကျန်တဲ့ကျေးရွာသားတွေဟာ နေရပ်ပြန်လို့ရပြီလို့ ပြည်နယ်ကောင်စီကဘက်က ပြောဆိုထားပါတယ်။

အမ်းမြို့ပေါ်မှာ ခိုလှုံနေကြတဲ့ စစ်ဘေးရှောင် ၁၄၀၀ လောက်ကိုလည်း အခုလ ၂၆/၂၇ ရက်နေ့တွေမှာ ပြန်လည်ပို့ဆောင်ပေးသွားဖို့ရှိနေပြီး ကျန်တဲ့မြို့နယ်တွေက စစ်ဘေးရှောင်တွေကိုလည်း စစ်ကောင်စီက နေရပ်ပြန်ကြဖို့ ပြောဆိုနေတဲ့အချိန်မှာ အခုလို ရိက္ခာဖြတ်တောက်မှုတွေကို စတင်လာခဲ့တာ ဖြစ်ပါတယ်။

ဒ့ါအပြင် စစ်ဘေးရှောင်စခန်းတွေဟာ နှစ်နှစ်ကျော်ကြာလာခဲ့တဲ့အချိန်မှာတော့ သူတို့ရဲ့ယာယီနေအိမ်တွေဟာ ယိုယွင်းပျက်စီးမှုတွေနဲ့ကြုံနေကြရပြီး နေအိမ်ပြန်လည်တည်ဆောက်ရေးအတွက်ကိုလည်း အကူအညီပေးဖို့လိုအပ်နေတဲ့ စခန်းတွေတော်တော်များများရှိနေတာဖြစ်ပါတယ်။

တချို့စခန်းတွေကိုတော့ နိုင်ငံတကာအဖွဲ့အစည်းတွေက နေအိမ်ဆောက်လုပ်ပေးတာတွေရှိနေပေမဲ့ စခန်းအများစုကတော့ ကိုယ်ထူကိုယ်ထဆောက်လုပ်နေထိုင်နေတဲ့စခန်းတွေဖြစ်ကြပါတယ်။

https://www.bbc.com/burmese/burma-60854939

--------------------------------------------------------------------------------------------------------------